# فتاوى الحج والعمرة والزيارة

# (للجمعية)

# ဟဂ်ျ၊ အွမ်ရာနှင့်

# ဇိယာရသ်ပြုလုပ်ခြင်းဆိုင်ရာ

# ဖသ်ဝါမွှသတ်ဆုံးဖြတ်ချက်များ၊

## ဟဂ်ျ၊ အွမ်ရာနှင့် ဇိယာရသ်ပြုလုပ်ခြင်းဆိုင်ရာ ဖသ်ဝါခမ္မသတ်ဆုံးဖြတ်ချက်များ၊ ဤသည် ဟဂ်ျ၊ အွမ်ရာပြုလုပ်သူများအတွက် အလွန်လိုအပ်သော ဖသ်ဝါခမ္မသတ်များဖြစ်သည်။[1]

ဘာသာစကားများဖြင့် အစ္စလာမ့်အကြောင်းအရာ ဝန်ဆောင်မှုအသင်း၏ ပညာရေးဆိုင်ရာ ကော်မတီ၊

## ၁။ အထွေထွေ ခမ္မသတ်ဆုံးဖြတ်ချက်များ၊

မေး။ ကျွန်ုပ်၏ ဖခင်သည် ဘဏ်မှ ချေးငွေရယူခဲ့ပါသည်။ သူသည် ထိုငွေဖြင့် အွမ်ရာပြုလုပ်ခွင့်ရှိပါသလား။

အဖြေ။ ဟဂ်ျ၊ အွမ်ရာအား မိမိအတွက်ဖြစ်စေ၊ အခြားသူကိုယ်စားဖြစ်စေပြုလုပ်ရန် ရည်ရွယ်သူသည် မိမိ၏ဟဂ်ျနှင့် အွမ်ရာအတွက် သန့်ပြန့်သည့် အသုံးစရိတ်ကိုသာ ရွေးချယ်ရန်လိုအပ်ပါသည်။ အကြောင်းမှာ အလ္လာဟ်အရှ

[1] ဤဖသ်ဝါခမ္မသတ်ဆုံးဖြတ်ချက်များအားတို တောင်းသည့် မေးခွန်းများနှင့်အတူ အဖြေများအား အခြေအနေအလိုက် လိုရင်းတိုရှင်းဖြင့် ဆော်ဒီနိုင်ငံရှိ ဖသ်ဝါခမ္မသတ်ထုတ်ပြန်ခြင်းဆိုင်ရာအမြဲတမ်း ကော်မတီ၏ ဖသ်ဝါပေါင်းချုပ်ကျမ်းမှ ကောက်နှုတ်ရွေးချယ်တင်ပြထားပါသည်။

င်မြတ်သည်   သန့်ပြန့်စင်ကြယ်တော်မူသောအရှင်ဖြစ်ပြီး သန့်ပြန့်စင်ကြယ်သည့်အရာကိုသာ လက်ခံတော်မူသည်။

ဘဏ်နှင့်အခြားနေရာတစ်ခုခုမှ အကျိုးအမြတ်ပေး ၍ ငွေချေးခြင်းမှာ အတိုးဖြစ်သည့်အတွက်ကြောင့် မပိုင်ပေ။ တမန်တော်မြတ် (ﷺ) သည် အ တိုးစားသူ၊ အတိုးပေးသူ၊ အတိုးနှင့်ပတ်သက်၍ ရေးမှတ်သူ၊ သက်သေခံသူများအ ပေါ် လအ်နသ် ကျိန်ဆဲတော်မူခဲ့ပြီး၊ "၎င်းတို့အားလုံးမှာ အ တူတူပင်ဖြစ်သည်"ဟု မိန့်ကြားတော်မူခဲ့သည်။ ဟရာမ် စားသုံးခြင်းသည်တောင်းဆုဒုအာများနှင့် အမလ်အိဗာဒ သ်များ လက်ခံခြင်းမခံရရန်အတွက်အကြောင်းခံတစ်ရပ် ဖြစ်သည်။ ချေးငွေ၌ အကျိုးအမြတ်တစ်စုံတစ်ရာ ပေးရခြ င်းမရှိလျှင် (အတိုးပေးရခြင်းမရှိလျှင်) ကိစ္စမရှိပါ။

ဖသာဝါ လဂ်ျနသွဒ် ဒါအိမဟ်၊ ဒုတိယစုစည်းမှု ( အတွဲ ၁၀ / စာမျက်နှာ ၃၅၃)

မေး။ မက္ကာဟ်မြို့မှ ရက်လေးဆယ်ကြာ ထွက်ခွါသွားသူ တစ်ဦးသည်၊ ယခင်က အွမ်ရာအကြိမ်ကြိမ် ပြုလုပ်ထား လျှင်လည်း အွမ်ရာ ထပ်မံပြုလုပ်ရန် တာဝန်ရှိသည်ဟုဆို ခြင်းမှာ မှန်ပါသလား။

ဖြေ။ အွမ်ရာပြုလုပ်ခြင်းသည် အရွယ်ရောက်ပြီး အသိဉာဏ်ရှိကာ တတ်စွမ်းနိုင်သူအပေါ်၌ တစ်သက်တွင် တစ်ကြိမ် ပြုလုပ်ရန် တာဝန်ရှိသည်။ တစ်ကြိမ်ထက်ပို၍ ပြုလုပ်ခြင်းမှာ စွန္နသ်သာလျှင်ဖြစ်သည်။ အွမ်ရာအား မည်သည့်အချိန်တွင်မဆို ပြုလုပ်နိုင်ပြီး ၎င်းအတွက် သီးသန့်အချိန်ကန့်သန့်ထားခြင်းမရှိပေ။

ဖသာဝါ လက်ဂျ်နသွ်သ် ဒါအိမဟ်၊ ဒုတိယစုစည်းမှု ( အတွဲ ၁၀ / စာမျက်နှာ ၂၀)

မေး။ တစ်နှစ်ပတ်လုံး မည်သည့်အချိန်၌မဆို အွမ်ရာပြုလုပ်ခွင့်ရှိပါသလား။

ဖြေ။ အွမ်ရာကို တစ်နှစ်ပတ်လုံး မည်သည့်အချိန်တွင်မဆို ပြုလုပ်ခွင့်ရှိသည်။ ဟဂ်ျလများ၌ပင် အွမ်ရာပြုလုပ်ခွင့်ရှိသည်။ အကယ်၍ ဟဂ်ျလများ၌ အွမ်ရာပြုလုပ်ပြီးနောက် ဟဂ်ျကိုလည်း ထိုနှစ်မှာပင် ပြု လုပ်ခဲ့လျှင် ၎င်းသည် သမသ်သို့ (အွမ်ရာနှင့် ဟဂ်ျကို အိဟ်ရာမ်တစ်ခုစီဖြင့်) ပြုလုပ်သူဖြစ်သည်။ အကယ် ၍ အွမ်ရာကို ဟဂ်ျနှင့်အတူတွဲ၍ ပြုလုပ်ခဲ့လျှင် ၎င်းသည် ကိရာန် (အွမ်ရာနှင့် ဟဂ်ျကို အိဟ်ရာမ်တစ်ခုတည်းဖြင့်) ပြုလုပ်သူဖြစ်သည်။ ဟဂ်ျသမ

သ်သုအ် ပြုလုပ်သူဖြစ်စေ၊ ဟဂ်ျကိရားန် ပြုလုပ်သူဖြစ်စေ အကယ်၍ ၎င်းသည် မတ်စ်ဂျိဒ်ဟရာမ် အနီးတဝိုက်တွင် နေထိုင်သူ မဟုတ်ပါက ကုရ်ဗာနီပြုလုပ်ရန်ဝါဂျိဗ်ဖြစ်သည်။ ဟဂ်ျပြုလုပ်သူသည် ဇိလ်ဟဂ်ျလတွင် အိုင်ယာမေသရ်ှရီက်ရက်များပြီးနောက် အွမ်ရာပြုလုပ်ခဲ့လျှင်လည်းပိုင်သည်။ ၎င်းအပေါ် ကုရ်ဗာနီပြုလုပ်ရန်တာဝန်မရှိပါ။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၃၁၆)

မေး။ လူတစ်ဦးသည် ဖရ်သွ်ဟဂ်ျမပြုမီအလျင် အွမ်ရာပြုလုပ်ခွင့်ရှိပါသလား။

အဖြေ။ ဟုတ်ကဲ့၊ လူတစ်ဦးသည် ဖရ်သွ်ဟဂ်ျမပြုမီအလျင် အွမ်ရာပြုလုပ်ခွင့်ရှိသည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် (ﷺ) နှင့် ဆွဟာဗဟ် သာဝကများသည် ဖရ်သွ်ဟဂ်ျမပြုလုပ်မီအလျင် အွမ်ရာပြုလုပ်ခဲ့သောကြောင့်ဖြစ်သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၃၁၈)

မေး။ တစ်နှစ်ထဲတွင် အွမ်ရာ အကြိမ်ကြိမ်ပြုလုပ်ခြင်း၏ အမိန့်မှာ မည်သို့ရှိပါသနည်း။

ဖြေ။ အမှန်ကန်ဆုံးအဆိုအရ တစ်နှစ်တာအတွင်း အွမ်ရာအကြိမ်ကြိမ်ပြုလုပ်ခွင့်ရှိသည်။ တမန်တော်မြတ် (ﷺ) မိန့်တော်မူသည်။

«العمرة إلى العمرة كفارة لما بينهما، والحج المبرور ليس له جزاء إلا الجنة»

"အွမ်ရာတစ်ကြိမ်နှင့် နောက်အွမ်ရာတစ်ကြိမ်၏ ကြားကာလ၌ ရှိသောအပြစ်အကုသိုလ်များသည် (အွမ်ရာပြုလုပ်ခြင်းကြောင့်) ပလပ်ပေးခြင်းခံရသည်။ ထို့ပြင် လက်ခံခြင်းခံရသော ဟဂ်ျ၏ အကျိုးရလဒ်မှာ ဂျန္နသ်သာလျှင်ဖြစ်သည်။" ဤဟဒီးဆ်၏ ဆွဟီးဟ်ဖြစ်ခြင်းအပေါ် ဟဒီးဆ်ပညာရှင်များအားလုံး ညီညွတ်ကြသည်။

ဖသာဝါ လဂ်ျနသ်ဒ ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၃၃၄)

***

မေး။ အချို့လူများသည် ဟဂ်ျသွားရာတွင် သမသ်သုအ်အွမ်ရာပြုလုပ်ပြီးနောက်၊ မိဘနှစ်ပါးအနက်တစ် ပါးအတွက် အွမ်ရာပြုလုပ်လိုပါက မည်သို့ပြုလုပ်ရမည်နည်း။

ဖြေ။ ဟဂ်ျသမသ်သုအ်ပြုလုပ်ရန်ရည်ရွယ်ချက်ဖြင့် အွမ်ရာအတွက် အဲဟ်ရာမ်ပြုသူသည် အွမ်ရာပြုပြီးနောက် ဟဂ်ျအချိန်ကာလရောက်သည်အထိ မက္ကဟ်တွင် နေထိုင်ပြီး ဟဂ်ျအတွက် အဲဟ်ရာမ်ပြု လုပ်ခြင်းမှာ ၎င်းအဖို့ အကောင်းဆုံးဖြစ်သည်။ ထို့အပြင် ဟဂ်ျမတိုင်မီ နောက်ထပ်အွမ်ရာများ ကိုအ ကြိမ်ကြိမ်အခါခါထပ်မံ၍ မပြုလုပ်သင့်ပါ။ ဟဂ်ျပြီးဆုံးပါက သန်အီးမ် သို့မဟုတ် အခြားသော ဟရမ်နယ်နမိတ်ပြင်ပနေရာများ (သို့ထွက်၍၎င်းမှအဲဟ်ရာမ်ပြုလုပ်ကာ) အွမ်ရာပြုလုပ်နိုင်သည်။ အ ကယ်၍ ဟဂ်ျအချိန်ကာလမတိုင်မီ ကွယ်လွန်သူဖခင်အတွက်ဖြစ်စေ၊ မိခင်အတွက်ဖြစ်စေ၊ အိုမင်းရင့်ရော်မှုကြောင့်မတတ်စွမ်းနိုင်သူများ၊ ပျောက် ကင်းရန် မဖြစ်နိုင်သော ရောဂါသည်များ (သို့မ ဟုတ်) အလားတူအခြေအနေရှိသူများအတွက် နောက်ထပ် အွမ်ရာတစ်ကြိမ်ထပ်မံ ပြုလုပ်ပါကလည်း ပြဿနာမရှိပေ။ ပြုလုပ်ခွင့်ရှိသည်။ တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်။

«العمرة إلى العمرة كفارة لما بينهما والحج المبرور ليس له جزاء إلا الجنة»

"အွမ်ရာတစ်ကြိမ်နှင့် နောက်အွမ်ရာတစ်ကြိမ်၏ ကြားကာလ၌ ရှိသောအပြစ်အကုသိုလ်များသည် (အွမ်ရာပြုလုပ်ခြင်းကြောင့်) ပလပ်ပေးခြင်းခံရသည်။ ထို့ပြင် လက်ခံခြင်းခံရသော ဟဂ်ျ၏ အ ကျိုးရလဒ်မှာ ဂျန္နသ်သာလျှင်ဖြစ်သည်။" ဤဟဒီးဆ်၏ ဆွဟီးဟ်ဖြစ်ခြင်းအပေါ် ဟဒီးဆ်ပညာရှင်များအားလုံး ညီညွတ်ကြသည်။

ဖသာဝ် လဂ်ျနသွ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၁၇)

***

မေး။ လူတစ်ဦးသည် အွမ်ရာ တစ်ကြိမ်ထက်ပို၍ ပြုလုပ်ပြီး၊ အွမ်ရာပြုလုပ်တိုင်း သန်အီးမ် သို့သွား၍ ထိုနေရာမှ အိဟ်ရာမ် ပြုလုပ်ပါက ထိုသူ၏ အမိန့်မှာ မည်သို့ရှိပါသနည်း။

ဖြေ။ မက္ကဟ်မြို့ကိုလာသောသူများအတွက် အချိန်ကာလအနည်းငယ်အတွင်း၌ အွမ်ရာကို အကြိမ်ကြိမ်အခါအခါပြုလုပ်ခြင်းသည် တမန်တော်မြတ် (ﷺ)၏ လမ်းစဉ်မဟုတ်သလို ကိုယ်တော်မြတ်၏ စွဟာဗဟ်သာဝကကြီးများကလည်း ထိုကဲ့သို့ မပြုလုပ်ခဲ့ကြပေ။ အကယ်၍ ထို

သို့ပြုလုပ်ခြင်းမှာ အကောင်းဆုံးဖြစ်ခဲ့မည်ဆိုပါက ၎င်းစွ ဟာဗဟ်ကြီးများသည် မုချ ထိုလုပ်ရပ်ကို အရင်ဆုံးပြုလု ပ်ခဲ့ကြမည်သာဖြစ်၏။ ထို့ကြောင့် မက္ကဟ်မြို့ကို ရောက်ရှိ လာပြီးနောက် မိမိ၏ ဟဂ်ျ သို့မဟုတ် အွမ်ရာကို ပြီးဆုံး အောင်ပြုလုပ်ခဲ့သူအဖို့ အထူးသဖြင့်များမြောင်စွာသွဝါဖ် လုပ်ခြင်း၊ ကုရ်အာန်ဖတ်ရွတ်ခြင်း၊ (နဖိလ်) ဆွလာသ်များ ဝတ်ပြုခြင်း၊ စွဒ်ကဟ်ပေးခြင်းစသည့် အခြားသောအိဗာဒ သ်များကို များစွာပြုလုပ်သင့်သည်။ အကယ်၍ (ထိုနည်း ပါးသည့် အချိန်အတွင်း၌ပင်) ကိုယ့်အတွက်ကိုယ် အွမ်ရာ ပြုလုပ်ခြင်းဖြစ်စေ၊ ကိုယ်စားအွမ်ရာပြုလုပ်ပေးခွင့်ရှိသူ များအတွက်ဖြစ်စေ၊ ဥပမာ ကွယ်လွန်သူများ၊ အသက်ကြီး ၍ သို့မဟုတ် ရောဂါကြောင့် ပြန်လည်ကျန်းမာရန် မျှော်လ င့်ချက်မရှိသော မတတ်စွမ်းနိုင်သူများအတွက် အွမ်ရာပြု လုပ် ပေးခြင်းသည် မိမိအတွက်နှင့်အခြားသူများအတွက် ပါ အကျပ်အတည်းမဖြစ်လျှင် ပမာအားဖြင့်လူစုလူဝေးအ ရမ်းပြည့်ကျပ်နေသည့်အချိန်များ၌ မဟုတ်လျှင် ထိုအခါ မျိုးတွင်ညအွမ်ရာပြုလုပ်ခွင့်ရှိပါ သည်။ ပြဿနာမရှိပေ။ တမန်တော်မြတ် (ﷺ) မိန့်သည်မှာ -

«العمرة إلى العمرة كفارة لما بينهما، والحج المبرور ليس له جزاء إلا الجنة»،
အွမ်ရာတစ်ကြိမ်နှင့်တစ်ကြိမ်ကြားကာလတွင်ရှိသည့် အပြစ်အကုသိုလ်များသည် (အွမ်ရာပြုလုပ်ခြင်းကြောင့်) ပလပ်ပေးခြင်းခံရသည်။ ထို့ပြင် (အလ္လာဟ်အရှင်မြတ်)လက်ခံထားသော ဟဂ်ျ၏ အကျိုးရလဒ်မှာ ဂျန္နသ်သာလျှင်ဖြစ်ပေသည်။ ထို့ပြင် အာအိရှဟ်သခင်မသည် ဟဂ်ျနှင့် အွမ်ရာပြုလုပ်ပြီးနောက် (အစတွင် သခင်မသည် အွမ်ရာပြုလုပ်ရန်ရည်ရွယ်ခဲ့သော်လည်း ရာသီ သွေးဆင်းခဲ့သည့်အတွက်ကြောင့် အွမ်ရာကိုပြီးဆုံး အောင်မလုပ်နိုင်ခဲ့ဘဲ ဟဂ်ျပြုလုပ်ပြီးနောက် ထိုအွမ်ရာကို ပြန်လည်ဖြည့်စွက်ပြုလုပ်ရန်ရည်ရွယ်၍) တမန် တော်မြတ် (ﷺ)ထံခွင့်တောင်းခဲ့ရာ တမန်တော်မြတ် (ﷺ) က သခင်မအား သန်အီးမ်မှ အွမ်ရာပြုလုပ်ရန်အမိန့်ပေးတော်မူခဲ့ကြောင်း ခိုင်မာသည့်ဆင့်ပြန်ချက်များတွင်လာရှိထားသည့်အတွက်ကြောင့်ဖြစ်သည်။

ဖသာဝ်ါ လဂ်ျနသ္ဒ်ာ ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၅၅)

***

၂။ မီကာသ်နှင့်သက်ဆိုင်သည့် ဖသ်ဝါမေးသတ်များ

မေး။ လူတစ်ဦးသည် ဟဂ်ျ သို့မဟုတ် အွမ်ရာပြုလုပ်ရန်ရည်ရွယ်၏။ သို့သော် ၎င်းသည် လေယာဉ်ပေါ်တွင် အိဟ်ရာမ်ပြုလုပ်ရန် အခက်အခဲဖြစ်နေသည်။ ထို့ပြင် မီကာသ်သတ်မှတ်နယ်နမိတ်ကိုလည်း တိတိ ကျကျ မသိပါက ၎င်းအနေဖြင့် အိဟ်ရာမ်ပြုလုပ်ခြင်းကို ဂျိဒ်ဒဟ် ရောက်သည်အထိ နောက်ဆိုင်းခွင့်ရှိပါသလား။ တစ်နည်း ဂျိဒ်ဒဟ်သို့ရောက်မှသာ အိဟ်ရာမ်ပြုလုပ်ခွင့်ရှိပါသလား။

ဖြေ။ လူတစ်ဦးသည် ဟဂ်ျ သို့မဟုတ် အွမ်ရာပြုလုပ်ရန် ရည်ရွယ်ပြီး ထိုအချိန်၌ ၎င်းသည် လေယာဉ်ပေါ်၌ ရှိနေလျှင် ထိုသူ့အဖို့ လေယာဉ်မစီးမီ မိမိအိမ်မှပင် ရေချိုးပြီး ဆန္ဒရှိပါက အိဇာရ်နှင့် ရိဒါအ် (အိဟ်ရာမ်ဝတ်စုံ)ကိုပါ ဝတ်ဆင်ထားနိုင်သည်။ မီကာသ်သို့ရောက်ခါနီးအချိန် မိမိဆောင်ရွက်လိုသည့် ဟဂ်ျ သို့မဟုတ် အွမ်ရာ၏ အိဟ်ရာမ်နီယသ် ပြုလုပ်ရမည်။ ထိုသို့ပြုလုပ်ရာတွင် မည်သည့်အခက်အခဲ တစ်စုံ တစ်ရာမျှမရှိပေ။ အကယ်၍ မီကာသ်နယ်နမိတ်ကို မသိလျှင် လေယာဉ်မှူး သို့မဟုတ် ၎င်း၏လက်ထောက် တစ်ဦးဦးကိုဖြစ်စေ၊ လေယာဉ်ဝန်ထမ်း တစ်ဦးဦးကိုဖြ

စ်စေ၊ သို့မဟုတ် မိမိယုံကြည်စိတ်ချရသော အတွေ့အကြုံရှိသည့် ခရီးသည်များကိုဖြစ်စေ မေးမြန်းနိုင်သည်။

ဖသာဝါ လဂ်ျနဟ် ဒါအိမဟ် - ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၅၃)

***

မေး။ လေယာဉ်ဖြင့်ခရီးထွက်နေစဉ် အွမ်ရာပြုလုပ်ရန်ရည်ရွယ်သူသည် အိဟ်ရာမ် (ဝတ်စုံ) မဝတ်ဘဲ အွမ်ရာအတွက် သလ်ဗိယဟ် (နီယသ်)ကိုသာ ပြုလုပ်ခွင့်ရှိပါသလား။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် ဂျိဒ်ဒဟ်မြို့၌ မိမိ၏ အလုပ်အချို့ကို ဆောင်ရွက်ရန် ဆန္ဒရှိနေပြီး အလုပ်များပြီးသွားပါက ဂျိဒ်ဒဟ်မှပင် အိဟ်ရာမ်ဝတ်၍ အွမ်ရာပြုလုပ်ရန် သွားမည်ဖြစ်သည်။ သို့မဟုတ် ၎င်းအပေါ်၌ မည်သို့လုပ်ဆောင်ရန် တာဝန်ရှိပါသနည်း။

ဖြေ။ မည်သူမဆို ဟဂ်ျ သို့မဟုတ် အွမ်ရာ ကျင့်စဉ်တစ်ခုခုကို လုပ်ဆောင်ရန် ရည်ရွယ်၍ ခရီးစတင်ပါက၊ မီကာသ် သတ်မှတ်နယ်နမိတ်နေရာကို အိဟ်ရာမ်မဝတ်ဘဲ ဖြတ်ကျော်ခွင့်မရှိပါ။ မီကာသ်ရောက်သော အခါ မိမိ နီယသ်ပြုထားသည့်အတိုင်း ဟဂ်ျ သို့မ ဟုတ် အွမ်ရာ၏ အိဟ်ရာမ် ဝ

တ်ရမည်။ ထို့ပြင်ချုပ် ထားသောအင်္ကျီများနှင့် အိဟ်ရာမ်ဝ
တ်ထားစဉ်၌ မပြုလုပ်ရန်တားမြစ်ထားသောအရာများကို
လည်း ရှောင်ကြဉ်ရမည်။

သင့်မေးခွန်းတွင် ဖော်ပြထားသော ဆောင်ရွက်မှုမျိုးသ
ည် ရှရီအသ်နှင့် ဆန့်ကျင်သည့်အတွက် ပြုလုပ်ခွင့်မရှိပါ။
သို့သော် (မီကာသ်တွင်) အိဟ်ရာမ် နီယသ်မပြုဘဲ မိမိကို
ယ်ရေးကိုယ်တာကိစ္စများကို ဆောင်ရွက်ရန် ဂျိဒ်ဒဟ်မြို့သို့
သွားရောက်ခြင်းသည် တားမြစ်ချက် မရှိပါ။ ထို့နောက် မီ
ကာသ်သို့ ပြန်လာပြီး ထိုနေရာတွင် ဟဂ်ျ သို့မဟုတ် အွမ်
ရာအတွက် အိဟ်ရာမ်ပြုနိုင်သည်။

ဖသာဝါ လဂ်ျနဟ် ဒါအိမဟ် - ဒုတိယအကြိမ်စုစည်းမှု (
အတွဲ ၁၀ / စာမျက်နှာ ၈၁)

***

မေး။ ဟဂ်ျ သို့မဟုတ် အွမ်ရာ ပြုလုပ်သူသည် ဂျိဒ်ဒဟ်
လေဆိပ်တွင် ဆင်းပြီးနောက် မဒီနဟ်မြို့ရှိ အာဘာရ်အလီ
နေရာတွင် အိဟ်ရာမ်ပြုခြင်း မှန်ကန်ပါသလား။ ၎င်းသည်
ဂျိဒ်ဒဟ် မှမဒီနာမြို့သို့ဦးစွာသွားပြီး ထိုမှတဆင့် အာဘာရ်

အလီ ဟူသောနေရာတွင် အိဟ်ရာမ် ပြု လုပ်ခြင်းသည် ပိုင်ပါသလား။

ဖြေ။ ဟာဂျီတစ်ဦးသည် ဂျိဒ်ဒဟ် လေဆိပ်တွင် ဆင်းသက်ခဲ့ပြီးနောက် ဟဂ်ျမစတင်မီ ဂျိဒ်ဒဟ်မှ မဒီနဟ်သို့ သွားရန်ဆန္ဒရှိပါက ၎င်းအနေဖြင့် မဒီနဟ်သို့ သွားရောက်ကာ မိမိ၏ဇိယာရသ်ကို ပြီးဆုံးအောင် ဆောင်ရွက်လိုက်ရမည်။ ထို့နောက် ဟဂ်ျ သို့ မဟုတ် အွမ်ရာအတွက် မက္ကဟ်သို့ ပြန်သွားလိုပါက ၎င်းအနေဖြင့် မဒီနဟ်သားတို့၏ မီကာသ်ဖြစ်သည့် "ဇွလ်ဟုလိုင်ဖဟ်" ယခု"အာဘာရ်အလီ" ဟု ခေါ်သည့် နေရာတွင် အိဟ်ရာမ်ပြုရမည်အဘယ်ကြောင့်ဆိုသော် ၎င်း၏အမိန့်မှာ မဒီနဟ်သားတို့၏ အမိန့်အတိုင်းပင်ဖြစ်သည်။ တမန်တော်မြတ် (ﷺ)သည် မီကာသ်များနှင့်ပတ်သက်၍ မိန့်ကြားတော်မူခဲ့သည်မှာ -

«هن لهن ولمن أتى عليهن من غير أهلهن ممن أراد الحج أو العمرة»

ယင်းနေရာ (မီကာသ်) များသည် ယင်းနိုင်ငံသားများအတွက်နှင့် ယင်းနိုင်ငံများမှကျော်ဖြတ်ပြီး ဟဂ်ျ သို့မဟုတ် အွမ်ရာပြုလုပ်ရန် ရည်ရွယ်ပြီးလာကြသူများအတွက်ဖြစ်သ

ည်။ ဤဟဒီးဆ်၏ ဆွဟီးဟ်ဖြစ်ခြင်းအပေါ် ဟဒီးဆ်ပညာရှင်များအားလုံးညီညွတ်ကြ၏။

ဖသာဝ်ါ လဂ်ျနသ္ဒသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၉၄)

***

မေး။ လူတစ်ဦးသည် မည်သည့်လဒ္ဓမဆိုသောကြာနေ့တွင် အွမ်ရာပြုလုပ်ပြီးနောက် အခြားဒေသတစ်ခုသို့ သွားခဲ့သည်။ နှစ်ရက်၊ သုံးရက်ကြာပြီးနောက် ၎င်းသည် မက္ကဟ်မြို့သို့ ပြန်လာ၍ နောက်တစ်ကြိမ် အွမ်ရာပြုလုပ်လိုပါက အိဟ်ရာမ်မဝတ်ဘဲ အွမ်ရာပြုလုပ်ခွင့်ရှိပါသလား။

ဖြေ။ မည်သူမဆို အွမ်ရာပြုလုပ်လိုပါက မက္ကဟ်မြို့သို့သွားရာတွင် မိမိဖြတ်သန်းသွားရသည့် မီကာသ်တွင် မဖြစ်မနေ အိဟ်ရာမ် ပြုလုပ်ရမည်။ အိဟ်ရာမ် မပြုလုပ်ဘဲ မီကာသ်ကို ကျော်ဖြတ်ခွင့်မရှိပါ။ အ ကြောင်းမှာ တမန်တော်မြတ် (ﷺ) သည် ဤမီကာသ်များကို ဟဂ်ျ သို့မဟုတ် အွမ်ရာ ပြုလုပ်ရန်ရည်ရွယ်သူတိုင်းအတွက် ထိုနေရာများတွင် အိဟ်ရာမ်ပြုလုပ်ရန်အတွက် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ဤအမိန့်သည် ပထမအကြိမ်ပြုလုပ်သည်ဖြစ်စေ

၊ ဒုတိယအကြိမ်ပြုလုပ်သည်ဖြစ်စေ အကြိမ်တိုင်းအတွက် အကျုံးဝင်ပေသည်။ အကယ်၍ မီကာသ် နယ်နိမိတ်အတွင်း၌သာ နေထိုင်သူဖြစ်ပါက မိမိအွမ်ရာ ပြုလုပ်ရန် နီယသ် ပြုလိုက်သည့်နေရာမှ အိဟ်ရာမ်ပြုလုပ်ရမည်။ သို့ရာတွင် မက္ကာဟ်မြို့အတွင်း၌ ရှိနေသူဖြစ်လျှင် ၎င်းသည် အွမ်ရာအတွက် အိဟ်ရာမ်ပြုလုပ်ရန် ဟရမ်နယ်နမိတ်ပြင်ပသို့ ထွက်ရန်အရေးကြီးသည်။ တမန်တော်မြတ် (ﷺ) ၏ မိန့်ကြားချက်အရ အာအိရှဟ် (رضي الله عنها) သည် ဤအတိုင်းပင် ပြုလုပ်ခဲ့သည်။

ဖသာဝါ လဂ်ျနသ္ဒ်ဒ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၅၄)

***

မေး။ လူတစ်ဦးသည် မိမိအတွက် အွမ်ရာပြုလုပ်ပြီးနောက် မိမိဖခင်အတွက်ပါ အွမ်ရာတစ်ကြိမ်ပြုလုပ်ခဲ့၏။ ထို့နောက် သူသည် မိမိဖခင်အတွက် မက္ကာဟ်မြို့ရှိ အိဟ်ရာမ်ဝတ်သည့်နေရာ'သန်အီးမ်'မှ ထပ်မံ၍ အွမ်ရာ ပြုလုပ်မည်ဆိုလျှင် ၎င်းသူ၏အမိန့်မှာ မည်သို့ရှိပါသနည်း။

ဖြေ။ သင်သည် မိမိအတွက် အွမ်ရာလုပ်ပြီး အိဟ်ရာမ်မှထွက်ပြီးနောက် ကွယ်လွန်သူ သို့မဟုတ် မတတ်စွမ်း နိုင်သည့်ဖခင်အတွက် အွမ်ရာပြုလုပ်လိုပါက သင့်အနေဖြင့် ဟာရမ်နယ်နိမိတ်ပြင်ပဖြစ်သည့် ဥပမာ 'သန်အီးမ်'သို့ သွားကာ ထိုနေရာတွင် အွမ်ရာအတွက် အိဟ်ရာမ်ဝတ်ရမည်။ မီကာသ်အထိ သွားရန် တာဝန်မရှိပါ။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၃၅)

***

၃။ အဲဟ်ရာမ်နှင့် အဲဟ်ရာမ်ပြုရာတွင်တားမြစ်ထား

သောအရာများနှင့်သက်ဆိုင်သည့် ဖသ်ဝါမွှသတ်ဆုံးဖြတ်ချက်များ၊

မေး။ လူတစ်ဦးသည် ဟဂ်ျ သို့မဟုတ် အွမ်ရာပြုရန် အိဟ်ရာမ်ဝတ်ပြီးနောက် ပြန်လည်ဖျက်လိုက်ပါက ၎င်းအပေါ်၌ မည်သို့ပြုလုပ်ရန် တာဝန်ရှိပါသလဲ။

ဖြေ။ မည်သူမဆို အိဇာရ်နှင့် ရိဒါအ် (အိဟ်ရာမ်ဝတ်စုံ)ကို ဝတ်ဆင်ခဲ့သော်လည်း ဟဂ်ျ သို့မဟုတ် အွမ်ရာတွင် ဝင်ရောက်ရန် နီယသ်မပြုခဲ့ပေ။ ထို့ပြင် သလ်ဗိယဟ် ( လက်

ဗိုင်က် အလ္လာဟွမ္မ လက်ဗိုင်က် ...) မဆိုရသေးလျှင်၊ ထိုသူသည် ရွေးချယ်ခွင့်ရှိသည်။ ဟဂ်ျ သို့မဟုတ် အွမ်ရာထဲသို့ ဝင်ရောက်လိုက ဝင်ရောက်နိုင်ပြီး၊ ဝင်ရောက်ရန်ဆန္ဒမရှိပါက စွန့်လွှတ်နိုင်သည်။ ထိုသို့စွန့်လွှတ်ခြင်းအတွက် မည်သို့မျှအပြစ်မရှိပေ။ သို့သော် စည်းကမ်းချက်တစ်ရပ်မှာ ထိုသူသည် ဖရ်ဇ် သည့်တာဝန်ဖြစ်သည့် ဟဂ်ျနှင့် ဖရ်ဇ်သည့်တာဝန်ဖြစ်သည့် အွမ်ရာကို ပြုလုပ်ပြီးသား ဖြစ်ရမည်။

အကယ်၍ ဟဂ်ျ သို့မဟုတ် အွမ်ရာအတွင်းသို့ ဝင်ရောက်ရန် နီယသ်ပြုပြီးဖြစ်ပါက၊ ၎င်းအနေဖြင့် ထိုအိဟ်ရာမ်ကို ဖျက်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း ပြုခွင့်မရှိပါ။ ထို့ပြင် ၎င်းပေါ်၌ (ဟဂ်ျ သို့မဟုတ် အွမ်ရာအတွက်) မိမိပြုလုပ်ထားသော အိဟ်ရာမ်ကို တရားတော်နှင့်အညီ ပြီးပြည့်စုံအောင်ဆောင်ရွက်ရန် တာဝန်ရှိသည်။ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်မှာ-

(وأتموا الحج والعمرة لله).

(အသင်တို့သည် ဟဂ်ျနှင့် အွမ်ရာကို အလ္လာဟ်အရှင်မြတ် အတွက်သာ ပြည့်ဝစွာ ပြုလုပ်ကြပါ။)

သို့ဖြစ်၍ သင့်အတွက် ရှင်းလင်းစွာ သိနိုင်သည့်အချက်မှာ မွတ်စ်လင်မ်တစ်ဦးသည် နိယသ်ပြုပြီး ဟဂ်ျ သို့မဟုတ် အွမ်ရာအတွင်းသို့ ဝင်ရောက်လိုက် ပါက၊ ၎င်းအနေဖြင့် ထိုနိယသ်အား ပြန်ဖျက်ခွင့်မရှိတော့ပါ။ အထက်ပါ အာယသ်တော်တွင် ဖော်ပြထားသည့်အတိုင်း မိမိစတင်ခဲ့သည့် အိဟ်ရာမ်တာဝန်ကို ပြီးဆုံးအောင် ဆောင်ရွက်ရန်တာဝန်ရှိပေသည်။ သို့သော် ၎င်းသည် အိဟ်ရာမ် ပြုသည့်အချိန်၌ (အန္တရာယ် သို့မဟုတ် အတားအဆီး တစ်စုံတစ်ရာကြုံတွေ့ရပါက အိဟ်ရာမ်မှထွက်မည်ဟု) စည်း ကမ်းသတ်မှတ်ထားပါက မိမိစိုးရိမ်နေသည့် အ တားအဆီးကို အမှန်တကယ် ကြုံတွေ့ခဲ့ရလျှင် အိဟ်ရာမ်မှ ထွက်ခွင့်ရှိသည်။ အကြောင်းမှာ တမန်တော်မြတ် (ﷺ)က သုဘာအဟ် ဗင်နို ဇုဗိုင်းရ်အား မိန့်ကြားခဲ့သည့် ဩဝါဒတော်တွင် ရှိနေသည့်အတွက်ဖြစ်သည်။ သူမက ကိုယ်တော်မြတ် (ﷺ)အား အို-အလ္လာဟ်၏ရစူလ်တမန်တော် ကျွန်မသည် ဟဂ်ျပြုလုပ်ရန် ရည်ရွယ်ထားသော်လည်း နေမကောင်း ဖြစ်နေပါသည်ဟု လျှောက်ထားခဲ့သည်။ ထိုအခါ တမန်တော်မြတ် (ﷺ)က မိန့်ကြားတော်မူသည်မှာ -

«حجي واشترطي أن محلي حيث حبستني»

" အသင်မ ဟဂ်ျပြုလုပ်ပါ။ ထို့နောက် ကျွန်တော်မျိုးမ အိ ဟ်ရာမ်မှ ထွက်မည့်နေရာသည် အရှင်မြတ်က ကျွန်တော် မျိုးမ (ကိုရောဂါကြောင့်) ရပ်တန့်စေတော်မူသည့်နေရာပ င် ဖြစ်ပါသည်ဟု သတ်မှတ်ချက်ထားပါ။ " ဤဟဒီးဆ်၏ ဆွဟီးဟ်ဖြစ်ခြင်းအပေါ် ဟဒီးဆ်ပညာရှင်များအားလုံး ညီ ညွတ်ကြ၏။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၆၆)

***

မေး။ အမျိုးသမီးတစ်ဦးသည် အွမ်ရာအတွက် အိဟ်ရာ မ်ပြုခဲ့သည်။ ထို့နောက် ဓမ္မတာသွေးဆင်းသော ကြောင့် သွဝါဖ်နှင့် စအီပြေးခြင်းတို့ကို မဆောင်ရွက်ဘဲ မိမိနေထိုင် ရာနေရာသို့ ပြန်သွားကာ အိဟ်ရာမ်ကို ချွတ်ခဲ့သည်။ သို့ဖြ စ်၍ သူမအနေဖြင့် တစ်စုံတစ်ရာ (ဒမ်ပေးရန်) တာဝန်ရှိပါ သလား။ အကယ်၍ သူမသည် အိဟ်ရာမ်ကို မချွတ်ခဲ့ပါက သူမအနေဖြင့် တစ်စုံတစ်ရာ (ဒမ်ပေးရန်) တာဝန်ရှိပါသ လား။

ဖြေ။ အမျိုးသမီးတစ်ဦးသည် အွမ်ရာအတွက် အိဟ်ရာမ် ဝတ်ပြီးနောက် ခမ္မတာသွေးဆင်းခဲ့ပြီး သွဝါဖ်နှင့် စအီပြေးခြင်းမပြုမီအလျင် အိဟ်ရာမ်မှ ထွက်ခဲ့ပါက အကယ်၍ သူမသည် ရှရီအသ်တရားတော်၏ အမိန့်ပညတ်ချက်များကို မသိသဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်လျှင် သူမအနေဖြင့် မိမိ၏ခင်ပွန်းနှင့် ပေါင်း သင်းဆက်ဆံခြင်းမပြုခဲ့ပါက ခမ္မတာသွေးဆင်းခြင်း ပြီးဆုံးသွားသည်နှင့် 'ဂျနာဗသ်' ကိုယ်မသန့် ဖြစ်ခြင်းကြောင့် ရေချိုးသကဲ့သို့ ရေချိုးရမည်။ ထို့နောက် သွဝါဖ်လှည့်ခြင်း၊ စအီပြေးခြင်းတို့ ဆောင် ရွက်ကာ မိမိ၏အွမ်ရာကို ပြီးဆုံးအောင်ပြုလုပ်ရမည်။ ပြီးနောက် မိမိ၏ ဆံပင်ကိုအနည်း ငယ် ညှပ်ပြီး အိဟ်ရာမ်မှ ထွက်ရမည်။ သူမအပေါ်၌ မည်သည့် ဖိဒ်ယဟ်၊ ကဖ်ရာရဟ်မှ ပေးဆောင်ရန်တာဝန်မရှိပါ။

အကယ်၍ ခင်ပွန်းနှင့်ပေါင်းသင်းဆက်ဆံခဲ့ပါက သူမ၏အွမ်ရာမှာ ပျက်သွားမည်ဖြစ်သည်။ သူမအနေဖြင့် သွဝါဖ်လုပ်ခြင်း၊ စအီပြေးခြင်း၊ ဆံပင်ညှပ်ခြင်းတို့ကို ဆောင်ရွက်ပြီး အွမ်ရာကို ပြီးဆုံးအောင်ပြုလုပ်ရမည်။ ထို့နောက် သူမအပေါ်တွင် ထိုအွမ်ရာကို ကဇ္ဇာပြန်လည်ပြုလုပ်ရန်

တာဝန်ရှိပြီး ပထမအွမ်ရာအတွက် အိဟ်ရာမ်ပြုခဲ့သည့်နေရာမှပင် ကဗ္ဗာအွမ်ရာအတွက် အိဟ်ရာမ်ပြုရမည်။ ထို့နောက် သူမအနေဖြင့် ဒမ်ပေးရန် တာဝန်ရှိသည်။ သို့ဖြစ်၍

(၆)လနှင့် အထက်ရှိသော သိုးတစ်ကောင် သို့မဟုတ် (၁)နှစ်နှင့် အထက်ရှိသော ဆိတ်တစ်ကောင်ကို မက္ကာဟ်မြို့တွင် ဇဗဟ်လုပ်ပြီး၊ မက္ကာဟ်မြို့ရှိ သူဆင်းရဲများအား ဝေငှလိုက်ရမည်။

အကယ်၍သူမသည် အိဟ်ရာမ် မချွတ်သေးပါက အွမ်ရာကို ဆက်လက် ဆောင်ရွက်ရန် တာဝန်ရှိသည်။ ထို့ကြောင့် သွဝါဖ်လုပ်ခြင်း၊ စအီပြေးခြင်း၊ ဆံပင်ညှပ်ခြင်းတို့ကို ဆောင်ရွက်ပြီး အွမ်ရာကို ပြီးဆုံးအောင်ပြုလုပ်ရမည်။ ဓမ္မတာသွေးဆင်းမှုကြောင့် သူမ၏ အွမ်ရာ ပျက်သွားမည်မဟုတ်ပေ။

ဖသာဝါ လဂ်ျနသ္ဒ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၃၂၃)

***

မေး။ အိဟ်ရာမ်ပြုထားသူသည် အမွှေးရနံ့ပါသည့် ဆပ်ပြာသုံးခွင့်ရှိပါသလား။

ဖြေ။ အိပ်ရာမ်ပြုထားသူ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ အမွှေးရနံ့ သုံးစွဲခွင့်မရှိပေ။ ထိုထဲတွင် အမွှေးရနံ့ပါသော ဆပ်ပြာကို သုံးစွဲခြင်းလည်းပါဝင်သည်။ မည်သူမဆို တားမြစ်ချက်ကို သိလျက်နှင့် အမွှေးရနံ့ သုံးစွဲခဲ့လျှင် ၎င်းအနေဖြင့် ဖိဒ်ယဟ်ပေးဆောင်ရန် တာဝန်ရှိသည်။ အမိန့်ပညတ်ချက်ကို မသိနားမလည်၍ဖြစ်စေ၊ မေ့ လျော့၍ဖြစ်စေ သုံးစွဲခဲ့သူများသည် ဖိဒ်ယဟ်ပေးရန် တာဝန်မရှိပါ။ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူခဲ့သည်။

(ربنا لا تؤاخذنا إن نسينا أو أخطأنا)،

(အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော် မျိုးတို့ မေ့လျော့၍ဖြစ်စေ၊ မှားယွင်းချွတ်ချော်၍ဖြစ်စေ (ပြုမိသောမကောင်း မှုနှင့် စပ်လျဉ်း၍) အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား အပြစ်ဒဏ်ပေးတော်မမူပါနှင့်။) တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်။

«رفع عن أمتي الخطأ والنسيان وما استكرهوا عليه».

" ငါကိုယ်တော်၏ အွမ္မသ်ထံမှ မှားယွင်းချွတ်ချော် ၍သော်လည်းကောင်း၊ မေ့လျော့၍သော် လည်း ကောင်း၊ အတင်း

အကြပ်ခိုင်းစေခြင်းခံရ၍သော် လည်းကောင်း၊(ဖြစ်ပေါ်ခဲ့သောမကောင်းမှုများအား အလ္လာဟ်အရှင်မြတ်က) ခွင့်လွှတ်တော်မူသည်။ "

ဖသာဝါ လင်္ဂျနသ္ထသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၃၇)

***

မေး။ ကျွန်ုပ်သည် ဟရမ်ဝတ်ကျောင်းတော်ထဲသို့ မဝင်မီ အိမ်သာသွားရင်း သတိမေ့ကာ အိဟ်ရာမ်ဝတ်စုံကို ခေတ္တမျှ ခေါင်းပေါ်တင်လိုက်မိသည်။ ထို့နောက် သတိရ၍ ခေါင်းပေါ်မှဖယ်ရှားလိုက်ပါသည်။ မေးလိုသည်မှာ ထိုသို့ပြုလုပ်ခဲ့သည့်အတွက် ကျွန်တော်အပေါ်တွင် တစ်စုံတစ်ရာ တာဝန်ရှိပါသလား။

ဖြေ။ အိဟ်ရာမ်ဝတ်ထားသူသည် အိဟ်ရာမ်ဝတ်ထားစဉ် မလုပ်ရန် တားမြစ်ထားသော ကိစ္စရပ်တစ် ခုခုကို မေ့လျော့၍ ပြုလုပ်ခဲ့ပါက သတိရသည့်အ ခါ ထိုလုပ်ရပ်ကို ချက်ချင်းစွန့်လွှတ်လိုက်ရမည်။ သို့သော် ၎င်းအပေါ်တွင် အပြစ်တစ်စုံတစ်ရာ မရှိသလို ကဖ္ဖာရာ ပေးရန်လည်းမလိုပါ။ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်။

(ربنا لا تؤاخذنا إن نسينا أو أخطأنا)

(အို - ကျွန်တော်မျိုးတို့အားမွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့မေ့လျော့၍ဖြစ်စေ၊မှား ယွင်း ချွတ်ချော် ၍ဖြစ်စေ (ပြုမိသောမကောင်းမှုနှင့်စပ်လျဉ်း၍) အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား အပြစ်ဒဏ်ပေးတော်မမူပါနှင့်။) အလ္လာဟ်အရှင်မြတ်က " အသင်ပြုလုပ်ခဲ့ပြီးဖြစ် သည်" ဟုမိန့်ကြားတော်မူခဲ့သည်။ ထို့အတူ ယင်းသည် တမန်တော်မြတ် (ﷺ) ထံမှလည်း မှန်ကန်သောဆင့်ပြန်ချက်ဖြင့် လာရှိထားသည်။ တမန်တော်မြတ် (ﷺ)ထံမှ ဆင့်ပြန်ချက် လာရှိသည်။ ကိုယ်တော်က မိန့်ကြားတော်မူသည်မှာ-

«عفي لأمتي عن الخطأ والنسيان وما استكرهوا عليه».

" ငါကိုယ်တော်၏ အွမ္မသ်ထံမှ မှားယွင်းချွတ်ချော် ၍သော်လည်းကောင်း၊မေ့လျော့၍သော် လည်း ကောင်း၊ အတင်းအကြပ်ခိုင်း စေခြင်းခံရ၍သော် လည်းကောင်း၊ (ဖြစ်ပေါ်ခဲ့သောမကောင်းမှုများအားအလ္လာဟ်အရှင်မြတ်က) ခွင့်လွှတ်တော်မူသည်။ "

ဖသာဝ်ါ လက်ဂျ်နသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၄၉)

***

မေး။ ကျွန်တော်၊ ကျွန်တော်၏ဇနီးနှင့် ကျွန်တော့်အစ်မတို့သည် ရမသဿွာန်လ၌ အွမ်ရာပြုခဲ့ပါသည်။ သို့သော် သူမတို့နှစ်ဦးမှာ ကျွန်တော်အမိန့်ပေးသော ကြောင့် အွမ်ရာလုပ်နေစဉ် လက်အိတ်ဝတ်ဆင်ခဲ့ကြပါသည်။ ဤသည် တရားတော်၏အမိန့်ပညတ်ချက်ကို မသိနားမလည်သောကြောင့်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျွန်တော်တို့အပေါ်တွင် မည်သို့ပြုလုပ်ဆောင်ရွက်ရန် တာဝန်ရှိပါသနည်း။

ဖြေ။ အိဟ်ရာမ်ပြုထားသောအမျိုးသမီးသည် အမိန့်ပညတ်ချက်ကို မသိသဖြင့် လက်အိတ်ဝတ်ဆင်ခဲ့လျှင် သူမအပေါ်တွင် မည်သည့်တာဝန်မျှမရှိပါ။ သို့သော် အိဟ်ရာမ်ဝတ်ထားစဉ် လက်အိတ်မဝတ်ရဟူသည့် အမိန့်ကို သိရှိခဲ့လျှင် လက်အိတ်ကို ချက်ချင်းချွတ်ပစ်ရန် အရေးကြီးသည်။

ဖသာဝါ လဂ္ဂျနသ္ဒ ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၅၆)

***

မေး။ ကျွန်တော်နှင့် ကျွန်တော်၏ဇနီးသည် အိဟ်ရာမ်ဝတ်ခဲ့ပါသည်။ အိဟ်ရာမ်ဝတ်ပြီးနောက် ကျွန်တော် ၏ဇနီးသ

ည် ဓမ္မတာသွေးဆင်းခဲ့သည်။ အိဟ်ရာမ်ဝတ်ထားစဉ် ဓမ္မတာသွေးဆင်းခြင်းနှင့်ဆိုင်သော အမိန့်ပညတ်ချက်ကို မသိနားမလည်သည့်အတွက် ကျွန်တော်သည် အိဟ်ရာမ်မှထွက်၍ အိဟ်ရာမ်ဝတ်စုံကိုချွတ်ခဲ့ပါသည်။ မက္ကာဟ်သို့လည်း ကျွန်တော်တို့ မသွားခဲ့ကြပါ။ ထို့နောက် ဉာနှစ် ရမသွန်လတွင် ကျွန်တော်နှင့် ကျွန်တော်၏ဇနီးသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် အွမ်ရာပြုခဲ့ပါသည်။ သို့ဖြစ်၍ ယခုကျွန်တော့်အနေဖြင့် မည်သို့လုပ်ဆောင်ရပါမည်နည်း။

ဖြေ။ လူကြီးမင်းတို့အနေဖြင့် အွမ်ရာကိုပြီးမြောက်အောင် ဆောင်ရွက်ရန် တာဝန်ရှိပြီး ယင်းကို ဖျက်ခွင့်မရှိပါ။ ထို့ပြင် အသင်တို့၏ အိဟ်ရာမ် ရည်စူးချက်ကို ပယ်ဖျက်ခြင်းနှင့် သာမန်အဝတ်အစားများကို ဝတ်ဆင်လိုက်ခြင်းတို့သည် အခြေအနေကို မပြောင်း လဲစေပါ။ အိဟ်ရာမ်သည် ဆက်လက်တည်ရှိနေပြီး ပျက်သွားခြင်းမရှိပါ။ ထို့ကြောင့် အသင်တို့၏ ဒုတိယအွမ်ရာသည် ပထမအွမ်ရာအား ဆက်လက်ဆောင် ရွက်နေခြင်းဖြစ်သည်ဟုသာ သတ်မှတ်ခံရမည်ဖြစ် သည်။ အကယ်၍ အသင်တို့သည် အွမ်

ရာမပြုလုပ်မီကာလအတွင်း ကာမဆက်ဆံမှုပြုမိပါက ထိုသို့ကာမဆက်ဆံကြောင့် ပျက်သွားသော အွမ်ရာအတွက် ကဇွာအွမ်ရာတစ်ခုကို ပြုလုပ်ရမည်။ ထိုအွမ်ရာအတွက် အိဟ်ရာမ်ကို ပထမအွမ်ရာအတွက် အိဟ်ရာမ်ဝတ်ခဲ့သော မီကာသ်မှပင် ဝတ်ရမည်။ ထို့ပြင် သင်တို့နှစ်ဦးစလုံး ဖိဒ်ယဟ်ပေးဆောင်သည့်အနေ ဖြင့် ဆိတ်တစ်ကောင်စီကို ဇဗဟ်ပြုလုပ်၍ မက္ကာဟ်ရှိ ဆင်းရဲသားများအား ဝေငှလိုက်ရမည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၈၄)

***

မေး။ အိဟ်ရာမ်၏ အခြေအနေတွင် စက်ဖြင့် အ ပေါက်ဖောက်၍ ချုပ်ထားသော သားရေခါးပတ်ကြိုးနှင့် ချုပ်ထားသော ဖိနပ်များကို ဝတ်ဆင်ခြင်း၏ အမိန့်မှာ မည်သို့ရှိပါသနည်း။

ဖြေ။ ဟဂ်ျ သို့မဟုတ် အွမ်ရာအတွက် အိဟ်ရာဝတ်ထားသူသည် စက်ဖြင့်ချုပ်ထားသော ခါးပတ်နှင့် ဖိနပ်များကို ဝတ်ဆင်ခွင့်ရှိသည်။

ဖသာဝ်ါ လင်္ဂျနသ္ဂသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၇၀)

***

မေး။ ကျွန်တော်သည် အဗ်ယာရ်အလီ (ဇွလ်ဟုလိုင်ဖဟ်)တွင် အိဟ်ရာမ်ဝတ်ပြီး မက္ကဟ်မြို့သို့ ခြေလျှင်သွားနေရင်း လမ်းခရီးတွင် အလွန်ပင်ပန်းမှုကြောင့် အပြင်းအထန်ဖျားနာခဲ့ပါသည်။ ထို့ကြောင့် အိပ်ပျော်သွားခဲ့ပြီး မိမိ၏ခေါင်းကို ဖုံးအုပ်ခဲ့မိပါသည်။ ထို့ ကြောင့် ကျွန်တော့်ပေါ်တွင် တစ်စုံတစ်ရာ (ဖိဒ်ယဟ် ပေးဆောင်ရန်)တာဝန်ရှိပါသလား။

ဖြေ။ အသင့်ပေါ်၌ ဖိဒ်ယဟ်ပေးဆောင်ရန်တာဝန်ရှိပြီး ၎င်းမှာ သုံးရက် ဆို့ယာမ်ဥပုသ် စောင့်ထိန်းခြင်း သို့မဟုတ် ဆင်းရဲသား ခြောက်ဦးကို အစားအစာ ကျွေးမွေးခြင်း သို့မဟုတ် ဟရမ် (မက္ကဟ်)၌ ဆိတ်တစ်ကောင်ကို ဇဗဟ်လုပ်ခြင်းတို့ဖြစ်သည်။ (ဇဗဟ်လုပ်ပြီးနောက် ဆင်းရဲသားများကို ဝေငှလိုက်ရမည်။)

ဖသာဝ်ါ လင်္ဂျနသ္ဂသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၈၁)

***

မေး။ ခြေထောက်တွင် ခြေစွပ်ဝတ်ဆင်၍ သွဝါဖ်လုပ်ခွင့်ရှိပါသလား။ ခြေစွပ်အား ချုပ်ထားသောအရာဟု သတ်မှတ်ပါသလား။

ဖြေ။ ဟဂ်ျ သို့မဟုတ် အွမ်ရာအတွက် အိဟ်ရာမ်ပြုထားသော အမျိုးသားအဖို့ ခြေစွပ်ဝတ်ဆင်ခြင်းမှာ မပိုင်ပါ။ အကယ်၍ နာမကျန်းခြင်း အစရှိသည့် ကိစ္စတစ်စုံတစ်ရာကြောင့်ဖြစ်လျှင် ဝတ်ဆင်ခွင့်ရှိသော်လည်း ၎င်းအပေါ်၌ ဖိဒ်ယဟ်ပေးရန်တာဝန်ရှိသည်။ ၎င်းမှာ သုံးရက် ဆွိယာမ်ဥပုသ် စောင့်ထိန်းခြင်း သို့မဟုတ် ဆင်းရဲသား ခြောက်ဦးကို အစားအစာ ကျွေးမွေးခြင်း၊ ကျွေးမွေးရမည့်ပုံစံမှာ ဆင်းရဲသား တစ်ဦးလျှင် စွန်ပလွံသီး သို့မဟုတ် အလားတူအရာများကို ဆွာအ်တစ်ဝက်စာ ပေးကမ်းခြင်းဖြစ်သည်။ သို့မဟုတ် ဟရမ် (မက္ကာဟ်)၌ ဆိတ်တစ်ကောင်ကို ဇဗဟ်လုပ်ခြင်းတို့ဖြစ်သည်။ (ဇဗဟ်လုပ်ပြီးနောက် ဆင်းရဲသားများကို ဝေငှလိုက်ရမည်။)

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၈၃)

***

မေး။ အိပ်ရာမ်ပြုထားသူသည် အေးမြစေရန်အ တွက် ခန္ဓာကိုယ်တစ်ခုလုံးကို ရေဖြင့်ဆေးကြော (ရေချိုး) ခွင့်ရှိပါသလား။ အဘယ်ကြောင့်နည်း။

ဖြေ။ မွတ်စ်လင်မ်တစ်ဦးသည် ပူပြင်းသည့်အတွက် အေးမြမှုစေရန် ခန္ဓာကိုယ်တစ်ခုလုံးအား ဆေးကြောကာ ရေချိုးခွင့်ရှိသည်။ ထိုသို့ရေချိုးခြင်းသည် ၎င်းအား အိဟ်ရာမ်ဝတ်မှုပြုရာတွင် တက်ကြွလန်းဆန်းစေပါသည်။ သို့သော် ရေချိုးရာတွင် မိမိဦးခေါင်းမှဆံပင် သို့မဟုတ် အရေပြားမှ အမွေးအမျှင် တစ်စုံ တစ်ရာ မကျွတ်စေရန် ဂရုစိုက်ရမည်။

ဖသာဝါ လဂ်ျနသွ်ာ ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၈၄)

***

မေး။ အိပ်ရာမ်ပြုထားသူတစ်ဦးသည် မိမိ၏ကားဖြင့် သစ်ပင် သို့မဟုတ် မြက်ပင်တစ်ခုခုကို ဖြတ်ကျော်မောင်းနှင်ပါက ၎င်းအပေါ်၌ တစ်စုံတစ်ရာ (ဖိဒ်ယဟ်ပေးရန်) တာဝန်ရှိပါသလား။

ဖြေ။ အကယ်၍ အိပ်ရာမ်ပြုထားသူသည် ဟရမ်နယ် မြေမဟုတ်သောနေရာ၌ သစ်ပင် သို့မဟုတ် မြက် ပင်ကို ကားဖြင့်ဖြတ်ကျော်မောင်းနှင်မိပါက ၎င်းအ ပေါ်၌ အပြစ် တစ်စုံတစ်ရာမရှိပါ။ သို့သော် ထိုသစ် ပင်၊ မြက်ပင်များသ ည် တစ်စုံတစ်ဦး၏ ပိုင်ဆိုင်မှုဖြစ်ပါက သူဖျက်ဆီးမိသည့် အရာ၏ တန်ဖိုးကို ပိုင် ရှင်အား ပေးလျော်ရမည်။ အကယ် ၍ ၎င်းသည် ဟရမ်နယ်မြေရှိ သစ်ပင် သို့မဟုတ် မြက်ပင် ကို ဖျက်ဆီးမိပါက၊ ယင်းသည် တစ်စုံတစ်ဦး၏ ပိုင်ဆိုင်မှု ဖြစ်လျှင် ပိုင်ရှင်အား ၎င်း၏တန်ဖိုးကို ပေးလျော်ရမည်။ အကယ်၍ ၎င်းသစ်ပင်၊ မြက်ပင်များသည် တစ်စုံ တစ်ဦး ၏ ပိုင်ဆိုင်မှုမဟုတ်ပါက ၎င်းအပေါ် အပြစ်တစ်စုံတစ်ရာ မရှိပါ။ သို့သော် ရည်ရွယ်ချက်ရှိရှိ ထိုသို့မပြုလုပ်သင့်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြုလုပ်ခြင်းကို တမန်တော် မြတ် (ﷺ)က တားမြစ်တော်မူခဲ့သည်။

ဖသာဝါ လက်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၈၅)

***

မေး။ အိပ်ရာမ်ပြုထားသော အမျိုးသား၊ အမျိုး သမီး သည် ဟဂ်ျ သို့မဟုတ် အွမ်ရာ ပြုလုပ်နေအချိန်တွင် မိမိ၏ အိပ်ရာမ်ဝတ်စုံကို အခြားအိပ်ရာမ်ဝတ် စုံဖြင့် လဲလှယ်ဝ တ်ဆင်ခွင့်ရှိပါသလား။

ဖြေ။ ဟဂ်ျ သို့မဟုတ် အွမ်ရာအတွက် အိပ်ရာမ်ဝတ် ထားသူသည် မိမိ၏ အိပ်ရာမ်ဝတ်စုံကို အခြားအိပ်ရာမ် ဝတ်စုံများဖြင့် လဲလှယ်ဝတ်ဆင်ခွင့်ရှိသည်။ ထို သို့လဲလှ ယ်ခြင်းကြောင့် ဟဂ်ျ သို့မဟုတ် အွမ်ရာ၏ အိပ်ရာမ်အ ပေါ် တစ်စုံတစ်ရာ သက်ရောက်မှုမရှိပါ။

ဖသာဝါ လဂ်ျနသ္ဒသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၈၅)

***

မေး။ ကျွန်တော်သည် ကအ်ဗဟ်ကျောင်းတော်နှင့်ထိ ကပ်၍ မုလ်သဇင်မ်တွင် ဒုအာတောင်းနေစဉ် ကအ်ဗဟ် ကျောင်းတော်တွင်သုတ်လိမ်းထားသော အမွှေးဆီကို ကျွ န်တော်၏လက်ဖြင့်ထိမိပြီး ထိုအမွှေးဆီကို မိမိ၏ကိုယ်ခ န္ဓာ၊ ဆံပင်နှင့် အဝတ်အစားများကို သုတ်လိမ်းလိုက်ပါသ ည်။ ဤသို့ မုလ်သဇင်မ်၏ အ မွှေးဆီကို မတော်တဆကိုင်

တွယ်မိပြီး ၎င်းအမွှေး အကြိုင်ကို သုံးစွဲမိခြင်း၏ အမိန့်မှာ မည်သို့ရှိပါသ နည်း။ ထို့နောက် ကျွန်တော်သည် ဝူသွူပြု လုပ်ခဲ့ရာ ထိုအမွှေးဆီအများစုမှာ ပပျောက်သွားပါသည်။

ဖြေ။ ကအ်ဗဟ်ကျောင်းတော်တွင် သုတ်လိမ်းထား သော အမွှေးဆီကို သင်၏လက်ဖြင့် မတော်တဆထိမိပြီး နောက် ယင်းအမွှေးဆီကို အသင်၏ခန္ဓာ ကိုယ်၊ ဆံ ပင်နှင့် အဝတ်အစားများတွင် လိမ်းကျံခြင်းသည် အသင့်အတွက် (အိဟ်ရာမ်၏အခြေအနေ၌)တားမြစ်ထားသောအရာဖြစ် သည်။ ဤသို့ပြုလုပ်ခဲ့သည့်အ တွက် ကဖ္ဖာရဟ်ပေးရန် အ ရေးကြီးသည်။ ကဖ္ဖာရဟ်ပေးရမည့် ပုံစံများမှာ - ဆွိယာမ် သုံးရက် စောင့် ထိန်းခြင်း သို့မဟုတ် ဆင်းရဲသား ခြောက်ဦး အား လူတစ်ဦးလျှင် (စွန်ပလွံသီး သို့မဟုတ် အလားတူအ ရာများကို) ဆွာအ်တစ်ဝက်စီ အစားအစာ ကျွေးမွေးခြင်း သို့မ ဟုတ် ဆိတ်တစ်ကောင် ဇဗဟ်လုပ်ကာ (မက္ကဟ်မြို့ရှိ သူဆင်းရဲများကို )ဝေငှပေးခြင်းဖြစ်သည်။ သို့သော် အသ င်သည် တရားတော်၏အမိန့်ပညတ် ချက်ကို မသိနားမလ ည်၍ဖြစ်စေ၊ မေ့လျော့၍ဖြစ်စေ ပြုခဲ့မိသည်ဆိုပါက အ

သင့်အပေါ်၌ အပြစ်တစ်စုံတစ်ရာမရှိသလို ကဖ္ဖာရာပေးရန်လည်းမလိုပါ။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၈၆)

***

မေး။ အမျိုးသမီးတစ်ဦးသည် အွမ်ရာသုံးကြိမ်ပြုလုပ်ခဲ့ပြီး အွမ်ရာပြုလုပ်နေစဉ် မျက်နှာဖုံး ဝတ်ဆင်ခဲ့သည်။ ထို့ပြင် သူမသည် မျက်နှာဖုံးအပေါ်မှ ပါးလွှာသော အကာအကွယ်တစ်ခုကို ထပ်မံဝတ်ဆင်ခဲ့ပြီး ထိုအကာအကွယ်ကို မျက်နှာဖုံးပေါ်တွင် တစ်ခါတစ်ရံ ချထားပြီး တစ်ခါတစ်ရံ မချထားပါ။ သို့သော် သူမသည် (အိဟ်ရာမ်၏အခြေအနေ၌) မျက်နှာဖုံးဝတ်ဆင်ခြင်း၏ အမိန့်ကိုသိနားလည်ခြင်းမရှိခဲ့ပါ။ သို့ဖြစ်၍ ဤသည်နှင့် စပ်လျဉ်း၍တရားတော်၏ အမိန့်မှာမည်သို့ရှိသနည်း။ ဆရာကြီး ခင်ဗျား။

ဖြေ။ ဟဂ်ျ သို့မဟုတ် အွမ်ရာအတွက် အိဟ်ရာမ်ပြုထားသော အမျိုးသမီးသည် နိကာဗ် (မျက်နှာဖုံး) ဝတ် ဆင်ခွင့်မရှိပါ။ သို့သော် သူမ၏အနီးအနားတွင် သူ စိမ်းယောက်ျားများရှိပါက သူမအနေဖြင့် မိမိ၏ ဦးခေါင်းတွင်ခြုံ

ထားသည့်ပုဝါကို မိမိ၏မျက်နှာပေါ်တွင် တွဲလောင်းချထား ခွင့်ရှိသည်။ ထိုအတိုင်းပင် တ မန်တော်မြတ် (ﷺ)၏ ကြင်ယာတော်များသည် ဟဂ်ျဂျသွလ်ဝဒါအ်တွင် ပြုလုပ်ခဲ့ကြသည်။ ဖော်ပြပါ အမျိုးသမီးသည် မသိနားမလည်၍ နိကာဗ်မျက်နှာဖုံး ဝတ်ဆင်ခဲ့ခြင်းဖြစ်သည့်အတွက် သူမတွင် အပြစ်မျှမရှိပါ။ အဘယ်ကြောင့်ဆိုသော် သူမသည် မသိခြင်းကြောင့် ခွင့်လွှတ်ခြင်းခံရသူဖြစ်သည်။

ဖသာဝါ လဂ်ျနသွင် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၉၄)

***

၄။ သွဝါဖ်ဆိုင်ရာ ဖသ်ဝါ ဓမ္မသတ်ဆုံးဖြတ်ချက်များ။

မေး။ ကျွန်တော်သည် အွမ်ရာ၏ ကျင့်စဉ်များကို ဆောင်ရွက်ခဲ့ပါသည်။ သို့သော် အွမ်ရာပြုလုပ်နည်းအပြည့်အစုံကို မသိသည့်အတွက် သွဝါဖ်လှည့်ပတ်ရာတွင် “ဟဂ်ျရေအတ်စ်ဝဒ်” ထောင့်မှမစဘဲ ရုကုန်ယမာနီထောင့်မှစတင်ခဲ့ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ ကျွန်တော်ာ့အနေဖြင့် အွမ်ရာ၏စည်းမျဉ်းများ၊ ဝါဂိျဗ်များကို မသိသည့်အတွက်ကြောင့်ဖြစ်ပါသည်။ သို့သော် (အင်ရှာအလ္လာဟ်) ကျန်ရှိ

သော အွမ်ရာ၏ကျင့်စဉ်များကိုမူ မှန်ကန်စွာ ဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော့်အပေါ် မည်သို့ဆောင်ရွက်သင့်ကြောင်း ဆရာကြီး အနေဖြင့်အကြံပြုစေလိုပါသည်။

ဖြေ။ မေးမြန်းသူသည် သွဝါဖ်ကို ရုကုန်ယမာနီထောင့်မှ စတင်ခဲ့သည့်လုပ်ရပ်သည် အမှားတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သွဝါဖ်ကို ဟဂျ်ရေအတ်စ်ဝဒ်မှ စတင်ရသောကြောင့်ဖြစ်သည်။ သို့သော် ဤအမှားသည် ၎င်း၏ သွဝါဖ်မှန်ကန်မှုကို မထိခိုက်စေပါ။ ယင်းအား သွဝါဖ်ပထမအပတ်တွင် အပိုလုပ်သည့်ပတ်မှုအဖြစ်သာ သတ်မှတ်ခံရမည်ဖြစ်သည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း သွဝါဖ်သတ္တမမြောက်အပတ်ကို ပြည့်စုံစွာလုပ်ပြီး ဟဂျ်ရေအတ်စ်ဝဒ်တွင် အဆုံးသတ်ပါက ထိုသို့ အပိုလုပ်ခဲ့ခြင်းသည် မည်သည့်ဆိုးကျိုးမျှမဖြစ်စေပါ။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၁၀)

***

မေး။ သွဝါဖ်တွင် "အိဿွ်သွိဗာအ်" လုပ်ခြင်းသည် စွန္န သ်ဖြစ်ပါသလား။ "အိဿွ်သွိဗာအ်" ပြုရန် မေ့သွားသူအ ပေါ် မည်သို့တာဝန်ရှိပါသနည်း။ " بسم الله والله أكبر " (ဗိစ်မိ လ္လာ အလ္လာဟု အက်ဗရ်) မဆိုဘဲ ဟဂ်ျရေအတ်စ်ဝဒ်ကို န မ်းရုံဖြင့်လုံလောက်ပါသလား။ (ဗိစ်မိလ္လာ အလ္လာဟု အက် ဗရ်) ဆိုရမည်ကိုမေ့ပြီး ဟဂ်ျရေအတ်စ်ဝဒ်ကို နမ်းကာ ဟ ဂ်ျရေအတ်စ်ဝဒ်နေရာမှ ဝေးသွားမှ သတိရသည့်အတွက် မကာမိအိဗ်ရာဟီးမ်သို့ သွားနေရင်း ဆိုခဲ့သူအပေါ် မည်သို့ တာဝန်ရှိပါသနည်း။

ဖြေ။ အိဿွ်သွိဗာအ်ဟူသည် အိဟ်ရာမ်ဝတ်ထားသူသ ည် မိမိ၏ အိဟ်ရာမ်ခြုံထည်၏ အလယ်ကို ညာဘက်ချိုင်း အောက်အတွင်းထားကာ၊ ခြုံထည်၏ အစနှစ်ဘက်ကို ဘ ယ်ဘက်ပခုံးပေါ်တင်ထားပြီး ၎င်း၏ ညာဘက်ပခုံးနှင့် လ က်မောင်းကို ဖော်ထားခြင်းဖြစ်သည်။ အိဿွ်သွိဗာအ်သ ည် မက္ကဟ်မြို့သို့ရောက်သည့်အခါ ပထမဦးဆုံး ပြုလုပ်သ ည့် သွဝါဖ်တွင် ပြုလုပ်ခြင်းမှာ စွန္နသ်ဖြစ်သည်။ ထို့ကြောင့် ဟဂ်ျသမသ်သုအ် ပြုလုပ်သူသည် အွမ်ရာ၏သွဝါဖ်တွင် လည်းကောင်း၊ ဟဂ်ျကိရာန်နှင့် ဟဂ်ျအိဖ်ရာဒ်ပြုလုပ်သူ

များသည် သွဝါဖ်ကူဒူးမ်တွင်လည်းကောင်း အိသ္တိသွိဗာအ်ပြုလုပ်ခြင်းမှာ စွန္နသ်ဖြစ်သည်။ သို့သော် မပြုလုပ်သူအပေါ်တွင် အပြစ်မရှိပေ။

ထို့အပြင် သွဝါဖ်စတင်သည့်အခါ "အလ္လာဟုအက်ဗရ်" နှင့် "ဗိစ်မိလ္လာဟ်" မဆိုသူပေါ်၌ မည်သည့်အပြစ်တစ် စုံတစ်ရာမျှမရှိပါ။ အဘယ်ကြောင့်ဆိုသော် သဝါဖ်နှင့် စအီပြေးခြင်းတွင် သက်ဗီရ်ဆိုခြင်း၊ ဇိကိရ် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်း၊ ဒုအာတောင်းခြင်းတို့သည် စွန္နသ်သာဖြစ်၍ ဝါဂိျဗ်မပြုမနေရ တာဝန်တစ်ရပ် မဟုတ်ပါ။ အမှန်တကယ် ဝါဂိျဗ်တာဝန်မှာ သွဝါဖ်နှင့် စအီကို စတင်သည့်အခါ၌ နီယသ်ပြုခြြင်းဖြစ်သည်။

ဖသာဝါ လက်ဂျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၁၀)

***

မေး။ ကျွန်တော်သည် သွဝါဖ်ပြုလုပ်နေစဉ် မိမိ၏ သမီးငယ်အား ချီထားပါသည်။ ကလေးငယ်သည် ဒိုင်ပါ(သေးခံ)ဝတ်ဆင်ထားပါသည်။ ကျွန်တော်သည် ဤပုံစံအတိုင်း သွဝါဖ်လုပ်ခွင့်မရှိကြောင်း ကြားသိခဲ့ပါသည်။ အကြောင်း

မှာ ဒိုင်ပါသည်များသောအားဖြင့် ဆီးများ ပေကျံတတ်သောကြောင့်ဖြစ်သည်။ သို့ရှိရာ ကျွန်ုပ်သည် ဆရာကြီးထံမှ ထိုကိစ္စနှင့်ပတ်သက်၍ တရားတော်၏ အမိန့်ပညတ်ချက် မည်သို့ရှိကြောင်းကို သိရှိလိုပါသည်။

ဖြေ။ အကယ်၍ ကလေးငယ်သည် ဒိုင်ပါဝတ်ထားလျှင်လည်း သွဝါဖ်လုပ်သူ၏ ခန္ဓာကိုယ်နှင့် အဝတ် အစားများကို အညစ်အကြေးတစ်စုံတစ်ရာ ပေကျံခြင်းမရှိလျှင် သွဝါဖ်လုပ်သူသည် ကလေးငယ်အား ချီပိုးထားခွင့်ရှိသည်။ ထိုနည်းတူ ထိုကလေးငယ်အား ချီပိုးလျှက် ဆဝ္ဝလာသ် ဝတ်ပြုခွင့်လည်းရှိသည်။

ဖသာဝါ လက်ဂျ်နသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၃၆)

***

မေး။ ဓမ္မတာသွေးဆင်းနေသည့် အမျိုးသမီးသည် သွဝါဖ်လုပ်ခွင့်ရှိပါသလား။

ဖြေ။ ဓမ္မတာသွေးဆင်းနေသည့် အမျိုးသမီးသည် ကအ်ဗဟ်ကျောင်းတော်အား သွဝါဖ်လုပ်ခွင့်မရှိပါ။ ဓမ္မတာမှ သန့်ပြန့်ပြီးနောက် ရေချိုးပြီးမှသာ ကအ်ဗဟ်ကျောင်း

တော်ကို သွဝါဖ်လုပ်ခွင့်ရှိသည်။ အ ကြောင်းမှာ တမန်တော်မြတ် (ﷺ)သည် အာအိရှဟ်(رضي الله عنها) ဓမ္မတာ သွေးဆင်းကာ ကိုယ်မသန့်ဖြစ်သွားချိန်၌

«لا تطوفي بالبيت حتى تطهري»

" အသင်မ ကိုယ်မသန့်မခြင်း ကအ်ဗဟ် ကျောင်းတော်အား သွဝါဖ်မပြုလုပ်နှင့် " ဟု မိန့်ကြားခဲ့သောကြောင့်ဖြစ်သည်။

ဖသာဝါ လင်္ဂျနသွ်သ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၄၉)

***

မေး။ အမျိုးသမီးတစ်ဦးအနေဖြင့် သူမ၏ခင်ပွန်း သို့မဟုတ် မဟ်ရမ် (နိကဟ်မပိုင်သည့်အမျိုး သား) သည် သူမနှင့်အတူ သွဝါဖ်နှင့် စအီမပါဝင်ဘဲ ဟရမ်ဗလီဝတ်ကျောင်းတော်အတွင်း၌သာ သူမ အွမ်ရဟ်ပြီးဆုံးသည်အထိ စောင့်နေမည်ဆိုပါက သူမအဖို့ ထိုသို့ သွဝါဖ်နှင့် စအီပြုလုပ်ခြင်းသည် မှန်ကန်ပါသလား။

ဖြေ။ အမျိုးသမီးတစ်ဦးအတွက် အွမ်ရာ သို့မဟုတ် ဟဂ်ျ၏ သွဝါဖ်ပြုလုပ်ရာတွင် သူမနှင့်အတူ မဟ်ရမ်တစ်ဦးပါ

ရှိခြင်းမှာ သွဝါဖ်ပိုင်ရန်အတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များတွင် မပါဝင်ပါ။ အမျိုးသမီးတစ်ဦးအတွက် အွမ်ရာအတွက်ဖြစ်စေ၊ အခြားကိစ္စအတွက်ဖြစ်စေ၊ ခရီးထွက်သည့်အခါတွင် သူမနှင့်အတူ မဟ်ရမ်တစ်ဦးလိုက်ပါရန် သတ်မှတ်ထားခြင်းဖြစ်သည်။

ဖသာဝါ လက်ဂျ်နသွသ် ဒါအိမဟ်၊ ဒုတိယစုစည်းမှု ( အတွဲ ၁၀ / စာမျက်နှာ ၃၅၃)

***

မေး။ လူတစ်ဦးသည် ကအ်ဗဟ်ကျောင်းတော်အား သွဝါဖ်လှည့်ပတ်နေစဉ် ဥပမာ - ပဥ္စမအပတ် မပြီးဆုံးမီ ဆွလာသ်အချိန်ကျရောက်လာသဖြင့် ဆွလာသ်ဝတ် ပြုခဲ့သည်။ ထို့နောက် သွဝါဖ်ကို ပြီးဆုံးအောင်ပြု လုပ်ရန်ထခဲ့သည်။ မေးလိုသည်မှာ ဆွလာသ်ဝတ်ပြုရန်အတွက် ရပ်လိုက်သည့် ပဥ္စမအပတ်ကို ထည့်သွင်းရေတွက်ပြီး ရပ်လိုက်သည့်နေရာမှ ပြန်လည်စတင်ကာ သွဝါဖ်လုပ်ခွင့်ရှိပါသလား။ သို့မဟုတ် ပဥ္စမအ ပတ်သည် ပျက်သွားပြီး ထိုပဥ္စမအပတ်အား ဟဂျ်ရေအတ်စ်ဝဒ်မှ နောက်တစ်ကြိမ်အသစ်ပြန်ပတ်ရမည်လား။

ဖြေ။ အမှန်ကန်ဆုံး အဆိုအရ ဤသို့သော အခြေ အနေတွင် ထိုအခေါက်မှာ ပျက်သွားခြင်းမရှိပါ။ ထို့ပြင် အိမာမ်နှင့်အတူ ဆွလာသ်ဝတ်ပြုရန်အတွက် ရပ်တန့်လိုက်သည့်နေရာမှပင် ထိုအခေါက်ကို စတင်ကာ ကျန်ရှိသည့်အပိုင်းကို ဆက်လက်ပြီးဆုံးအောင် လှည့်ပတ်ရမည်။

ဖသာဝါ လဂ်ျနသွဒ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၃၀)

***

မေး။ ဟဂ်ျရေအတ်စ်ဝဒ်သည် မိုးကောင်းကင်မှ ကျရောက်လာသည့် ကျောက်တုံးဖြစ်ပါသလားသို့မဟုတ် အခြားကျောက်တုံးများကဲ့သို့ သာမန်ကျောက်တုံးတစ်ခု ဖြစ်ပါသလား။

ဖြေ။ အလ္လာဟ်အရှင်မြတ်သည် ဟဂ်ျရေအတ်စ်ဝဒ် (အနက်ရောင်ကျောက်တော်)အား နမ်းရှုပ်ခြင်း၊ ထိကိုင်ခြင်းတို့ကို ကျွန်ုပ်တို့အပေါ်တွင် ပြဋ္ဌာန်းကာထူး ခြားစွာ ဂုဏ်ပေးထားတော်မူသည်။ အရှင်မြတ်သည် ထိုဟဂ်ျရေအတ်စ်ဝဒ်ကို ကျွန်ုပ်တို့ဆွလာသ်ဝတ်ပြုသည့်အခါ မျက်နှာမူရသော ကအ်ဗဟ်ကျောင်းတော် ၏ ထောင့်တစ်ခုတွင် ထား

ရှိစေတော်မူသည်။ သွဝါဖ်ပြုသူများသည် တတ်စွမ်းနိုင်ပါက ဂျာကျောက်တော်ကို နမ်းရှုပ်ခြင်းနှင့် ထိတွေ့ခြင်းပြုလုပ်ရန် သတ် မှတ်ထားသည်။ အကယ်၍ ထိုသို့ပြုလုပ်ရန် မလွယ်ကူပါက ၎င်းဟက်ဂျ်ရေအတ်စ်ဝဒ်ရှိသည့်နေရာနှင့် တစ်တန်းတည်းရပ်ကာ ၎င်းဘက်သို့ လက်ဖြင့် အိရှာရဟ် (ညွှန်ပြရင်း) "အလ္လာဟုအက်ဗရ်" ဟုဆိုရမည်။ သိရ်မိဇီကျမ်းနှင့် အခြားဟဒီးဆ်ကျမ်းများတွင် ဂျာကျောက်တုံးသည် ဂျန္နသ်မှကျရောက်လာသော ကျောက်တုံးဖြစ်သည်ဟု ဖော်ပြထားသော်လည်း ၎င်းဟဒီးဆ်၏ စနဒ်သည် ခိုင်မာမှု အားနည်းသည်။

ဖသာဝါ လဂ်ျနသွဒ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၂၈)

***

မေး။ ဟဂ်ျ သို့မဟုတ် အွမ်ရာ၏ ကျင့်စဉ်များတွင် ကအ်ဗဟ် ကျောင်းတော်ကို နမ်းရှုပ်ခြင်းသည် ပြုခွင့်ရှိပါသလား သို့မဟုတ် တားမြစ်ထားပါသလား။

ဖြေ။ ဟက်ဂျ်ရေအတ်စ်ဝဒ်ကို နမ်းခြင်းသာ မွတ်စ်သဟဗ် ဖြစ်ပါသည်။ တမန်တော်မြတ် (ﷺ)သည် ဟက်ဂျ်ရေအတ်စ်ဝ

ဒ်ကိုသာ နမ်းရှုပ်တော်မူခဲ့ကြောင်း အထောက် အထားလာရှိပြီး ၎င်းမှအပ ကအ်ဗဟ်ကျောင်းတော် ၏ အခြားအစိတ်အပိုင်းများကို နမ်းခဲ့ခြင်းမရှိပါ။

ဖသာဝါ လက်ျနသ္ဒသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၂၈)

***

မေး။ အမျိုးသမီးတစ်ဦးသည် မိမိ၏အနီးအနားတွင် သူစိမ်းယောကျ်ားများရှိနေပါက ဟဂ်ျရေအတ်စ်ဝဒ်ကို နမ်းခွင့်ရှိပါသလား။

ဖြေ။ ဟဂ်ျရေအတ်စ်ဝဒ်ကို နမ်းရှုပ်ခြင်းသည် သွဝါဖ်၏ စွန္နသ်အချက်များအနက်မှ စွန္နသ်မုအက္ကဒဟ် (အလွန်လေးနက်သည့် စွန္နသ်)တစ်ခုဖြစ်သည်။ အ ကယ်၍ လူထူထပ်မှုမရှိဘဲ၊ မိမိ၏လုပ်ရပ်ဖြင့် အ ခြားသူများကို အနှောင့်အယှက်မဖြစ်စေဘဲ လုပ် ဆောင်နိုင်ပါက တမန်တော်မြတ် (ﷺ) ၏ စွန္နသ်တော်ကို နောက်လိုက်မှုပြုသည့်အနေဖြင့် နမ်းရှုပ်သင့်သည်။ သို့ရာတွင် လူထူထပ်မှုနှင့် အခြားသူများကို ဒုက္ခရောက်စေမည့် အခြေအနေဖြစ်နေပါက နမ်းရှုပ်ခြင်းကို စွန့်လွှတ်ကာ အိရှာရဟ် (လက်ဖြင့်ညွှန်ပြခြင်း) ကိုသာ ပြု

လုပ်သင့်သည်။ အထူးသဖြင့် အမျိုး သမီးများအတွက် ဤ သို့ပြုလုပ်သင့်သည်။အဘယ် ကြောင့်ဆိုသော် အမျိုးသမီး သည် အောင်ဝ်ရဟ် (လုံခြုံစွာ ဖုံးကွယ်ထားရမည့်အစိတ် အပိုင်း) ဖြစ် သည်။ ထို့ပြင် အမျိုးသားများအတွက်ပင် လူ ထူထပ်နေပါက နမ်းရှုပ်ရန် ပြဋ္ဌာန်းထားခြင်းမရှိလျှင် အ မျိုး သမီးများအတွက် ပို၍ပင် မပြုလုပ်သင့်ပေ။ ထိုနည်း တူ အမျိုးသမီးအဖို့ လူထူထပ်မှုမရှိဘဲ နမ်းရှုပ်ရန် အခွင့်အ လမ်းရှိပါကလည်း ဟဂ်ျရေအတ်စ်ဝဒ်ကို နမ်းရှုပ်နေစဉ် မိ မိ၏ မျက်နှာကို ဖော်ထားခွင့်မရှိပါ။ အဘယ့်ကြောင့်ဆို သော် ထိုအချိန်၌ မဟရမ်မဟုတ်သော အမျိုးသားများ ရှိ နေနိုင်သောကြောင့်ဖြစ် သည်။

ဖသာဝါ လဂ်ျနသွ်သ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၂၉)

***

မေး။ ဟဂ်ျ သို့မဟုတ် အွမ်ရာပြုလုပ်သူသည် ကအ်ဗ ဟ် ကျောင်းတော်အား သွဝါဖ်လုပ်နေစဉ် ဟဂ်ျရီအစ္စမာအီ လ် (ဟသ္ဒီးမ်)အတွင်းမှ ဝင်ရောက်ဖြတ်သန်းခွင့်ရှိပါသ လား။

ဖြေ။ ဟဂ်ျ သို့မဟုတ် အွမ်ရာ၏ သွဝါဖ် သို့မဟုတ် နဖိလ်သွဝါဖ်ပြုလုပ်သူသည် ဟိဂ်ျရေအစ္စမာအီလ် (ဟသွီးမ်) အတွင်းမှ ဝင်ရောက်ဖြတ်သန်းခွင့်မရှိပါ။ အကယ်၍ ထိုသို့ ပြုလုပ်ပါက ၎င်း၏သွဝါဖ်သည် အထမြောက်မည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် သွဝါဖ်သည် ကအ်ဗဟ်ကျောင်းတော်ကို လှည့် ပတ်ရခြင်းဖြစ်ပြီး ဟိဂ်ျရေအစ္စမာအီလ်သည် ကအ်ဗဟ်ကျောင်းတော်၏ အစိတ်အပိုင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ -

(وليطوفوا بالبيت العتيق)

(ထို့ပြင် ၎င်းတို့သည် ရှေးဟောင်းအိမ်တော် (ကအ်ဗဟ် ကျောင်းတော်)အား သွဝါဖ် လှည့်ကြရမည်ဖြစ်သည်။)

ထို့ပြင် အိမာမ်မွတ်စ်လင်မ်နှင့် အခြားဟဒီးစ်ပညာ ရှင်များက အာအိရှဟ် (رضي الله عنها) ထံမှ ဆင့်ပြန်တင်ပြခဲ့ကြသည်။ သူမကပြောကြားသည်မှာ-

«سألت رسول الله صلى الله عليه وسلم عن الحجر، فقال: "هو من البيت» || ، وفي لفظ قالت: إني نذرت أن أصلي في البيت، قال:

ကျွန်မသည် တမန်တော်မြတ် (ﷺ)အား ဟိဂ်ျရေအစ်မာအီလ် (ဟသွီးမ်)နှင့် ပတ်သက်၍ မေးမြန်းခဲ့ရာ တမန်တော်မြတ်(ﷺ)က ယင်းသည် ကအ်ဗဟ်ကျောင်းတော်၏ အစိတ်

အပိုင်းဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့၏။ အခြားဆင့်ပြန် ချက်တစ်ခုတွင် ကျွန်မသည် ကအ်ဗဟ်ကျောင်းတော်အ တွင်း၌ ဆွလာသ်ဝတ်ပြုရန် နဇရ်ကိုးခဲ့ပါသည်ဟု လျှောက် ထားရာ တမန်တော်မြတ်(ﷺ)က

«صلي في الحجر، فإن الحجر من البيت» .

အသင်မ ဟိဂ်ျရ် (ဟသ္ဝီးမ်) ၌ ဆွလာသ်ဝတ်ပြုပါလော့။ ဧ ကန်စင်စစ် ဟိဂ်ျရေအစ္စမာအီလ်သည် ကအ်ဗဟ်ကျောင်း တော်၏ အစိတ်အပိုင်းဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သ ည်။"

ဖသာဝါ လဂ်ျနသ္ဒ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၃၃ )

***

၅။ စအီပြေးခြင်းဆိုင်ရာ ဖသ်ဝါ ခမ္မသတ်ဆုံးဖြတ် ချက် များ။

မေး။ စအီပြုလုပ်ရာတွင် အစိမ်းရောင်အမှတ်သားနှစ်ခု ကြားတွင် အမျိုးသမီးများအဖို့ (ဟရ်ဝလဟ်) ခပ် သွက်သွ က်လျှောက်ခြင်းနှင့်ပတ်သက်၍ ဟဂ်ျနှင့် အွမ်ရာ ဆိုင်ရာ ဖိ ကဟ်ကျမ်းများကို လေ့လာရာတွင် ကျွန်တော်၏ အနည်း

ငယ်မျှသောလေ့လာမှုများအရ အမျိုးသမီးများအား ဟရ်ဝလဟ်မှ တားမြစ်ထားသည့် အချက်ကို မတွေ့ရှိခဲ့ပါ။ တစ်ခါက ကျွန်ုပ်သည် တီဗီရုပ်သံတွင် ပညာရှင်တစ်ပါးက ' အမျိုးသမီးများ သည် စအီတွင် ဟရ်ဝလဟ် မပြုလုပ်ရ၊ ယင်းသည် အမျိုးသားများအတွက်သာဖြစ်ပြီး၊ ထိုသို့ မလျှောက်ခြင်းက အမျိုးသမီးများအတွက် ပို၍လုံခြုံမှုရှိစေပြီး သူမတို့၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများ မပေါ်လွင်စေရန်ဖြစ်သည်။' ဟု ပြောဆိုခဲ့သည်ကို ကြားသိခဲ့ရပါသည်။ သို့သော် ထိုပညာရှင်၏ မိမိစကားနှင့်ပတ် သက်၍ မည်သည့်အထောက်အထားမျှ တင်ပြခြင်းမရှိပါ။ ထိုအခါ ကျွန်တော်သည် မိမိ၏စိတ်ထဲ၌ အ ကယ်၍ ဤအချက်သည် ၎င်း၏ ထင်မြင်ယူဆ ချက်သာ ဖြစ်ပါက၊ ဟရ်ဝလဟ်ပြုလုပ်ခြင်းသည်လည်း စွန္နသ်တစ်ခုဖြစ်ပြီး ဟာဂျိရဟ် (အလိုင်းဟတ်စ်စလာမ်)မှ စတင်ခဲ့ခြင်းဖြစ်သည်ဟု တွေးတောမိပါသည်။ သို့သော် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ဖြင့် ဤသည်ကျွန်တော်၏ အမြင်သာဖြစ်ကြောင်းနား လည်ပါသည်။ ချီးမွမ်းခြင်းအပေါင်းသည် အလ္လာဟ်အရှင်မြတ် အဖို့သာ ဖြစ်တော်မူသည်။ ထို့ပြင် အမီရုလ်မုအ်မိနီးန် အ

လီ (رضي الله عنه) မိန့်ဆိုခဲ့သည့်အ တိုင်း " ဒီန် (သာသနာ) သည် လူတို့၏ အမြင်သက် သက်ဖြင့် မတည်ဆောက်နိုင်" ဆိုသည်ကိုလည်း သိရှိနားလည်ပါသည်။ ကျေးဇူးပြု၍ ကျွန်ုပ်အား ဤကိစ္စနှင့်ပတ်သက်၍ လမ်းညွှန်ပေးပါ။ အလ္လာဟ်အရှင်မြတ်သည် အသင့်အား ကောင်းချီးများ ချီးမြှင့်တော်မူပါစေ။

ဖြေ။ အိဗ်နုလ်မွန်ဇရ်က မိန့်ဆိုခဲ့သည် " အမျိုးသမီးများ အပေါ် ကအ်ဗဟ် ကျောင်းတော်ကို သွဝါဖ်လုပ်ရာတွင် ရမလ် (ခပ်သွက်သွက် ခြေလမ်းလှမ်းခြင်း) ပြုလုပ်ရန် မလိုအပ်ကြောင်း၊ ဆွဖာနှင့် မရ်ဝါကြားတွင်လည်း ခပ်သွက်သွက် လမ်းလျှောက်ခြင်းပြုရန် မလိုအပ်ကြောင်း၊ ထို့အပြင် သူမတို့အတွက် အိဿွိဗာအ် (အိဟ်ရာမ်ခြုံထည်၏ အလယ်ကို ညာဘက်ချိုင်းအောက်အတွင်းထားကာ၊ ခြုံထည်၏ အစနှစ်ဘက်ကို ဘယ်ဘက်ပခုံးပေါ်ထားခြင်း)လည်းမရှိကြောင်း ပညာရှင်များအားလုံး တစ်စုတစ်စည်းတည်း လက်ခံထားကြသည်။ အဘယ်ကြောင့်ဆိုသော် ရမလ်နှင့် အိဿွိဗာအ်တို့၏ မူလရည်ရွယ်ချက်မှာ အား အင်ပြသရန်ဖြစ်ပြီး၊ အမျိုးသမီးများအတွက် ဤအချက်မလိုအပ်

ပေ။ အမျိုးသမီးများအတွက် အဓိကရည်ရွယ်ချက်မှာ ဖုံး အုပ်ခြင်းသာဖြစ်ပြီး ရမလ်နှင့် အိသင့်ဒ္ဒိဗာအ်ပြုလုပ်ခြင်း သည် (ခန္ဓာကိုယ်အစိတ် အပိုင်းများကို) ပေါ်လွင်ရန် ဖိတ် ခေါ်နေသောကြောင့်ဖြစ်သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၂၆)

***

၆။ အွမ်ရာ၏ အိဟ်ရာမ်မှ ထွက်ခြင်းဆိုင်ရာ ဖသ်ဝါ ဓမ္မ သတ်ဆုံးဖြတ်ချက်များ။

မေး။ လူတစ်ဦးသည် ဤအပတ်တွင် အွမ်ရာပြုလုပ်ပြီး ခေါင်းရိတ်ခဲ့သည်။ ထို့နောက် ရှေ့လာမည့်အပတ်တွင် အွ မ်ရာထပ်မံပြုလုပ်လိုသူလျှင် မည်သို့ပြုလုပ်ရမည်နည်း။ အဘယ်ကြောင့်ဆိုသော် ၎င်း၏ဆံပင်မှာ အလွန်တိုနေပြီး တခါတရံ ဆံပင်လုံးဝ ပြန်မထွက် သေးတာမျိုးလည်းရှိသ ည်။

ဖြေ။ အွမ်ရာ သို့မဟုတ် ဟဂ်ျပြုလုပ်သူသည် ဦး ခေါင်း ရှိ ဆံပင်ကို ရိတ်ရန် သို့မဟုတ် ညှပ်ရန် အရေး ကြီးပါသည် ။ အကယ်၍ ဦးခေါင်းတွင်ဆံပင်လုံးဝမရှိပါက ထိုတာဝန်

ကျသွားပြီဖြစ်ပြီး ၎င်း၏ဟဂ်ျ သို့မ ဟုတ် အွမ်ရာမှာအထ မြောက်သွားသည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၃၂၇)

***

မေး။ အုပ်စုတစ်စုသည် အွမ်ရာပြုရန် သွားခဲ့သည်။ ထို့ နောက် ၎င်းတို့သည် မိမိတို့၏ အွမ်ရာကျင့်စဉ်များကို ပြီး ဆုံးအောင် ဆောင်ရွက်ခဲ့ကြပြီးနောက် ၎င်းတို့အနက်မှ တ စ်ဦးက အခြားသူများကို ဦးခေါင်းရိတ်ပေးခဲ့သည်။ ထို့နော က် ၎င်းတို့ထဲမှတစ်ဦးက ထိုသူအား ဦးခေါင်းရိတ်ပေးခဲ့ပြီး ၎င်းတို့အားလုံး အွမ်ရာ (၏အိဟ်ရာမ်)မှ ထွက်ခဲ့ကြသည်။ ထိုကိစ္စနှင့်ပတ် သက်၍ အမိန့်မည်သို့ ရှိပါသနည်း။

ဖြေ။ အကယ်၍ အိဟ်ရာမ်ပြုထားသူ တစ်ဦးသည် အ ခြားအိဟ်ရာမ်ပြုထားသူတစ်ဦး၏ ဦးခေါင်းကို ရိတ်ပေး ပြီး အိဟ်ရာမ်မှ ထွက်ရန် ရည်ရွယ်ခဲ့လျှင် ထိုသို့ပြုလုပ်ခြ င်းသည် ကိစ္စမရှိပေ။ အဘယ့်ကြောင့်ဆိုသော် ထိုသို့ ဦး ခေါင်းရိတ်ခြင်းကို တရားတော်က ခွင့်ပြုထားသည်။

ဖသာဝ်ါ လင်္ဂျနသ္ဝသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၄၆)

***

မေး။ ဟဂ်ျနှင့် အွမ်ရာတွင် မှန်ကန်သော ခေါင်းရိတ်ခြင်းမှာ ဓားဖြင့်ရိတ်ခြင်းဖြစ်ပါသလား၊ သို့မဟုတ် စက်ဖြင့်ရိတ်ခြင်းဖြစ်ပါသလား။ ထို့ပြင် ဓားဖြင့်ရိတ်ခြင်းသည် စက်ဖြင့်ရိတ်ခြင်းထက် ပိုမို၍ မွန် မြတ်ပါသလား၊ သို့မဟုတ် နှစ်မျိုးစလုံး အတူတူပင်ဖြစ်ပါလား၊ ကျေးဇူးပြု၍ ရှင်းပြပေးပါ။

ဖြေ။ အဓိကအချက်မှာ ဆံပင်ရိတ်ရန် သို့မဟုတ် ဆံ ပင်ညှပ်ရန်သာ ဖြစ်ပြီး မည်သည့်ကိရိယာကိုသုံးသည်ဖြစ်စေ ကိစ္စမရှိပါ။ သို့ရာတွင် ဆံပင်ရိတ်ခြင်းက ပိုမွန်မြတ်ကြောင်း နားလည်ထားရမည်။ ဆံပင် ရိတ်ခြင်းဆိုသည်မှာ ဓား (သို့) အခြားကိရိယာဖြင့် ဆံ ပင် ကိုအရင်းမှ ဖယ်ရှားခြင်းဖြစ်သည်။ တမန်တော်မြတ် (ﷺ) ထံ မှန်ကန်သည့်ဆင့်ပြန်ချက်ဖြင့်လာရှိသည်မှာ ကိုယ်တော်မြတ်သည်ဆံပင်ရိတ်သူများအ တွက် မဂ်ဖိရသ်ခွင့်လွှတ်ငြိမ်းချမ်းသာခွင့်နှင့် ရဟ်မသ် ကရုဏာရရန် သုံးကြိမ်တိုင် ဒုအာပြုပေးခဲ့ပြီး၊ ဆံ

ပင်ညှပ်သူ များအတွက်မူ တစ်ကြိမ် ဒုအာပြုပေးတော်မူ သည်။

ဖသာဝဲ လင်္ဂျနသွင် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၀၁)

***

မေး။ ဂျိဒ်ဒါမြို့တွင် နေထိုင်သူတစ်ဦးသည် အွမ်ရာပြု ပြီးနောက် ဂျိဒ်ဒါမြို့တွင်ဦးခေါင်းရိတ်လျှင် ၎င်း ၏ အမိန့်မှာ မည်သို့ရှိပါသနည်း။

ဖြေ။ ဟဂ်ျ (သို့မဟုတ်) အွမ်ရာအတွက် ဦးခေါင်းရိတ်ခြင်းကို ဟရမ်(မက္ကာဟ်မြို့)အတွင်း၌ဖြစ်စေ သို့မ ဟုတ် ဟရမ် (မက္ကာဟ်မြို့ )အပြင်ဘက်၌ဖြစ်စေ မည်သည့်နေရာတွင်မဆို ပြုလုပ်နိုင်ပါသည်။ သို့သော် အွမ်ရာတွင် ဦးခေါင်းရိတ်ခြင်း (သို့မဟုတ်) ဆံပင်ညှပ်ခြင်း မပြုမချင်း အိဟ်ရာမ်မှ မထွက်နိုင်ပါ။ ဟဂ်ျတွင် ဂျမ်ရာသ်ကို ခဲပေါက်ခြင်း၊ သွဝါဖ်ပြုလုပ်ခြင်းနှင့် စအီပြေးခြင်းတို့ကို ပြုလုပ်ပြီးပါက ဦးခေါင်းမရိတ်မခြင်း (သို့မဟုတ်) ဆံပင်မညှပ်မချင်း ဇနီးသည် နှင့် ပေါင်းသင်းဆက်ဆံခွင့်မရှိပါ။

ဖသာဝါ လက်ဂျနသွင် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၀၃)

***

မေး။ လူတစ်ဦးသည် ဂျိဒ်ဒါမြို့သို့ ရောက်ရှိလာပြီး နောက်တစ်နေ့တွင် မိမိဘဝ၏ပထမဦးဆုံးအွမ်ရာကို ပြုလုပ်ရန်သွားခဲ့သည်။ သူသည် မိမိ၏အမျိုးတစ်ဦးနှင့်အတူ သွားရောက်ကာ အွမ်ရာကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့သည်။ စအီပြေးခြင်း ပြီးဆုံးသွားသော အခါ ကျွန်တော်က ၎င်းအား "ကျွန်တော်တို့ ခေါင်းရိတ်ကြမလား၊ ဒါမှမဟုတ် ဆံပင်ညှပ်ကြမလား" ဟု မေး မြန်းခဲ့ရာ ၎င်းက " ကျွန်တော်တို့အိမ်ပြန်ရောက်မှ ခေါင်းရိတ်ကြမည်" ဟု ပြောကြားခဲ့သည်။ သို့သော် အိမ်သို့ပြန်ရောက်သောအခါ ကျွန်တော်တို့ ခေါင်းရိတ်ရန် မေ့သွားခဲ့ပြီး အိဟ်ရာမ် အဝတ်များကို ချွတ်လိုက်ကြပါသည်။ ထို့အတွက် ကျွန်တော်တို့အပေါ် မည်သို့လုပ်ဆောင်ရန် တာဝန်ရှိပါသနည်း။ အသင့်အား အလ္လာဟ်အရှင်မြတ် အကောင်းဆုံးအကျိုး ချီးမြှင့်တော်မူပါစေ။

ဖြေ။ သွဝါဖ် နှင့် စအီ ပြုလုပ်ပြီးနောက် ခေါင်းရိတ်ရန် သို့မဟုတ် ညှပ်ရန် မေ့သွားကာ ခေါင်းရိတ်ခြင်း သို့မဟုတ် ညှပ်ခြင်းမပြုမီ သာမန်အဝတ်အစားများကို ပြန်ဝတ်မိသူ သည် သတိရလျှင်ရခြင်း သာမန်အ ဝတ်များကို ချွတ်ကာ အိဟ်ရာမ် အဝတ်အစားကို ပြန် လည်ဝတ်ဆင်ရမည်။ ထို့ နောက် ခေါင်းရိတ်ခြင်း သို့ မဟုတ် ညှပ်ခြင်း ပြုလုပ်ပြီးမှ သာ သာမန်အဝတ်များကို ပြန်လည်ဝတ်ရမည်။ ထိုသို့ ပြု လုပ်ခဲ့သည့် အ တွက် ၎င်းအပေါ်၌ ဖိဒ်ယဟ်ပေးရန် မလိုအ ပ်သလို အပြစ်တစ်စုံတစ်ရာလည်း မရှိပါ။အဘယ်ကြောင့် ဆိုသော် ၎င်းသည် မေ့လျော့မှုကြောင့် ခွင့်လွှတ်ခြင်းခံရသူ ဖြစ်သည်။

ဖသာဝါ လင်္ဂျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၀၆)

***

ဟဂ်ျပြုသူများအတွက် အလွန်လိုအပ်သော ဖသ်ဝါမေ့ သတ် ဆုံးဖြတ်ချက်များ (၂)[1]

---

1 ဆော်ဒီအာရေဗျနိုင်ငံ၏ ဖသ်ဝါမေ့သတ်ဆုံးဖြတ် ချက်များဆိုင်ရာ အမြဲတမ်းကော်မ တီ၏ ဖသ်ဝါပေါင်းချုပ်ကျမ်းမှ ရွေးချယ်ထားသော ဖသ်ဝါမေ့သတ်ဆုံးဖြတ်ချက် များဖြစ်သည်။ မေးခွန်းများကို သင့်တော်သလို အတိုချုံးထားသည်။

ဟဂ်ျ၏အမိန့်၊ ဟဂ်ျ၏အဆင့်အတန်းနှင့် ကိုယ်စားဟဂ်ျပြုလုပ်ခြင်း။

မေး။ မက္ကဟ်မြို့သည် အစ္စလာမ့်ကမ္ဘာအတွက် မည်မျှအရေးပါသနည်း။

ဖြေ။ အလ္လာဟ်အရှင်မြတ်သည် မက္ကဟ်မြို့အား လူသားတို့အတွက် စုရုံးရာနေရာနှင့် လုံခြုံအေးချမ်းသော ဟရမ်နေရာအဖြစ် ပြုလုပ်ထားတော်မူသည်။ ဟဂ်ျပြုလုပ်သူများနှင့် သာသနာ့ပညာရှင်များသည် ယင်းလုံခြုံအေးချမ်းသော ဟရမ်နေရာတွင်စုရုံးကြပြီး စိတ်ချမ်းသာစွာဖြင့် မိမိတို့၏ အိဗာဒသ်ခဝပ်ကိုးကွယ်မှုများကို ဆောင်ရွက်ကြပါသည်။ ၎င်းတို့ သည် အလ္လာဟ်အရှင်မြတ်၏ အကျိုးကျေးဇူးကို မျှော်ကိုးကာ အရှင့်ပြစ်ဒဏ်ကို ကြောက်ရွံ့လျက် ရှိနေနေသည်။ မွတ်စ်လင်မ်များသည် ဤနေရာတွင် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြသည်၊ ကောင်းသောအ ကြံဉာဏ်များ ပေးကြသည်၊ မိမိတို့၏ ဘာသာရေးနှင့် လောကီရေးဆိုင်ရာ အရေးကိစ္စများကို တိုင်ပင်ဆွေးနွေးကြသည်။ ထို့ပြင် ဤနေရာတွင် ဆွလာသ်ဝတ်ပြုခြင်းနှင့် ကောင်းမှုကု

သိုလ်များပြုလုပ်ခြင်း ၏ အကျိုးကျေးဇူးသည် ဆတက် ထမ်းပိုး ချီးမြှင့်ခြင်းခံရပါသည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၈)

***

မေး။ ကျွန်တော့်ဖခင်သည် လွန်ခဲ့သော နှစ်(၄၀)ခန့်က ခြေလျင် ဟဂ်ျတစ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် သူသည် အွမ်ရာနှစ်ကြိမ်ပြုလုပ်သည်။ နောက်ဆုံးအွမ်ရာကို မကွယ်လွန်မီအနည်းဆုံး သုံးနှစ်အလိုတွင်ပြုလုပ်ခဲ့သည်။ ကျွန်တော်၏ဖခင်သည် စာရေးတတ်၊ ဖတ်တတ်တဲ့သူ မဟုတ်သည့်အတွက် ၎င်းသည် ဟဂ်ျကို မည်သို့ပြုလုပ်ခဲ့သည်ကို ကျွန်တော်မသိပါ။ သို့ဖြစ်၍ ကျွန်တော့်အနေဖြင့် ဖခင်ကိုယ်စား ဟဂ်ျပြန်လည်ပြုလုပ်ရန် လိုအပ်ပါသလား။ ဤကိစ္စနှင့်ပတ်သတ်၍ လူကြီးမင်း၏ အမြင်မည်သို့ရှိပါသနည်း ။

ဖြေ။ ဟဂ်ျပြုလုပ်ခြင်းသည် တစ်သက်မှာ တစ်ကြိမ်သာ ဖရ်သွ်ဖြစ်ပါတယ်။ အမလ်အိဗာဒသ်များနဲ့ ဟဂ်ျကျင့်စဉ်များတွင် အခြေခံသဘောတရားသည် ( ၎င်းအမလ်

အိဗာဒသ်များကို ) မှန်ကန်စွာ ပြုလုပ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဒုတိယအကြိမ် ဟဂျ်ပြုလုပ်ဖို့ မလိုအပ်ပါ။ သို့သော် အကယ်၍ အသင်သည် အသင့်ဖခင်ကိုယ်စားဟဂျ် ပြုလုပ်မည်ဆိုပါက ထိုဟဂ်ျသည် နဖိလ်ဟဂျ် ဖြစ်သွားပေမည်။ အကယ်၍ အလ္လာဟ်အရှင်မြတ်သည် အသင့်၏ဟဂျ်ကို လက်ခံတော်မူမည်ဆိုလျှင်အသင့်အတွက်ရော အသင့်ဖခင်အတွက်ပါ ကြီးမားသောအကျိုးစဝါးဗ်ရရှိမည်ဖြစ်သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၅)

***

မေး။ ခင်ပွန်း၏ ခွင့်ပြုချက်မပါဘဲ ဇနီးသည် ဖရ်သွ်ဟဂျ်ပြုလုပ်ရန် သွား ရောက်ခြင်း၏အမိန့်မှာ မည်သို့ရှိပါသနည်း။

ဖြေ။ ဖရ်သွ်ဟဂျ်သည် တတ်စွမ်းနိုင်ခြင်းဟူသော သတ်မှတ်ချက်ဖြင့် ပြည့်စုံပါက မပြုမနေရတာ ဝန်ဖြစ်သည် ။ ထိုသတ်မှတ်ချက်တွင် ခင်ပွန်း၏ ခွင့်ပြု ချက် မပါဝင်ပါ။ ထို့ကြောင့် ခင်ပွန်းအနေဖြင့် ဇနီးသည်အား တားဆီးခွင့်မရှိ

သည့်အပြင် ထိုဖရ်သည့်တာ ဝန်ကို ထမ်းဆောင်ရန်အတွက် သူမအား ကူညီပံ့ပိုးရန် ပြဌာန်းထားသည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၀)

***

မေး။ အိမ်ထောင်ရှိသော အမျိုးသမီးသည် ခင်ပွန်း၏ သဘောတူညီမှုမပါဘဲ သူမ၏ဆွေမျိုးများဖြစ်သည့် အစ်ကို၊ မောင်များနှင့်အတူ ဟဂ်ျသွားခွင့်ရှိပါသလား။

ဖြေ။ အမျိုးသမီးသည် မိမိခင်ပွန်း၏ ခွင့်ပြုချက်မရှိဘဲ ဟဂ်ျအတွက် ခရီးထွက်ခွင့်မရှိပါ။ သို့သော် ထိုဟဂ်ျသည် ဖရ်သည့်ဟဂ်ျဖြစ်ပါက၊ သူမအတွက် မဟ်ရမ် (နိကဟ်ဟရာမ်ဖြစ်သော ဆွေမျိုးသား ချင်း)ပါရှိလျှင် ခင်ပွန်းသည် သူမအား တားဆီးခွင့်မရှိပါ။ သိထားရမည့်အချက်မှာ အမျိုးသမီးသည် မဟ်ရမ်မပါဘဲ ဟဂ်ျဖြစ်စေ၊ အခြားကိစ္စအတွက်ဖြစ်စေ ခရီးထွက်ခွင့် မရှိပါ။ တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည် -

«لا يحل لامرأة تؤمن بالله واليوم الآخر أن تسافر إلا ومعها ذو محرم»،

“အလ္လာဟ်အရှင်မြတ်နှင့် နောက်ဆုံးနေ့ကို ယုံကြည်သော အမျိုးသမီးအတွက် သူမနှင့်အတူ မဟ်ရမ်မပါဘဲ ခရီးထွက်ခွင့်မရှိပါ။” ဖရ်သ္ဝ်ဟဂ်ျတွင်ဖြစ်စေ၊ နဖိလ်ဟဂ်ျတွင်ဖြစ်စေ မဟ်ရမ်၏အစား အမျိုးသမီးများစု၍ အဖွဲ့လိုက်သွားခြင်းသည် မလုံလောက်ပေ။

ဖသာဝါ လဂ်ျနသွ်သ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၄၀)

***

မေး။ အကယ်၍ ကျွန်တော်သည် အရွယ်မရောက်သေးမိမိကလေးကို ကျွန်တော်နှင့်အတူ ဟဂ်ျပြုရန် ခေါ်သွားပါက ကျွန်တော်အနေဖြင့် သူ့အားအိဟ်ရာမ်ဝတ်ပေးပြီး သူ့ကိုယ်စား သွဝါဖ်အပါအဝင် ဟဂ်ျကျင့်စဉ်များအားလုံးကို ဆောင်ရွက်ပေးရမည်လော။ သို့မဟုတ် သူသည်ကလေးဖြစ်ပြီး ဟဂ်ျလုပ်ရန် တာဝန်မထိုက်သည့်အတွက် ပုံမှန်အဝတ်အစားများကိုသာ ဝတ်ဆင်ပေးပြီး သူ့ကိုယ်စား ဟဂ်ျကျင့်စဉ်များကို မဆောင်ရွက်ပေးဘဲ နေရမည်လော။

ဖြေ။ အရွယ်မရောက်သေးသော်လည်း နားလည်နိုင်စွမ်းရှိသော ကလေးကို သူ၏အုပ်ထိန်းသူက ဟဂ်ျပြုစေလို

ပါက၊ အုပ်ထိန်းသူသည် ကလေးအား အိပ်ရာမ်ဝတ်စုံ ဝ
တ်ဆင်စေပြီး မီကာသ်မှ အိပ်ရာမ်ကို စတင်ဝတ်ဆင်ခြင်း
အပါအဝင် ဟဂ်ျကျင့်စဉ်များအားလုံးကို ကလေးကိုယ်တို
င် ပြုလုပ်စေရမည်။ သို့သော် ကလေးသည် ကိုယ်တိုင် ရှိုင်
သွာန်ခဲမပေါက်နိုင်လျှင် အုပ်ထိန်းသူက ကိုယ်စား ခဲပေါက်
ပေးရမည်။ထို့ပြင် အုပ်ထိန်းသူက ကလေးအား အိပ်ရာမ်
ပြုလုပ်ထားစဉ် တားမြစ်ထားသည့်အချက်များကို ရှောင်
ကြဉ်ရန် ညွှန်ကြားရမည်။ အကယ်၍ ကလေးသည် နားလ
ည်နိုင်စွမ်းမရှိပါက အုပ်ထိန်းသူသည် ကလေးကိုယ်စား အွ
မ်ရာ သို့မဟုတ် ဟဂ်ျအတွက် အိပ်ရာမ်၏ နီယသ်ပြုရမ
ည်။ ကလေးအား မိမိနှင့်အတူ သွဝါဖ်လှည့်ခြင်းနှင့် စအီ
ပြေးခြင်းတို့ကို လုပ်ဆောင်ပေးရမည်။ ကျန်ရှိသော ဟဂ်ျ
ကျင့်စဉ်များတွင် ကလေးအား မိမိနှင့်အတူ လိုက်ပါစေရမ
ည်။ ကလေးကိုယ်စား ရှိုင်သွာန်ခဲပေါက်ပေးရမည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု
(အတွဲ ၁၁ / စာမျက်နှာ ၂၂)

***

မေး။ ယောက်ကျားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ ကလေးငယ်တစ်ဦးသည် ဖရ်သွ်ဟဂ်ျကို ဆောင်ရွက်ခဲ့ပါက၊ ယင်းသည် ဖရ်သွ်တာဝန်အတွက် လုံလောက်သွားပါသလား၊ သို့မဟုတ် နဖိလ်ဟဂ်ျအဖြစ်သာ သတ်မှတ်ပြီး ယင်း၏အကျိုးကုသိုလ်သည် မိဘနှစ်ပါးအတွက် ဖြစ်သွားပါသလား။

ဖြေ။ အရွယ်မရောက်သေးသော ကလေးငယ် ပြုလုပ်ခဲ့သော အွမ်ရာ သို့မဟုတ် ဟဂ်ျကို နဖိလ်အဖြစ်သာ သတ်မှတ်ရမည်။ ၎င်းသည် အစ္စလာမ်၏ မဖြစ်မနေပြုလုပ်ရမည့် ဟဂ်ျ (ဟဂ်ျသွလ်အစ္စလာမ်) နှင့် အွမ်ရာ တာဝန်အတွက် လုံလောက်သွားခြင်းမရှိပါ။

ဖသာဝါ လဂ်ျနသွ်ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၃)

***

မေး။ အမျိုးသမီးတစ်ဦးသည် ဆော်ဒီအာရေဗျနိုင်ငံသို့ ရောက်ရှိလာပြီး အိမ်ရှင်၏ ငွေကြေးထောက်ပံ့မှုဖြင့် ဟဂ်ျပြုလုပ်ခဲ့သည်။ သူမက မေးမြန်းလိုသည်မှာ မိမိ၏ငွေကြေးဥစ္စာ မသုံးစွဲဘဲ ပြုလုပ်ခဲ့သော သူမ၏ဟဂ်ျသည် (ဟ

ဂျ်ဂျသွလ်အစ္စလာမ်) ဖရ်သ္ဂ်ဟဂျ်တာဝန်ကို ကျေပွန်စေပါသလား။

ဖြေ။ သူမသည် မိမိ၏ဖရ်သ္ဂ်ဟဂျ်တာဝန်ကို ထမ်းဆောင်ရာတွင် ကိုယ်ပိုင်ငွေကြေး မသုံးစွဲခြင်း သို့မဟုတ် ကိုယ်ပိုင်ငွေကြေးအနည်းငယ်သာ သုံးစွဲပြီး အဓိက ကုန်ကျစရိတ်များကို အခြားသူများက ထောက်ပံ့ပေးခြင်းတို့သည်သူမ၏ဟဂျ် အထမြောက်မှုအပေါ် မည်သို့မျှထိခိုက်မှုမရှိပါ။ သူမအနေဖြင့်

ဟဂျ်၏ စည်းကမ်းချက်များ၊ ဖရ်သ္ဂ်တာဝန်များနှင့် ဝါဂျိဗ်တာဝန်များကိုပြည့်စုံစွာဆောင်ရွက်ခဲ့လျှင် အခြားသူက ကုန်ကျစရိတ်များကို ထောက်ပံ့ခဲ့သည့်တိုင် သူမ၏ဟဂျ်တာဝန်မှာ ကျေပွန်သွားပြီဖြစ် သည်။

ဖသာဝါ လဂျ်နသ္ဒ်ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၃၄)

***

မေး။ ... နိုင်ငံတွင် ဟဂျ်သွားလိုသူသည် ဘဏ်တွင် ၁၂၅ သိန်း အပ်နှံထားရန် လိုအပ်သည်။ ယင်းမှာ အ လွန်ကြီးမားသော ငွေပမာဏဖြစ်ပြီး ဘဏ်များသည် အတိုးနှင့် လုပ်ကို

င်ကြောင်းလည်း သိရှိပါသည်။ ဟက်ဂျ်သွားရန် ဤနည်းလမ်းမှအပ အခြားနည်းလမ်းလည်းမရှိပါ။ ဤသို့သော အခြေအနေမျိုးတွင် တတ် စွမ်းနိုင်သော မွတ်စ်လင်မ်အပေါ်၌ ဟက်ဂျ်သည် ဖရ်သ္ဖြစ်ပါသလား။ မွတ်စ်လင်မ်တစ်ဦးသည် အတိုးယူသောဘဏ်များနှင့် အစိုးရကို ပံ့ပိုးကူညီရာရောက်နေသည်ကို သိလျက်နှင့် ၎င်းအနေဖြင့် ဟက်ဂျ်ပြုလုပ်ပါက သူ၏ဟက်ဂျ်မှာ မှန်ကန်အထမြောက်ပါသလား။

ဖြေ။ ဟက်ဂျ်သည် မှန်ကန်အထမြောက်သည်။ ဖော်ပြထားသော အကြောင်းအရာများသည် တတ်စွမ်းနိုင်သူအတွက် ဟက်ဂျ်ကို နှောက်ဆိုင်းထားရန် အကြောင်းပြချက်မဟုတ်ပါ။

ဖသာဝါ လက်ဂျ်နသ္ဒ ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၄၂)

***

မေး။ ဟရာမ်နည်းလမ်းဖြင့် ရှာဖွေထားသောငွေကြေးဉစ္စာဖြင့် ဟက်ဂျ်ပြုလုပ်သူ၏အမိန့်မှာ မည်သို့ရှိပါသနည်း။ ထိုဟက်ဂျ်သည် လက်ခံခြင်းခံရမည်လော။

ဖြေ။ ဟာရာမ်နည်းလမ်းဖြင့်ရှာဖွေထားသော ငွေကြေးဥစ္စာဖြင့် ဟဂ်ျပြုလုပ်ခြင်းသည် ဟဂ်ျပိုင်ခြင်းကို အ တားအဆီးမဖြစ်စေပါ။ သို့သော် ဟာရာမ်နည်းလမ်းဖြင့် ငွေကြေးဥစ္စာရှာဖွေခြင်းအတွက် အပြစ်ရှိသလို ဟဂ်ျ၏ အကျိုးစဝါးဗ်ကိုလည်း လျော့နည်းစေပါ သည်။ သို့သော် ဟဂ်ျကို မပျက်စေပါ။

ဖသာဝါ လဂ်ျနသ္ဒာ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၄၃)

***

မေး။ ကျွန်တော်သည် နှစ်စဉ်အရစ်ကျ ပြန်ဆပ်ရသည့် ချေးငွေတစ်ခုကို ဘဏ်မှ ယူခဲ့ပါသည်။ ထိုချေးငွေကို ဘဏ်ကို ပြန်ဆပ်ရန် ကျန်နေသေးသည့်အချိန်တွင် ကျွန်တော်အနေဖြင့် ဟဂ်ျပြုလုပ်ခွင့်ရှိပါသလား။

ဖြေ။ ဟဂ်ျပြုလုပ်ရန် တတ်စွမ်းနိုင်မှုသည် ဟဂ်ျ ဖရ်သ္ဒ ထိုက်စေသည့် အချက်များအနက်မှ တစ်ချက်ဖြစ်သည်။ အကယ်၍ သင့်အနေဖြင့် ဟဂ်ျပြုလုပ်နိုင်သည့် ငွေကြေးရှိပြီး ဟဂ်ျသွားနေစဉ် အရစ်ကျ ပြန်ဆပ်ရမည့်ငွေကိုလည်း ပေးဆပ်နိုင်လျှင် သင့်အပေါ်တွင် ဟဂ်ျပြုလုပ်ရန်တာဝန်ရှိ

သည်။ အကယ် ၍ နှစ်ခုစလုံး သင့်အပေါ်တွင် တာဝန်ရှိပြီး နှစ်ခုစ လုံးကို တစ်ပြိုင်တည်း မစွမ်းဆောင်နိုင်လျှင် သင့်အနေဖြင့် အရစ်ကျ ဆပ်ရမည့်ငွေကို အရင်ပေးပြီး ဟဂ်ျကို တတ်စွမ်းနိုင်သည့်အချိန်အထိ ရွှေ့ဆိုင်းလိုက်ပါ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်က ဤသို့မိန့်ကြားထားတော်မူသည်။

{ولله على الناس حج البيت من استطاع إليه سبيلا}

(ထို့ပြင် လူများထဲမှ အရှင်မြတ်၏ အိမ်တော်ထံသို့ သွားရောက်ရန် တတ်စွမ်းနိုင်သော သူများအပေါ်တွင် အလ္လာဟ်အရှင်မြတ်အတွက် ဟဂ်ျပြုလုပ်ရန် ဖရ်သွ်တာဝန်ရှိသည်။)

ဖသာဝါ လဂ်ျနသွ်သ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၄၅)

***

မေး။ လူတစ်ဦးသည် မိမိကိုယ်တိုင် ဟဂ်ျမပြုလုပ်ရသေးသည့်အပြင် ၎င်း၌ကိုယ်ပိုင်ငွေကြေးလည်းမရှိဘဲ ကိုယ်စားဟဂ်ျပြုလုပ်ခိုင်းသူ၏ငွေဖြင့် သေဆုံးသူ သို့မဟုတ် အိုမင်းမစွမ်းသူအတွက် ဟဂ်ျပြုလုပ်မည်ဆိုပါက၊ ၎င်းအ

နေဖြင့် မိမိအတွက် ဟဂ်ျအရင်ပြုလုပ်ရမည်လော သို့မဟုတ် ကိုယ်စားဟဂ်ျပြုခိုင်းထားသူအတွက် အရင်ဟဂ်ျပြုလုပ်ပေးရမည်လော။

ဖြေ။ မိမိအတွက် ဟဂ်ျမပြုလုပ်ရသေးသူသည် အခြားသူကိုယ်စား ဟဂ်ျပြုလုပ်ခွင့်မရှိပါ။ ဤသည် အိဗ်နုအဗ္ဗာစ် (ရဿိယလ္လာဟုအန်ဟု) ဆင့်ပြန်ခဲ့သည့် တမန်တော်မြတ် (ﷺ) ၏ မိန့်ကြားချက်အရဖြစ်သည်။

«أن النبي صلى الله عليه وسلم سمع رجلا يقول: لبيك عن شبرمة، قال: "حججت عن نفسك؟ " قال: لا، قال: "حج عن نفسك، ثم عن شبرمة» .

"တမန်တော်မြတ်(ﷺ)သည် (ဟဂ်ျပြုလုပ်နေစဉ်) အမျိုးသားတစ်ဦးက "လဗ်ဗိုက်က အန်ရှုဗ်ရုမဟ်" (ရှုဗ်ရုမဟ်ကိုယ်စား လဗ်ဗိုက်ဆိုပါ၏)ဟု ပြောဆိုသည်ကို ကြားတော်မူသည်။ ထိုအခါ တမန်တော်မြတ် (ﷺ) က အသင့်အတွက် အသင် ဟဂ်ျပြုလုပ်ပြီးပြီလားဟု မေးမြန်းတော်မူရာ ၎င်းက မလုပ်ရသေးပါဟု ဖြေကြားခဲ့သည်။ ထိုအခါတမန်တော်မြတ် (ﷺ)က ပထမဦးစွာ မိမိအတွက် ဟဂ်ျပြုလုပ်ပါ ၊ ထို့နောက် ရှုဗ်ရုမဟ်ကိုယ်စား ဟဂ်ျပြုလုပ်ပေးပါဟု မိန့်ကြားတော်မူခဲ့သည်။"

ဖသာဝါ လက်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၅၀)

***

မေး။ မိမိအတွက် ဖရ်ည္သဟာက်ျပြုလုပ်ပြီးသော မွတ်စ်လင်မ်တစ်ဦးသည် ကိုယ်တိုင် ဖရ်ည္သဟာက်ျတာဝန်ကို ထမ်းဆောင်ရန်အတွက် (မက္ကဟ်သို့ သွားရန် ) မတတ်စွမ်းနိုင်သော မိမိ၏ဆွေမျိုးသားချင်းတစ်ဦးအတွက် ကိုယ်စားဟာက်ျပြုလုပ်ပေးနိုင်ပါသလား။

ဖြေ။ မိမိအတွက် ဖရ်ည္သဟာက်ျပြုလုပ်ပြီးသူ မွတ်စ်လင်မ်တစ်ဦးသည် အသက်အရွယ်အိုမင်းခြင်း၊ ပြန်လည် ကျန်းမာလာရန် မျှော်လင့်ချက်မရှိသော ရောဂါဖြစ်နေခြင်း၊ ကွယ်လွန်ခြင်းတို့ကြောင့် ကိုယ်တိုင်ဟာက်ျမပြုလုပ်နိုင်သူအတွက် ကိုယ်စားဟာက်ျပြုခွင့်ရှိသည်။ ယင်းနှင့် ပတ်သက်၍ မှန်ကန်ခိုင်လုံသော ဟဒီးဆ်တော်များတွင်လာရှိထားသည် ။ သို့ရာတွင် ပျောက် ကင်းနိုင်သော ရောဂါဖြစ်ခြင်း၊ နိုင်ငံရေးအရအ ကန့်အသတ်ရှိခြင်း၊ ခရီးစဉ် လုံခြုံမှုမရှိခြင်းစသည့် ယာယီအခက်အခဲများကြောင့် ဟာက်ျပြုလုပ်ရန် မ တ

တ်စွမ်းနိုင်သူအတွက် ကိုယ်စား ဟဂ်ျပြုလုပ်ပေးခြင်း မပိုင်ပါ။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၅၁)

***

မေး။ ကျွန်တော်အနေဖြင့် ကွယ်လွန်သူ မိဘနှစ်ပါးအတွက် ဟဂ်ျပြုလုပ်ပေးလို့ရပါသလား။ ၎င်းတို့နှစ်ဦးမှာ ဆင်းရဲခြင်းသည့်အတွက် ဟဂ်ျ၏ ဖရ်သွ်တာ ဝန် မထိုက်ခဲ့ပါ။ သို့သော် ကျွန်တော်သည် ၎င်းတို့အ တွက် ဟဂ်ျပြုပေးလိုပါသည်။ ထို့ကြောင့် ဤသည်ဘနှင့်ပတ်သက်သည့် ရှရီအသ်တရားတော်၏အမိန့်ကို သိလိုပါသည်။

ဖြေ။ သင်၏မိဘနှစ်ပါးအတွက် သင်ကိုယ်တိုင်ဖြစ်စေ၊ အခြားသူအား ကိုယ်စားလှယ်ခန့်၍ဖြစ်စေ ကိုယ်စားဟဂ်ျပြုလုပ်ပေးနိုင်သည်။ သို့သော် ထိုသို့ပြုလုပ်ရာတွင် သင်ကိုယ်တိုင် ဖရ်သွ်ဟဂ်ျပြုလုပ်ပြီးဖြစ်ရမည် သို့မဟုတ် ကိုယ်စားလှယ်မှာ မိမိအ တွက် ဖရ်သွ်ဟဂ်ျပြုလုပ်ပြီးသူဖြစ်ရမည်။ ဤသည်ကို အိမာမ်အဗူဒါဝူဒ်က မိမိ၏ စုနန်ကျမ်း၌ အိဗ်နု အဗ္ဗားစ် (ရသွိယလ္လာဟုအန်ဟုမာ) မှတစ်ဆင့်

တမန်တော်မြတ် (ﷺ)ထံမှ ဆင့်ပြန်ထားသော ဟဒီးဆ်တော်အရ သိရှိရပါသည်။

«سمع رجلا يقول: لبيك عن شبرمة، قال: "من شبرمة؟ " قال: أخ لي، أو قريب لي، قال: "حججت عن نفسك؟ " قال: لا، قال: حج عن نفسك، ثم حج عن شبرمة»

"တမန်တော်မြတ်(ﷺ)သည် (ဟဂ်ျပြုလုပ်နေစဉ်) အမျိုးသားတစ်ဦးက "လဗ်ဗိုက်က အန်ရှုဗ်ရုမဟ်" (ရှုဗ်ရုမဟ်ကိုယ်စား လဗ်ဗိုက်ဆိုပါ၏)ဟု ပြောဆိုသည်ကို ကြားတော်မူသည်။ ထိုအခါ ကိုယ်တော်က ရှုဗ်ရုမဟ်သည် မည်သူနည်းဟု မေးမြန်းတော်မူရာ ၎င်းက ကျွန်တော်၏ အကို သို့မဟုတ် ဆွေမျိုးတစ်ဦးဖြစ်ပါသည်ဟု လျှောက်ထားခဲ့သည်။ ထိုအခါ ကိုယ်တော်က အသင့်အတွက်အသင် ဟဂ်ျပြုလုပ်ပြီးပြီလားဟုမေးရာ ၎င်းက မလုပ်ရသေးပါဟု ဖြေကြားခဲ့သည်။ ထိုအခါ တမန်တော်မြတ်(ﷺ)က အသင် မိမိအတွက် ဟဂ်ျအရင်ပြုလုပ်ပါ၊ ထို့နောက် ရှုဗ်ရုမဟ်ကိုယ်စား ဟဂ်ျပြုလုပ်ပေးပါဟု မိန့်ကြားတော်မူခဲ့သည်။" ဤဟဒီးဆ်ကို အိမာမ် အိဗ်နုမာဂျဟ်က မိမိ၏ ကျမ်း၌ ဆင့်ပြန်ခဲ့ပြီး၊ အိမာမ် ဗိုင်ဟကီက ဤဟဒီးဆ်၏ စနဒ်မှာ မှန်ကန်သည်။

ဤကဏ္ဍနှင့်ပတ်သက် ၍ ၎င်းထက်ပို၍ မှန်ကန်သည့် ဟဒီးဆ်မရှိပါဟု ဆိုခဲ့သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၅၃)

***

မေး။ လူတစ်ဦးသည် ဟဂ်ျတစ်ကြိမ် ပြုလုပ်ပြီး ထိုဟဂ်ျ၌ မိမိအတွက်နှင့် မိဘနှစ်ပါးအတွက်ပါ တပြိုင်တည်း ပြုလုပ်နိုင်ပါသလား။

ဖြေ။ ကွယ်လွန်သူအတွက်ဖြစ်စေ၊ ဟဂ်ျသွားရန် မတတ်စွမ်းနိုင်သည့် သက်ရှိထင်ရှားရှိသူအတွက်ဖြစ်စေ ကိုယ်စားဟဂ်ျပြုလုပ်ခွင့်ရှိသည်။ သို့သော် လူတစ်ဦးသည် ဟဂ်ျတစ်ကြိမ်ပြုလုပ်ပြီး ယင်းကို လူနှစ်ဦးအတွက် ပြုလုပ်ခွင့်မရှိပါ။ ဟဂ်ျသည် လူတစ်ဦးအတွက်သာ ပြုလုပ်ခွင့်ရှိသည်။ အွမ်ရာလည်း ထိုအတိုင်း ဖြစ်သည်။ သို့သော် လူတစ်ဦးသည် တစ်ဦးတစ်ယောက်အတွက် ကိုယ်စားဟဂ်ျပြုလုပ်ပေးပြီး ထိုနှစ်မှာပင် အခြားတစ်ဦးအတွက် ကိုယ်စားအွမ်မရာပြုလုပ်ပေးလျှင် ပိုင်သည်။ သို့သော် ဟဂ်ျနှင့်အွမ်ရာ

ကို ကိုယ်စားပြုလုပ်ပေးသူသည် မိမိကိုယ်တိုင် ဖရ်သဖွယ်ဟဂ်ျနှင့် အွမ်ရာကို ပြုလုပ်ပြီးသားဖြစ်ရမည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၅၇)

***

မေး။ လူတစ်ဦးသည် ဟဂ်ျပြုရန်သွားခဲ့ပြီး အွမ်ရာအား မိခင်အတွက်ရည်စူး၍ပြုလုပ်ခဲ့ပြီး၊ ဟဂ်ျကို ဖခင်အတွက် ရည်စူးကာပြုလုပ်ခဲ့သည်။နောက်နှစ်တွင် အထက်ပါပုံစံနှင့်ဆန့်ကျင်ဘက် အွမ်ရာအား ဖခင်အတွက်ရည်စူး၍ပြုလုပ်ခဲ့ပြီး၊ ဟဂ်ျကို မိခင်အတွက် ရည်စူး၍ပြုလုပ်ခဲ့သည်။ ထိုသို့ပြုခြင်းသည် ပိုင်ပါသလား သို့မဟုတ် မပိုင်ဘူးလား။

ဖြေ။ ဟဂ်ျနှင့် အွမ်ရာသည် သီးခြားကျင့်စဉ်တစ်ခုစီဖြစ်သည်။ တမန်တော်မြတ် ( ﷺ )က ၎င်းကျင့်စဉ်နှစ်ခု၏ ပြုလုပ်နည်းများကို ဟဂ်ျကိရာန် (အွမ်ရာနှင့် ဟဂ်ျကို အိဟ်ရာမ်တစ်ခုတည်းဖြင့် ပြုလုပ်ခြင်း)၊ အိဖ်ရာဒ် (ဟဂ်ျတစ်ခုတည်းပြုလုပ်ခြင်း)၊ သမသ်သုအ်  (အွမ်ရာနှင့် ဟဂ်ျကို အိဟ်ရာမ်သီးခြားစီဖြင့် ပြုလုပ်ခြင်း) စသဖြင့် ရှင်းလင်းစွာ တင်ပြခဲ့သည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်သည် မိမိ

၏မိခင်အတွက် အွမ်ရာပြုလုပ်ပြီးနောက် အိဟ်ရာမ်မှထွက်မည်။ ထို့နောက် ဖခင်အတွက် ဟဂ်ျပြုလုပ်မည် သို့မဟုတ် ဤပုံစံနှင့် ဆန့်ကျင်ဘက် မိခင်အတွက် ဟဂ်ျပြုလုပ်ပြီး၊ ဖခင်အတွက် အွမ်ရာပြုလုပ်မည်ဆိုပါက ၎င်းအဖို့လုပ်ခွင့်ရှိသည်။ ထို့အတူ လူတစ်ဦးသည် ဟဂ်ျ၊ အွမ်ရာ နှစ်ခုအနက် တစ်ခု၏ အိဟ်ရာမ်ကို မိမိအတွက်ပြုလုပ်မည်။ ထို့နောက် အိဟ်ရာမ်မှထွက်ပြီးနောက် ဖခင်အတွက် ရည်စူး၍ ကျန်ကျင့်စဉ်တစ်ခု၏ အိဟ်ရာမ်ကို ပြုလုပ်မည်ဆိုပါက ပြုခွင့်ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် လုပ်ရပ်ဟူသမျှသည် ရည်စူးချက်များပေါ်တွင်မူတည်၍ လူတိုင်းသည် မိမိရည်စူးချက်အတိုင်း ရရှိမည်ဖြစ်သည်။

ဖသာဝါ လဂ်ျနသ္ဒ ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၅၈)

***

မေး။ ကျွန်မ၏ခင်ပွန်းသည် ကွယ်လွန်သွားပြီဖြစ်ပါသည်။ (အလ္လာဟ်အရှင်မြတ်သူ့အား သနားကရုဏာပြုတော်မူပါစေ) ကျွန်မသည် ဤနှစ်တွင် လူတစ်ဦးအား ကိုယ်စားလှယ်ခန့်အပ်ကာ သူ့အတွက် ကိုယ်စားဟဂ်ျပြုလုပ်စေချင်

ပါသည်။ သို့ဖြစ်၍ သူ့ကိုယ်စား ဟဂ်ျပြုလုပ်ပေးမည့်သူအ နေဖြင့် သယ်ယူပို့ဆောင်ရေး၊ အစားအသောက်နှင့် အခြား လိုအပ်သည့် ကုန် ကျစရိတ်များအပြင် ကိုယ်စား ဟဂ်ျပြု လုပ်ပေးခြင်းအတွက် အခကြေးငွေကို ရယူခွင့်ရှိပါသလား သို့မ ဟုတ် မရှိဘူးလားဆိုသည်ကို ကျေးဇူးပြု၍ လမ်း ညွှ န်ပေးပါ။ အလ္လာဟ်အရှင်မြတ် အသင့်အား အ ကောင်းဆုံး အစား ပေးသနားတော်မူပါစေ။

ဖြေ။ အခြားသူအတွက် ဟဂ်ျပြုလုပ်ပေးရန် ကိုယ် စား လှယ်ခန့်အပ်ခံရသူသည် ဟဂ်ျပြုလုပ်ပေးခြင်းအတွက် သ တ်မှတ်ထားသော အခကြေးငွေကို ယူခွင့်ရှိသည်။ ထိုငွေ သည် သယ်ယူပို့ဆောင်ရေး၊ အစား အသောက်နှင့် အခြား လိုအပ်သော ဟဂ်ျဆိုင်ရာ ကုန် ကျစရိတ်များထက် ပိုမို များပြားနိုင်ပါသည်။ သို့သော် ၎င်းအနေဖြင့် ထိုသို့ပြုလုပ် ခြင်းကို ကောင်းမြတ်သောကိစ္စတွင် ပါဝင်ရန်၊ မွန်မြတ် သော ဟရာမ်ဝတ် ကျောင်းတော်တွင် အလ္လာဟ်အရှင်မြ တ်က ၎င်းအဖို့ လွယ်ကူစွာဆောင်ရွက်နိုင်စွမ်းပေးထား သော အိဗာဒသ်များကို ဆောင်ရွက်ရန်ဟူသော ရည်ရွယ်

ချက်မျိုးသာ ထားသင့်သည်။ ငွေကြေး တစ်ခုတည်းကိုသာ ရည်ရွယ်ချက်မထားသင့်ပါ။

ဖသာဝါ လက်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၆ဝ)

***

မေး။ ကျွန်တော်တို့သည် ဟဂ်ျပြုလုပ်ခဲ့ပြီး ကျွန်တော်တို့နှင့်အတူ ကလေးတစ်ဦးလည်း လိုက်ပါခဲ့သည်။ ကျွန်တော်တို့သည် ထိုကလေး၏ ( အိဟ်ရာမ်၏ )နီယသ်ကို ကွယ်လွန်သူ အမျိုးသမီးတစ်ဦးအတွက် ရည်ရွယ်၍ ပြုလုပ်ခဲ့သည်။ ကျွန်တော်တို့သည် သွဝါဖ်နှင့် အခြားသော ဟဂ်ျကျင့်စဉ်များကို ပြုလုပ်ခဲ့သည်။ ထို့ပြင် ထိုကွယ်လွန်သူ အမျိုးသမီးကိုယ်စား ကလေးအတွက် ဖိဒ်ယဟ်လည်းပေးခဲ့ပါသည်။ ယင်းနှင့်ပတ်သတ်၍ တရားတော်၏အမိန့်မှာ မည်သို့ရှိပါသနည်း။

ဖြေ။ ကလေးပြုလုပ်ခဲ့သော ဟဂ်ျသည် ၎င်းအတွက် နဖိလ်ဟဂ်ျအဖြစ်သာ သတ်မှတ်ခံရမည်ဖြစ်သည်။ ၎င်းကလေးငယ်သည် မိမိအတွက် ဟဂ်ျမလုပ်သေးသ၍ အခြားသူအတွက် ဟဂ်ျလုပ်ပေးခွင့်မရှိပါ။ ထို့ပြင် ဖရ်သွ်ဟဂ်ျသ

ည် အရွယ်ရောက်ပြီး နောက် ပိုင်း ပြုလုပ်မှသာ အကျုံးဝင်မည်ဖြစ်သည်။

ဖသာဝါ လက်ျနသွသည် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၆၈) မူရင်းစာသားကို အနည်းငယ်ပြောင်းထားသည်။

***

မေး။ လူတစ်ဦးသည် မိမိကိုယ်တိုင် ဟဂ်ျမပြုမီ မိဘနှစ်ပါးကို ဟဂ်ျပြုရန် စေလွှတ်နိုင်ပါသလား။

ဖြေ။ ဟဂ်ျသည် အရွယ်ရောက်၍ အသိဉာဏ်ရှိပြီး ဟဂ်ျပြုရန်တတ်နိုင်စွမ်းရှိသော ကျွန်မဟုတ်သည့် မွတ်စ်လင်မ်တိုင်းအပေါ်တွင် တစ်သက်တွင် တစ်ကြိမ် ဆောင်ရွက်ရမည့် ဖရ်သွ်တာဝန်ဖြစ်သည်။ မိဘနှစ်ပါးအား ကျေးဇူးပြုခြင်းနှင့် ဝါဂျိဗ်တာဝန်များ ဆောင်ရွက်ရာတွင် တတ်နိုင်သမျှ ၎င်းတို့အား ကူညီခြင်းသည် အလွန်ပြုလုပ်သင့်သည့် ကောင်းမှုဖြစ်သည်။ သို့ရာတွင် သင်သည် မိမိအတွက် ဦးစွာဟဂ်ျပြုလုပ်ရမည်။၎င်းနောက် မိဘနှစ်ပါးအား ဟဂ်ျပြုလုပ်နိုင်ရန် ကူညီရမည်။ အကယ်၍ အားလုံးအတူတကွ ဟဂ်ျပြုလုပ်ရန် မလွယ်ကူသောကြောင့် အသင့်အနေဖြင့်

မိမိ၏မိဘနှစ်ပါးကို ဦးစားပေး၍ စေလွှတ်ခဲ့လျှင်လည်း ၎င်းတို့၏ ဟဂ်ျသည် အထမြောက်သွားမည်ပင်ဖြစ်သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၇၀)

***

မေး။ ကျွန်တော့်တွင် အနည်းဆုံး အသက်တစ်ရာနီး ပါးရှိသော မိခင်အိုကြီးရှိပြီး သူမအနေဖြင့် ဟဂ်ျဖရ်သ္ဂ်တာဝန်ကိုလည်း မဆောင်ရွက်နိုင်တော့ပါ။ ကျွန် တော်သည် မနှစ်က မိခင်ကြီးအတွက် သူမ၏ငွေဖြင့် ဟဂ်ျနှင့် အွမ်ရာလုပ်ပေးခဲ့ပါသည်။ အချို့လူများက "မိခင်ကွယ်လွန်ပြီးမှသာ သူမအတွက် ဟဂ်ျပြုလုပ်ပေးခြင်း အထမြောက်မည်ဖြစ်ပြီး၊ အသင်ပြုလုပ်ခဲ့သော ဟဂ်ျမှာ အကျိုးမရှိပါ" ဟု ပြောဆိုကြပါသည်။ သို့ဖြစ်ရာ လူကြီးမင်း၏အဖြေမှာ မည်သို့ရှိပါသနည်း။

ဖြေ။ အကယ်၍ သင်သည် မိမိပေါ်၌ တာဝန်ရှိသည့် ဟဂ်ျနှင့်အွမ်ရာကို ပြုလုပ်ပြီးသားဖြစ်လျှင် အသက် အရွယ်ကြီးရင့်မှုကြောင့် ကိုယ်တိုင် ဟဂ်ျမလုပ်နိုင်သည့် သင့်မိခင်

အတွက် သင်ပြုလုပ်ခဲ့သော ဟဂ်ျနှင့် အွမ်ရာမှာ အထမြောက်ပါသည်။

ဖသာဝ်ါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၇၁)

***

မေး။ ဟဂ်ျကျင့်စဉ်များအနက် မည်သည့်ကိစ္စများကို ကိုယ်စားဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲအပ်နိုင်ပါသနည်း။ ထို့အပြင် အခြားသူအတွက် ကိုယ်စားဟဂ်ျပြုလုပ်ခြင်းကို မည်သည့်အခြေအနေမျိုး၌ ခွင့်ပြုထားပါသနည်း။

ဖြေ။ ကွယ်လွန်သူ မွတ်စ်လင်မ်တစ်ဦးအတွက်ဖြစ်စေ၊ အသက်အရွယ်အိုမင်းခြင်း သို့မဟုတ် ပျောက် ကင်းနိုင်ခြေမရှိသော ရောဂါကြောင့် ကိုယ်တိုင်ဟဂ်ျ၊ အွမ်ရာမပြုလုပ်နိုင်သော အသက်ရှင်လျက်ရှိနေသည့် မွတ်စ်လင်မ်အတွက်ဖြစ်စေ ကိုယ်စား ဟဂ်ျ၊ အွမ်ရာပြုလုပ်ခွင့်ရှိသည်။ ထို့ပြင် ဂျမရာသ်တွင် ကိုယ်တိုင် ရှိုင်သွာန်ခဲပေါက်ရန် မတတ်စွမ်းနိုင်သူများ ဥပမာ - ကလေး၊ နာမကျန်းဖြစ်နေသူနှင့် သက်ကြီးရွယ်အိုများအတွက် ကိုယ်စားခဲပေါက်ခွင့်ရှိသည်။ သို့သော် ကိုယ်စားခဲပေါက်မည့်သူသည် ထိုနှစ်တွင် ဟ

ဂျ်ပြုလုပ်သူဖြစ်ပြီး မိမိအတွက်အလျင် ရှိင်သွာန်ခဲ ပေါက်ထားပြီးသူဖြစ်ရမည်။

ဖသာဝါ လဂျ်နသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၇၆)

***

မေး။ မွတ်စ်လင်မ်တစ်ဦးသည် ဆော်ဒီအာရေဗီယားမဟုတ်သော အခြားမွတ်စ်လင်မ်နိုင်ငံတစ်ခုတွင် ကွယ် လွန်ခဲ့သည်။ ၎င်းအပေါ်၌ ဟဂျ်၏ဖရ်သွ်တာဝန်ထိုက်ခဲ့သော်လည်း ၎င်းသည်ဟဂျ်မပြုလုပ်ခဲ့ပါ။ ဆော်ဒီအာရေဗီယားတွင် နေထိုင်သူတစ်ဦးဖြစ်သည့် ကျွန်ုပ်အနေဖြင့် ၎င်းအတွက် ဟဂျ်ပြုလုပ်ပေးခွင့် ရှိပါသလား။ ထို့ပြင် အနီးအနားနိုင်ငံများမှ လာရောက် ဟဂျ်ပြုလုပ်ခြင်းနှင့် ဝေးလံသောနိုင်ငံများမှ လာရောက် ဟဂျ်ပြုလုပ်ခြင်း၏ အကျိုးစဝါးဗ်မှာ ကွာခြားမှုရှိပါသလား။

ဖြေ။ မိမိ၏နိုင်ငံတွင် ကွယ်လွန်သူဖြစ်စေ၊ အခြားနိုင်ငံတွင် ကွန်လွန်သူဖြစ်စေ၊ ဟဂျ်ပြုလုပ်ပြီးသူဖြစ်စေ၊ ဟဂျ်မပြုလုပ်ရသေးသူဖြစ်စေ မည်သည့်မွတ်စ်လင်မ်အတွက်မဆို သင့်အနေဖြင့် ဆော်ဒီအာရေဗီယားနိုင်ငံမှ ဟဂျ်ပြုလုပ်

ပေးခွင့်ရှိသည်။ ဖော်ပြထားသော အနီးအဝေး ကွာခြားချက်သည် အကျိုးစဝါးဗ်တွင် ကွာခြားမှုမရှိပါ။ သို့သော် အိခ်လာဆွ် (အလ္လာဟ်အရှင်မြတ်အတွက် သီးသန့်ရည်ရွယ်၍ ပြုလုပ်ခြင်း)၊ ဟလာလ် ငွေကြေးသုံးစွဲခြင်း၊ပင်ပန်းကြီးစွာ အားထုတ်မှုနှင့် ရှရီအသ်တရားတော်အတိုင်း လိုက်နာကျင့်သုံးမှုတို့အပေါ် အခြေခံ၍သော အကျိုးစဝါးဗ် ကွာခြားသွားသည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၇၇)

***

မေး။ လူတစ်ဦးသည် ကွယ်လွန်သူ အမျိုးသား(သို့) အမျိုးသမီးအတွက်ဖြစ်စေ၊ အိုမင်းမစွမ်းဖြစ်သူ (သို့) ပြန်လည်သက်သာရန် မျှော်လင့်ချက်မရှိသော ရောဂါသည်အတွက်ဖြစ်စေ အခကြေးငွေယူ၍ ဟဂ်ျပြုလုပ်ပေးပါက၊ ထိုသူသည် အလ္လာဟ်အရှင်မြတ်ထံတွင် အကျိုးစဝါးဗ်ရနိုင်ပါသလား။

ဖြေ။ မည်သူမဆို အခကြေးငွေယူ၍ဖြစ်စေ မယူဘဲဖြစ်စေ အခြားသူကိုယ်စား ဟဂ်ျ (သို့မဟုတ်) အွမ်ရာ ပြုလုပ်

ပေးပါက၊ ထိုဟဂ်ျနှင့် အွမ်ရာ၏ အကျိုးကုသိုလ်သည် ကိုယ်စားလုပ်ပေးခံရသူအတွက်ဖြစ် သည်။ ထို့အတူ ကိုယ်စားပြုလုပ်ပေးသူသည် မိမိ၏ အိခ်လာဆ်၊ ကောင်းမှုပြုလိုသည့်ဆန္ဒအပေါ်မူတည်၍ အလ္လာဟ်အရှင်မြတ်ထံမှ ကြီးမားသော အကျိုးစဝါးဗ်ကို မျှော်လင့်နိုင်ပါသည်။ ထို့ပြင် မည်သူမဆို မတ်စ်ဂျိဒ်ဟရာမ်သို့ ရောက်ပြီးနောက် အလ္လာဟ်အရှင်မြတ်အတွက် အိခ်လာဆ်နှင့်တကွ နဖိလ်အိဗာဒသ်များနှင့် အခြားသောကောင်းမှုများကို များစွာပြုလုပ်ပါက အလွန်များပြားသောကောင်းကျိုးများကို ရရှိမည်ဟု မျှော်လင့်နိုင်ပါသည်။

ဖသာဝါ လဂ်ျနသ္ဒသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၇၇)

***

မေး။ အာဖရိကတွင် နေထိုင်သူတစ်ဦးသည် မိမိ၏ မိခင်ကိုယ်စား ဟဂ်ျပြုလုပ်ပေးရန် ပုဂ္ဂိုလ်တစ်ဦးအား တာဝန်ပေးလိုပါသည်။ သို့ဖြစ်၍ ၎င်းအနေဖြင့် အာဖရိကမှ မက္ကာဟ်သို့ ကိုယ်စား ဟဂ်ျပြုပေးလုပ်ရန် လာရောက်မည့်သူ

အား အခကြေးငွေပေးရမည်လား။ ထိုအခကြေးငွေအား လျှော့ပေးခွင့်ရှိပါသလား။

ဖြေ။ ဖော်ပြပါပုဂ္ဂိုလ်သည် မက္ကဟ် သို့မဟုတ် အခြား နေရာမှ ယုံကြည်စိတ်ချရသူတစ်ဦးအား ကွယ်လွန်သွား သော သို့မဟုတ် အသက်အရွယ်အိုမင်းခြင်း၊ ပျောက်ကင်း ရန် မျှော်လင့်ချက်မရှိသောရောဂါကြောင့် ကိုယ်တိုင်ဟဂ်ျ မပြုလုပ်နိုင်သော မိခင်အတွက် ဟဂ်ျပြုလုပ်ပေးရန် တာဝ န်ပေးနိုင်ပါသည်။ထိုသို့ ကိုယ်စားဟဂ်ျပြုလုပ်ရာတွင် အခ ကြေးငွေ အနည်းငယ်ဖြစ်စေ၊ အများအပြားဖြစ်စေ၊ အခ ကြေးငွေလုံးဝမပါဘဲဖြစ်စေ ဆောက်ရွက်ပေးရန် တောင်း ဆိုခွင့်ရှိသည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၈၀)

***

မေး။ ကျွန်တော်၏ ဖခင်မှာကွယ်လွန်သွားပြီး သူ့အနေ ဖြင့် ဟဂ်ျဖရ်သွ်တာဝန်ကို မဆောင်ရွက်ခဲ့ပါ။ ကျွန်တော့် အနေဖြင့် သူ့အတွက်ဟဂ်ျပြုလုပ်ပေးရန် တာဝန်ရှိသည် ဟု နားလည်ထားပါသည်။ ထို့ကြောင့် သူ့ကိုယ်စား ဟဂ်ျပြု

လုပ်ပေးမည့်သူတစ်ဦးနှင့် သ ဘောတူညီမှုယူခဲ့ပါသည်။ သို့သော် ၎င်းက ကျွန်တော့်အား ဖခင်အမည်နှင့် ကွယ်လွန်သွားပြီဖြစ်သော သူ့မိခင်၏အမည်ကို မေးသောအခါ ကျွန်တော်တို့သည် သူမ၏အမည်ကို မသိကြပါ။ သူ၏မိခင်အမည်မပါဘဲ ကွယ်လွန်သူ၏အမည်တစ်ခုတည်းဖြင့်သာ လုံလောက်ပါသလား။

ဖြေ။ အခြားသူအတွက် ဟဂ်ျလုပ်ပေးရာတွင် ထိုသူအတွက် နိယသ်ပြုရုံဖြင့် လုံလောက်ပါသည်။ ကိုယ် စားဟဂ်ျလုပ်ပေးမည့်သူ၏ အမည်ကိုဖော်ပြရန်မလိုအပ်ပါ။ ထိုသူ၏အမည်ကိုဖြစ်စေ၊ ထိုသူ၏ အ မည်နှင့်အတူ သူ၏ ဖခင်သို့မဟုတ် မိခင်၏ အ မည်ကိုတွဲ၍ ဖော်ပြရန် မလိုအပ်ပါ။ သို့သော် အိဟ်ရာမ်စတင်သည့်အခါ၊ သလ်ဗီယဟ်ဆိုသည့်အခါ၊ ဟဂ်ျသမသ်သုအ်ာ သို့မဟုတ် ဟဂ်ျကိုရားန်အတွက် ကုရ်ဘာနီသားကောင်အား ဇဗဟ်ပြုလုပ်သည့်အခါ ထိုသူ၏အမည်ကို နှုတ်ဖြင့်ထုတ်ဖော်ပြောဆိုခြင်းသည် ပို၍ကောင်းသည်။ အိမာမ် အဘူဒါဝူဒ်နှင့် အိမာမ် အိဗ်နုမာဂျဟ်တို့က ဆင့်ပြန်ထားသည်။ ထိုဟဒီးဆ်ကို အိဗ်နုဟိဗ်ဗား

န်က ဆွဟီးဟ်အဆင့်ဟု သတ်မှတ်ခဲ့သည်။ အိဗ်နုအဗ္ဗာစ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။

«أن النبي صلى الله عليه وسلم سمع رجلا يقول: لبيك عن شبرمة، قال: "من شبرمة؟ " قال: أخ لي أو قريب لي، قال: "حججت عن نفسك؟ " قال: لا، قال: "حج عن نفسك ثم حج عن شبرمة»

"တမန်တော်မြတ်(ﷺ)သည် (ဟဂ်ျပြုလုပ်နေစဉ်) အမျိုးသားတစ်ဦးက "လဗ်ဗိုက်က အန်ရှုဗ်ရုမဟ်" (ရှုဗ်ရုမဟ်ကိုယ်စား လဗ်ဗိုက်ဆိုပါ၏)ဟု ပြောဆိုသည်ကို ကြားတော်မူသည်။ ထိုအခါ ကိုယ်တော်က ရှုဗ်ရုမဟ်သည် မည်သူနည်းဟု မေးမြန်းတော်မူရာ ၎င်းကကျွန်တော်၏ အကို သို့မဟုတ် ဆွေမျိုးတစ်ဦးဖြစ်ပါသည်ဟု လျှောက်ထားခဲ့သည်။ ထိုအခါ ကိုယ်တော်က အသင့်အတွက်အသင် ဟဂ်ျပြုလုပ်ပြီးပြီလားဟုမေးရာ ၎င်းက မလုပ်ရသေးပါဟု ဖြေ ကြားခဲ့သည်။ ထိုအခါ တမန်တော်မြတ်(ﷺ)က အ သင် မိမိအတွက် ဟဂ်ျအရင်ပြုလုပ်ပါ၊ ထို့နောက် ရှုဗ်ရုမဟ်ကိုယ်စား ဟဂ်ျပြုလုပ်ပေးပါဟု မိန့်ကြားတော်မူခဲ့သည်။"

ဖသာဝါ လဂ်ျနသွ်သ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၈၁)

***

မေး။ အသက် ၂၅ နှစ် အရွယ်ရှိသော အမျိုးသားတစ်ဦး မှာ ဟဂ်ျမပြုလုပ်ရသေးဘဲ ကွယ်လွန်သွားပါ သည်။ ကျွန် တော်တို့အနေဖြင့် သူ့အတွက်ဟဂ်ျပြု လုပ်ပေးလို့ရပါသ လား။ ထို့ပြင် ၎င်းတွင် ငွေကြေးရှိသော်လည်း အွမ်ရာမပြု လုပ်ဘဲ ဟဂ်ျတစ်ခုတည်းပြုလုပ်ရုံဖြင့် လုံလောက်ပါသ လား။

ဖြေ။ ဟဂ်ျပြုလုပ်ရန် ဖရ်သွ်ထိုက်သူတစ်ဦးသည် ဟ ဂ်ျမပြုလုပ်မီ ကွယ်လွန်သွားပါက ၎င်းပိုင်ဆိုင်သည့် ပစ္စ ည်းများအားလုံးအနက်မှ ဟဂ်ျနှင့် အွမ်ရာပြုလုပ်ရန်အတွ က် ငွေကြေးထုတ်ယူပြီး ၎င်းအ တွက် ဆောင်ရွက်ပေးရမ ည်။ အကယ်၍ တစ်ဦးတစ်ယောက်က မိမိသဘောဆန္ဒဖြ င့် ၎င်း၏ ကိုယ် စား ဟဂ်ျပြုလုပ်ပေးမည်ဆိုပါက ၎င်း၏ ငွေကြေးမှ သုံးစွဲရန်မလိုအပ်ဘဲ ဟဂ်ျပြုလုပ်ခွင့်ရှိသည်။ ဟဂ်ျသည် အစ္စလာမ်မဏ္ဍိုင်များအနက်မှ မဏ္ဍိုင်တစ်ခုဖြ စ်သည့်အတွက် ဟဂ်ျတာဝန်ထိုက်သူသည် ကွယ်လွန်သွား ခြင်းဖြင့် ၎င်းအပေါ်တွင်ရှိသော ဟဂ်ျတာဝန်မှာ ပြီးဆုံး သွားခြင်း မရှိပါ။ အိမာမ် ဗုခါရီ (ရဟိမဟုလ္လာဟ်)က မိမိ၏ ဆွဟီးဟ်ဗုခါရီကျမ်းတွင် ဆင့်ပြန်ထားသည်မှာ -

«أن امرأة من جهينة جاءت إلى النبي صلى الله عليه وسلم فقالت: إن أمي نذرت أن تحج فلم تحج حتى ماتت، أفأحج عنها؟ قال: "نعم، حجي عنها، أرأيت لو كان على أمك دين أكنت قاضيته؟ اقضوا الله، فالله أحق بالوفاء»

"ဂျုဟိုင်နာမျိုးနွယ်ဝင် အမျိုးသမီးတစ်ဦးသည် တမန်တော်မြတ် (ﷺ) ထံလာရောက်၍ 'ကျွန်မ၏ မိခင်သည် ဟဂ်ျပြုရန် နဇရ်ကိုးခဲ့သော်လည်း ဟဂ်ျမပြုမီပင် ကွယ်လွန်သွားပါသည်။ ကျွန်မ သူ့အစား ဟဂ်ျပြုလုပ်ပေးရမည်လားဟု လျှောက်ထားမေး မြန်းရာ တမန်တော်မြတ် (ﷺ)က 'ဟုတ်တယ်၊ အ သင်မ သူ့အစား ဟဂ်ျပြုလော့။ အကယ်၍ အသင်မ၏ မိခင်အပေါ် ကြွေးမြီရှိခဲ့လျှင် အသင်မ ပေး ဆပ်မည်ပင် မဟုတ်ပါလော။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်အား ပေးဆောင်ရန်ရှိသောကြွေးမြီ (တင်ရှိနေသောတာဝန်)ကိုဖြည့်ဆည်း (ဆောင် ရွက်) ပေးကြကုန်။ အလ္လာဟ် အရှင်မြတ်၏ ကြွေးမြီ( တင်ရှိနေသောတာဝန်ဝတ္တရား) ကို ပို၍ဖြည့်ဆည်း ပေးရန်လိုအပ်ပေသည်"ဟု မိန့် ကြားတော်မူခဲ့သည်။

«وسألته صلى الله عليه وسلم امرأة من خثعم قائلة: يا رسول الله إن فريضة الله على عباده في الحج أدركت أبي شيخا كبيرا لا يثبت على الراحلة، أفأحج عنه؟ قال: حجي عن أبيك»

အခြားဟဒီးဆ်တော်တစ်ရပ်တွင်လာရှိသည်မှာ- ခဆ်အန်မ်မျိုးနွယ်ဝင် အမျိုးသမီးတစ်ဦးက တမန်တော်မြတ် (ﷺ) အား ဟဂ်ျနှင့်ပတ်သက်၍ အလ္လာဟ်အရှင်မြတ်က မိမိ၏ကျွန်များအပေါ် သတ်မှတ်ပြဋ္ဌာန်းထားသော ဖရ်သ္ဝ်တာဝန်သည် ကျွန်မဖခင်အတွက် ဆောင်ရွက်ရန် လိုအပ်လာပါသည်။ သို့သော် ၎င်းသည် အလွန်အိုမင်းနေပြီး အစီးအနင်းပေါ်၌ မြဲမြံစွာမစီးနင်းနိုင်တော့ပါ။ သို့ဖြစ်ရာ ကျွန် မသည် ဖခင်၏ကိုယ်စား 'ဟဂ်ျ'ပြုခွင့်ရှိပါသ လား"ဟု မေးမြန်းလျှောက်ထားခဲ့သည်။ ထိုအခါ တမန်တော်မြတ်က " အသင်မ မိမိ၏ ဖခင်ကိုယ်စား ဟဂ်ျပြုလော့" ဟု မိန့်ကြား တော်မူခဲ့သည်။ အွမ်ရာနှင့်ပတ်သက်၍မူ အိမာမ် အဟ်မဒ်၊ အဗူဒါဝူဒ်၊ နစာအီ၊ သိရ်မီဇီနှင့် အိဗ်နုမာဂျဟ်တို့က မိမိတို့၏ကျမ်းများ၌ ဤသို့ဆင့်ပြန်ထားကြသည်။

«أبي رزين العقيلي، أنه أتى النبي صلى الله عليه وسلم فقال: إن أبي شيخ كبير لا يستطيع الحج ولا العمرة ولا الظعن، فقال: حج عن أبيك واعتمر» .

အဗီရဇီးန် အလ်အုကိုင်လီထံမှ ဆင့်ပြန်ချက်လာရှိသည်။ ၎င်းသည် တမန်တော်မြတ်(ﷺ)ထံ လာရောက်၍ ကျွန်တော်၏ဖခင်မှာ အိုမင်းနေပြီး ဟဂ်ျနှင့် အွမ်ရာပြုလုပ်နိုင်စွ

မ်းမရှိပါ။ ထို့ပြင် ခရီးသွားလာနိုင်စွမ်းလည်းမရှိပါဟု လျှောက်ထားရာ တမန်တော်မြတ်(ﷺ)က အသင့်ဖခင်၏ ကိုယ်စား အသင် ဟဂ်ျနှင့်အွမ်ရာ ပြုလုပ်ပေးလော့ဟု မိန့်ကြားတော်မူခဲ့သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၈၇)

***

မေး။ မွတ်စ်လင်မ်အမျိုးသမီးတစ်ဦးသည် မိသားစုဝင်များထဲမှ (မဟ်ရမ်အမျိုးသား) တစ်ဦးဦးကို ခေါ်ဆောင်ရန် အခက်အခဲရှိသည်ဖြစ်စေ သို့မဟုတ် ဖခင်ကွယ်လွန်သွားသည်ဖြစ်စေ ယုံကြည်စိတ်ချရသော အမျိုးသမီးများနှင့်အတူ ဟဂ်ျဖရ်သ္ဖ်တာဝန်ကို ထမ်းဆောင်နိုင်ပါသလား။ ထို့ပြင် သူမ၏မိခင်၊ အဒေါ်၊ အရီး၊ သို့မဟုတ် သူမရွေးချယ်ထားသော မဟ်ရမ်တစ်ဦးဦးနှင့်အတူ ဟဂ်ျတာဝန်ကို ထမ်းဆောင်နိုင်ပါသလား။

ဖြေ။ အမှန်ကန်ဆုံးအဆိုအရ သမီးတစ်ဦးသည် ဟဂ်ျခရီးအတွက် သူမ၏ခင်ပွန်း သို့မဟုတ် မဟ်ရမ်အမျိုးသား (ဥပမာ - ဖခင်၊ အစ်ကိုအရင်း၊ မောင်အရင်း၊ ဦးလေးအရင်း

၊ သား စသည့်) တစ်ဦးဦးပါမှသာ ခရီးသွားခွင့်ရှိသည်။ ထို့ကြောင့် ယုံကြည်စိတ်ချရသော အမျိုးသမီးများ၊ ယုံကြည်စိတ်ချရသော်လည်း မဟ်ရမ်မဟုတ်သော အမျိုးသားများ၊ မိခင်၊ အဒေါ် သို့မဟုတ် အရီးတို့နှင့်အတူ (ဟဂ်ျအတွက်ဖြစ်စေ၊ အခြားကိစ္စအတွက်ဖြစ်စေ )ခရီးထွက်ခွင့် မရှိပါ။ သူမနှင့်အတူ သူမ၏ခင်ပွန်း သို့မဟုတ် မဟ်ရမ် အမျိုးသား တစ်ဦးဦးပါရှိရန် အရေးကြီးပြီး အကယ်၍ ခင်ပွန်း သို့မဟုတ် မဟ်ရမ်အမျိုးသား တစ်ဦးဦးမရှိပါက ထိုသို့မရှိသမျှကာလပတ်လုံး သူမအပေါ်တွင် ဟဂ်ျပြုလုပ်ရန် တာဝန်မရှိပါ။ အဘယ်ကြောင့်ဆိုသော် ရှရီအသ်တရားတော်က သတ်မှတ်ထားသော တတ်စွမ်းနိုင်မှုဟူသည့်အချက် မရှိသောကြောင့်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်။

{ولله على الناس حج البيت من استطاع إليه سبيلا}

"ထို့ပြင် လူများထဲမှ အရှင်မြတ်၏ အိမ်တော်ထံသို့ သွားရောက်ရန် တတ်စွမ်းနိုင်သော သူများအပေါ်တွင် အလ္လာဟ်အရှင်မြတ်အတွက် ဟဂ်ျပြုလုပ်ရန် ဖရ်သွ်တာဝန်ရှိသည်။"

ဖသာဝါ လက်ျနသွင် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၉၁)

***

မေး။ အမျိုးသမီးတစ်ဦးသည် ဟက်ျပြုလုပ်ရန် တတ်စွမ်းနိုင်သော်လည်း ခင်ပွန်း သို့မဟုတ် မဟ်ရမ် မရှိပါက သူမအပေါ်၌ ဟက်ျပြုလုပ်ရန် တာဝန်ရှိပါသလား။ ထိုနည်းတူ အမျိုးသမီးတစ်ဦးသည် ခင်ပွန်းကွယ်လွန်သွားသောကြောင့် အိဒ်ဒသ်စောင့်ဆိုင်းနေစဉ်ကာလတွင် ဟက်ျပြုလုပ်ရန် တာဝန်ရှိပါသလား။

ဖြေ။ အမျိုးသမီးသည် မိမိနှင့်အတူ ဟက်ျခရီးအတွက် လိုက်ပါမည့် မဟ်ရမ်မရှိပါက သူမအပေါ်၌ ဟက်ျပြုလုပ်ရန် တာဝန်မရှိပါ။ ထို့ပြင် အိဒ်ဒသ် စောင့်ဆိုင်းနေစဉ်ကာလအတွင်း ဟက်ျအတွက် ခရီးထွက်ခွင့်မရှိပါ။

ဖသာဝါ လက်ျနသွင် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၉၄)

***

မေး။ အမျိုးသမီးတစ်ဦးသည် မဟ်ရမ် မပါဘဲ ကောင်းမွန်သော အမျိုးသမီးအုပ်စုတစ်စုနှင့်အတူ ဖရ်သ္ဖ်ဟက်ျလု

ပ်ခဲ့ပါသည်။ သို့ဖြစ်၍ သူမ၏ ဟဂ်ျဖရ်သဴွတာဝန်မှာ ကျေပွန်ပါသလား သို့မဟုတ် မကျေပွန်ဘူးလား။

ဖြေ။ အကယ်၍ ဖော်ပြထားသည့်အတိုင်း ဟဂ်ျပြုလုပ်ခဲ့ပါက သူမ၏ဟဂ်ျသည် မှန်ကန်ပြီး ဟဂ်ျ၏ဖရ်သဴွတာဝန် ကျေပွန်သွားမည်ဖြစ်သည်။ သို့သော် မဟ်ရမ်မပါဘဲ ခရီးထွက်ခြင်းအတွက် အပြစ်ရှိပါသည်။ ထို့ကြောင့် သူမအနေဖြင့် အလ္လာဟ်အရှင်မြတ်ထံ သောင်ဗဟ်အမှားဝန်ချတောင်းပန်မှုပြုလုပ်ပြီး၊ အပြစ်မှခွင့်လွှတ်ချမ်းသာခွင့်တောင်းခံရန် လိုအပ်ပါသည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၉၇)

***

မေး။ လူတစ်ဦးသည် ဖရ်သဴွဟဂ်ျတာဝန်ကို မဆောင်ရွက်ခဲ့ဘဲ ကွယ်လွန်သွားပါသည်။ ထိုသူသည် မိမိ၏ ဥစ္စာပစ္စည်းများမှ သူ့ကိုယ်စား ဟဂ်ျပြုလုပ်ပေးရန် ဝစ္စီယသ် သေတမ်းစာရေးသားခဲ့သည်။ သို့ဖြစ်ရာ ထိုဟဂ်ျ၏ မှန်ကန်မှုနှင့် ပတ်သက်၍ မေး မြန်းထားပါသည်။ ထို့ပြင် မိမိအတွက် အခြားသူတစ်ဦးက ဟဂ်ျပြုလုပ်ပေးခြင်းသည် မိမိကိုယ်

တိုင် ဟက်ဂျပြုလုပ်ခြင်းဖြင့်ရရှိမည့် အကျိုးစဝါးဗ်နှင့်တူညီနိုင်ပါသလား။

ဖြေ။ အကယ်၍ မွတ်စ်လင်မ်တစ်ဦးသည် ဟက်ဂျဖရ်သွ်ဖြစ်စေသည့် စည်းကမ်းသတ်မှတ်ချက်များ ပြည့်စုံပါလျက် ဖရ်သွ်ဟက်ဂျကို မပြုလုပ်ဘဲ ကွယ် လွန်ခဲ့လျှင်၊ ၎င်းအနေဖြင့် ဝစီယသ် သေတမ်းစာရေးသားခဲ့သည့်ဖြစ်စေ၊ မရေးခဲ့သည်ဖြစ်စေ၊ ၎င်းချန်ရစ်ခဲ့သည့် ဥစ္စာပစ္စည်းများထဲမှ ၎င်းအတွက် ကိုယ်စားဟက်ဂျပြုလုပ်ပေးရန် အရေးကြီးပါသည်။ အကယ်၍ မိမိ၏ ဖရ်သွ်ဟက်ဂျတာဝန်ကို ပြီးမြောက် အောင် ဆောင်ရွက်ထားပြီးသူတစ်ဦးက ထိုကွယ်လွန်သူဘက်မှ ကိုယ်စားဟက်ဂျပြုလုပ်ပေးလျှင် ထိုသို့ ကိုယ်စားပြုလုပ်ပေးသည့်ဟက်ဂျသည် မှန်ကန်ပြီး ကွယ်လွန်သူ၏ ဟက်ဂျဖရ်သွ်တာဝန်ကို ကျေပွန်စေပါသည်။ ထို့အပြင် အခြားသူတစ်ဦးက မိမိကိုယ်စားဟက်ဂျပြုလုပ်ခြင်းသည် အကျိုးကုသိုလ်တွင် မိမိကိုယ်တိုင် ဟက်ဂျပြုလုပ်သကဲ့သို့ဖြစ်သည် သို့မဟုတ် လျော့နည်းသည် သို့မဟုတ် များပြားသည် စသည်တို့ကို အလ္လာဟ်အရှင်မြတ်သာ အသိဆုံးဖြစ်သည်။ သို့ရာတွင် လူတစ်ဦးသည် ဟက်ဂျပြုလုပ်ရန် တတ်စွမ်းနိုင်ပါက

မကွယ်လွန်မီ ဖရ်သ္ဝ်ဟဂ်ျကို အမြန်ဆုံးပြုလုပ်ရန် တာဝန်ရှိသည်မှာ သံသယဖြစ်စရာမလိုပေ။ ထိုသို့ဆောင်ရွက်ရန်လည်း ရှရီအသ်တရားတော်၏ အထောက်အထားများက ညွှန်ပြလျက်ရှိသည်။ ထိုတာဝန်ကို နောက်ဆိုင်းထားခြင်းကြောင့် ၎င်းအပေါ်၌ အပြစ်ရှိမည်ကို စိုးရိမ်ရသည်။

ဖသာဝါ လဂ်ျနသ္ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၀၀)

***

မေး။ လူတစ်ဦးသည် ဟဂ်ျခရီးတွင် မိမိ၏အဖော်များနှင့် အငြင်းပွားမှုအချို့ဖြစ်ခဲ့လျှင် ထိုသူ၏ဟဂ်ျမှာ မှန်ကန်မှုရှိပါသလား။ အကယ်၍ ဖရ်သ္ဝ်ဟဂ်ျ ဖြစ်ပါက ၎င်းဟဂ်ျမှာ အထမြောက်ပါသလား။

ဖြေ။ ထိုသူ၏ဟဂ်ျသည် မှန်ကန်ပြီး ဖရ်သ္ဝ်ဟဂ်ျတာဝန် အထမြောက်သည်။ သို့သော် ၎င်းကျူးလွန်ခဲ့သည့် ရှုံ့ချဖွယ်ဖြစ်သော အငြင်းပွားမှုအတိုင်း အတာမျှ အကျိုးကုသိုလ်မှာ လျော့နည်းသွားမည်ဖြစ်သည်။ ၎င်းအနေဖြင့် ထိုလုပ်ရပ်မျိုးမှ နောင် တရကာ အလ္လာဟ်အရှင်မြတ်ထံ သောင်ဗဟ်ပြုရမည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ -

{وتوبوا إلى الله جميعا أيه المؤمنون لعلكم تفلحون}

(အို- မုအ်မင်န် ယုံကြည်သူ အပေါင်းတို့၊ အသင်တို့ အောင်မြင်မှု ရရှိရန် အတွက် အသင်တို့ အားလုံးသည် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်တွင် ဝန်ချတောင်းပန်ကြပါ။)

ဖသာဝါ လဂ်နသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၁၂)

***

မီကာသ်များနှင့် အိဟ်ရာမ်ဆိုင်ရာ ဖသ်ဝါဓမ္မသတ် ဆုံးဖြတ်ချက်များ။

မေး။ ဂျိဒ်ဒါမြို့မှ အိဟ်ရာမ်ပြုလုပ်ခွင့်ရှိပါသလား။

ဖြေ။ ဂျိဒ်ဒါမြို့သည် ဟဂ်ျ သို့မဟုတ် အွမ်ရာပြုလုပ်ရန် အတွက် သတ်မှတ်ထားသည့် မီကာသ် (အိဟ်ရာမ် ပြုလုပ်ရမည့်နေရာ) မဟုတ်ပါ။ သို့သော် ဂျိဒ်ဒါမြို့တွင်နေထိုင်သည့် ဒေသခံများနှင့် အခြားဒေသမှလာပြီး ယာယီနေထိုင်ခွင့်ရရှိထားသူများသည် ဂျိဒ်ဒါမှ အိဟ်ရာမ်ပြုခွင့်ရှိသည်။ ထိုနည်းတူ ဟဂ်ျ သို့မ ဟုတ် အွမ်ရာပြုလုပ်ရန် မရည်ရွယ်ဘဲ အခြားကိစ္စတစ်ခုခုကြောင့် ဂျိဒ်ဒါသို့ ရောက်ရှိပြီးမှ ဟဂ်ျ၊

အွမ်ရပ်ပြုလုပ်ရန် ဆန္ဒရှိသူများအတွက်လည်း ဂျိဒ်ဒါမှ အိပ်ရာမ်ပြုလုပ်ခွင့်ရှိသည်။ သို့သော် ဂျိဒ်ဒါမြို့မရောက်မီ မိမိတို့အတွက် သတ်မှတ်ထားသော မီကာသ်ကိုဖြတ်သန်း သွားရသူများ ဥပမာ - မဒီနာမြို့သားများနှင့် မဒီနဟ်မြို့အ နောက်ဘက်မှလာသူများ သို့မဟုတ် မဒီနဟ်မြို့အား ကုန်း ကြောင်း၊ လေ ကြောင်းမှ ဖြတ်သန်းလာသူများအတွက် ဇူ လ်ဟုလိုင်ဖာသည် အိပ်ရာမ်ပြုရမည့်နေရာဖြစ်သည်။ " ဂျုဟ်ဖာ"သည် ထိုဒေသတွင်နေထိုင်သူများ သို့မဟုတ် ထို နေရာမှ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းဖြင့် ဖြ တ်သန်းလာသူများအတွက် အိပ်ရာမ်ပြုရမည့် နေရာဖြစ် သည်။ "ယလမ်လမ်"သည်လည်း ထိုအတိုင်းပင်ဖြစ်သည်။ ထို့ကြောင့် ဟဂ်ျ သို့မဟုတ် အွမ်ရာပြုမည့်သူသည် မိမိ၏ မီကာသ်တွင်လည်းကောင်း သို့မဟုတ် မိမိ၏ မီကာသ်ကို လေယာဉ်၊ သင်္ဘော၊ ကား၊ စသည်တို့ဖြင့် ဖြတ်သန်းပါက မီကာသ်နှင့် တတန်းထဲဖြစ်သည့်နေရာတွင် အိပ်ရာမ်ပြု လုပ်ရမည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၃၀)

***

မေး။ ဟဂ်ျပြုလုပ်သူတစ်ဦးသည် အိဟ်ရာမ်ဝတ်သည့် အခါ အမွှေးအကြိုင်သုံးလိုပါက အိဟ်ရာမ်အတွက် ရေမချိုးမီ သုံးစွဲရမည်လော သို့မဟုတ် ရေချိုးပြီးမှသာ သုံးစွဲရမည်လော။

ဖြေ။ အွမ်ရာ သို့မဟုတ် ဟဂ်ျ ကျင့်စဉ်ကိုပြုလုပ်ရန် ရည်ရွယ်သူတစ်ဦးသည် ဟဂ်ျနှင့် အွမ်ရာ၏ သလ်ဗီယဟ်မဆိုမီ အိဟ်ရာမ်ဝတ်နေစဉ် အမွှေးအ ကြိုင်ကို သုံးစွဲလိုပါက၊ သုံးစွဲခွင့်ရှိသည်။ သို့သော် ရေချိုးပြီးမှ အမွှေးအကြိုင်သုံးစွဲခြင်းသည် အကောင်းဆုံးဖြစ်သည်။ အာအိရှဟ် (رضي الله عنها)က ဆင့်ပြန် ပြောကြားခဲ့သည်။

«كنت أطيب رسول الله صلى الله عليه وسلم لإحرامه قبل أن يحرم، ولحله قبل أن يطوف بالبيت»

ကျွန်မသည် အလာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ) အိဟ်ရာမ်မဝတ်မီ ယင်းအိဟ်ရာမ်အား အမွှေးအကြိုင်သုတ်လိမ်းပေးခဲ့သည်။ ထို့နောက် ကအ်ဗဟ်ကျောင်းတော်ကို သွဝါဖ် (ဇိယာရသ်) မလုပ်မီအလျင် အိဟ်ရာမ်ချွတ်သည့်အချိန်၌လည်း အမွှေးအကြိုင်သုတ်လိမ်းပေးခဲ့သည်။ ဗုခါရီကျမ်း၊ မွတ်စ်လင်ကျမ်း

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၆၈)

***

မေး။ အလ္လာဟ်အရှင်မြတ်သည် ဟဂ်ျပြုလုပ်သူများအား ချုပ်ထားသောအဝတ်များ ဝတ်ဆင်ခြင်းကို အဘယ်ကြောင့် တားမြစ်တော်မူပါသနည်း။ ထိုတား မြစ်ချက်၏ ဟိကမသ် အမြော်မြင်မှာ အဘယ်နည်း။

ဖြေ။ (၁) အလ္လာဟ်အရှင်မြတ်သည် ကအ်ဗဟ်ကျောင်းတော်သို့ သွားရောက်ရန် တတ်စွမ်းနိုင်သူတိုင်းအပေါ် တစ်သက်တွင် တစ်ကြိမ်ဟဂ်ျပြုရန် ဖရ်သ္ဖ်တာဝန်အဖြစ် ပြဋ္ဌာန်းထားတော်မူပြီး၊ ယင်းကို အစ္စလာမ့်မဏ္ဍိုင်များအနက်မှ တစ်ခုအဖြစ် သတ်မှတ်ထားတော်မူသည်။ ထို့ကြောင့် ဟဂ်ျသည် မဖြစ်မနေလိုက်နာကျင့်သုံးရမည့် သာသနာရေး ကိစ္စဖြစ်ကြောင်း သိနားလည်ထားရမည်။ မွတ်စ်လင်မ်တစ်ဦးသည် အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်တော်မူရန်၊ အရှင်မြတ်၏ အမိန့်ကို ဦးထိပ်ပန်ဆင်ကာ၊ အရှင်မြတ်ချီးမြှင့်မည့် အကျိုးစဝါးဗ်ကို မျှော်ကိုးပြီး၊ အရှင်မြတ်၏ အပြစ်ဒဏ်အား ကြောက်ရွံ့ကာ မိမိအပေါ် အလ္လာ

ဟ်အရှင်မြတ်က ဖရ်သင့်အဖြစ်သတ်မှတ်ထားသည့် ဤ ဟဂ်ျတာဝန်ကို ဆောင်ရွက်ရန်အရေးကြီးသည်။ တစ်ဆက်တည်းမှာပင် အရှင်မြတ်သည် မိမိ၏ တရားဥပဒေပြဌာန်းမှု၊ အလုံးစုံသော လုပ်ဆောင်မှုများတွင် အလွန်တရာ နက်နဲသိမ်မွေ့သော ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်၊ မိမိ၏ကျေးကျွန်များအပေါ် အလွန်ကရုဏာထားတော်မူသောအရှင် ဖြစ်တော်မူကြောင်းနှင့် အရှင်မြတ်သည် ၎င်းတို့အတွက် ဤလောကနှင့် နောင်တမလွန်ဘဝတွင် ကောင်းကျိုးများစွာကို ဖန်တီးပေးနိုင်သော ဥပဒေများကိုသာ ပြဌာန်းတော်မူကြောင်းကို ခိုင်မာစွာယုံကြည်ရမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် တရားစီရင်ပြဌာန်းမှုကို အကြွင်းမဲ့ဉာဏ်ပညာရှင်ဖြစ်တော်မူသော၊ အရာခပ်သိမ်းကို စိုးပိုင်တော်မူသော ကျွန်ုပ်တို့၏ အရှင်ဘက်သို့ လွှဲအပ်ရမည်ဖြစ်ပြီး၊ ကျေးကျွန်အပေါ်၌ ထိုပြဌာန်းချက်ကို အကြွင်းမဲ့ လက်ခံယုံကြည်လိုက်နာရန် အရေးကြီးပါသည်။

၂။ ဟဂ်ျနှင့် အွမ်ရာပြုလုပ်စဉ် ချုပ်ရိုးပါသောအဝတ်များကို မဝတ်ဆင်ရခြင်း၌ဟိကမ်မသ် အမြော်မြင်များစွာရှိ

ပြီး ၎င်းတို့အနက်အချို့မှာ- ပြန်လည်ရှင်ပြန်ထသည့် နေ့တွင် လူသားတို့၏ အခြေအနေများကို သတိရခြင်း၊ ထိုနေ့တွင် လူသားများသည် အဝတ်ဗလာ၊ ခြေဗလာများအဖြစ်ရှိကြမည်ဖြစ်ပြီး ထို့နောက်မှသာ အဝတ်များကို ဝတ်ဆင်ပေးခြင်းခံရမည်။ တမလွန်ဘဝ၏ အခြေအနေများကိုသတိရခြင်းအားဖြင့် သံဝေဂတရားများနှင့် ဆုံးမနာယူမှုများရရှိခြင်း၊ ထို့အတူ နဗ်စ်စိတ်နှလုံးသားကို ချိုးနှိမ်ကာ၊ ယင်းနဗ်စ်အား ကျိုးနွံ့မှုသည် အ ရေးကြီးကြောင်း အသိပေးခြင်း၊ မာန်မာနထောင်လွှားမှု၏ အညစ်အကြေးမှ သန့်စင်စေခြင်း၊ စိတ်နှလုံးသားအား အပြန်အလှန်နီးစပ်မှုရရှိစေခြင်း၊ တန်းတူညီမျှဖြစ်ခြင်း၊ ရိုးရှင်းစွာနေထိုင်မှု၏ ဥပဒေသကိုအသိပေးခြင်း၊ မိမိနှလုံးသားအား သတိပေးခြင်း၊ ဖြုန်းတီးခြင်းကို ရှောင်ကြဉ်ခြင်းနှင့် မရှိဆင်းရဲသားတို့အား ကူညီခြင်း စသည်တို့ဖြစ်သည်။ ဤအချက်များသည် အလ္လာဟ်အရှင်မြတ်က သတ်မှတ်ပြဌာန်းတော်မူပြီး၊ အရှင်မြတ်၏ ရစူလ်တမန်တော် (ﷺ)က ရှင်းပြခဲ့သော ဟဂ်ျ၏ ရည်ရွယ်ချက်များအနက်မှ အချို့ဖြစ်သည်။

ဖသာဝါ လဂ်နသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၇၉)

***

မေး။ ဟဂ်ျတွင် ဟာဂျီများသည် အဘယ်ကြောင့် ထိုဝတ်ဆုံများကို ဝတ်ဆင်ရပါသနည်း။

ဖြေ။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏တမန်တော် မုဟမ္မဒ် (ﷺ) ၏ နှုတ်မှတစ်ဆင့် ဟဂ်ျနှင့် အွမ်ရာပြုလုပ်စဉ် အောက်ပိုင်းတွင်ဝတ်ရသည့် အဝတ်ဖြူ အိဇာရ်နှင့် အပေါ်ပိုင်းဝတ်ရသည့် ခြုံထည်ဖြူ ရိဒါအ် (အိဟ်ရာမ်)ကို ဝတ်ဆင်ရန် ကျွန်ုပ်တို့အား အမိန့်ပေးထားပါသည်။ ဤအမိန့်တွင် အလ္လာဟ်အရှင်မြတ်သာသိသော ဟိကမ်သ်တော်များပါရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုဟိကမ်သ်တော်များကို နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ အကျိုးစဝါးဗ်ကို မျှော်ကိုးကာ ထိုအမိန့်အတိုင်း လိုက်နာကျင့်သုံးရန် တာဝန်ရှိပါသည်။ ၎င်းနှင့် ပတ်သက်၍ သာသနာ့ပညာရှင်များ၏ တင်ပြချက်အချို့မှာ- ဤသည် ကိယာမသ်နေ့တွင် လူသားတို့၏အခြေအနေကို သတိပေးနေသည်။ ထို့အတူ ဟဂ်ျပြုလုပ်သူများ၏ စိတ်နှလုံးထဲတွင် ရိုကျိုးမှုကို

ဖြစ်ပေါ်စေပြီး ချမ်းသာသူနှင့် ဆင်းရဲသူအားလုံး တန်းတူညီတူဖြစ်ကြောင်းကို သိနားလည်စေသည်။ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်ထံ သောင်ဖီးကံစွမ်းအားပေးတော်မူရန်၊ ဖြောင့်မတ်မှုနှင့် အမှန်တရားပေါ် တည်မြဲစေရန်နှင့် ကျွန်ုပ်တို့သည် အရှင်မြတ်နှင့် တွေ့ဆုံသည်အထိ ဤလမ်းစဉ်အတိုင်းလျှောက်လှမ်းနိုင်ရန် အရှင်မြတ်ထံတော်ပါး၌ တောင်းဆုပြုအပ်ပါသည်။

ဖသာဝါ လဂ်ျနသ္ဒာဲမ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၇၁)

***

မေး။ ဓမ္မတာသွေးဆင်းနေသော အမျိုးသမီးအတွက် ဟဂ်ျပြုခြင်း၏ အမိန့်မှာ အဘယ်နည်း။

ဖြေ။ ဓမ္မတာသွေးဆင်းခြင်းသည် ဟဂ်ျပြုခြင်းကို အဟန့်အတားမဖြစ်စေပါ။ သို့ဖြစ်၍ ဓမ္မတာလာနေစဉ် အိဟ်ရာမ်ပြုထားသော အမျိုးသမီးသည် သွဝါဖ်လှည့်ခြင်းမှလွဲ၍ ဟဂ်ျ၏ အခြားကျင့်စဉ်များကို ဆောင်ရွက်ရမည်။ သွဝါဖ်အား ဓမ္မတာသွေးဆင်းခြင်း ပြီးဆုံးသွားပြီးနောက် ရေချိုးသန့်စင်ပြီးမှသာ ပြုလုပ်ရမည်။ နိဖားစ် ကလေးမွေးပြီး

သွေးဆင်းနေသော အမျိုးသမီးများ၏ အမိန့်မှာလည်း ထို အတိုင်းပင်ဖြစ်သည်။ အကယ်၍ သူမသည် ဟဂ်ျ၏ ဖ ရ်သည့်အချက်များကို ဆောင်ရွက်ခဲ့ပါက သူမ၏ဟဂ်ျသည် မှန်ကန်အထမြောက်သွားမည်ဖြစ်သည်။

ဖသာဝါ လဂ်ျနသွဒ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၇၂)

***

မေး။ ဆော်ဒီအာရေဗျနိုင်ငံတွင် ဟဂ်ျပြုလုပ်ရန် ရောက် လာသော အမျိုးသမီးတစ်ဦးသည် သွဝါဖ်ကူဒူးမ် မပြုလုပ် မီအလျင် ဓမ္မတာသွေးဆင်းခဲ့လျှင် ထိုအမျိုးသမီးနှင့် ပတ် သက်သည့်အမိန့်မှာ မည်သို့ရှိပါသနည်း။ ထို့ပြင် သူမသည် ဓမ္မတာသွေးဆင်းနေစဉ် အရဖာသ်ကွင်းပြင်သို့ သွားနိုင်ပါ သလား။ တရားတော်အရ ထိုအမျိုးသမီး၏အမိန့်မှာ မည် သို့ရှိပါသနည်း။

ဖြေ။ ထိုအမျိုးသမီးသည် မိမိ၏ အိဟ်ရာမ်ကို ဆက် လ က်ဝတ်ဆင်ထားရမည်။ သူမသည် ကအ်ဗဟ်ကျောင်း တော်ကို သွဝါဖ်ပြုလုပ်ခြင်းမှအပ ဟဂ်ျပြုလုပ်သူများ ဆောင်ရွက်သည့် အခြားကိစ္စရပ်အား လုံးကို ပြုလုပ်နိုင်သ

ည်။ ထို့နောက် ဓမ္မတာသွေးဆင်းခြင်း ပြီးဆုံးသောအခါ ရေချိုးသန့်စင်၍ ကအ်ဗဟ်ကျောင်းတော်ကို သွဝါဖ်ပြုလုပ်ရမည်။

ဖသာဝါ လက်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၇၃)

***

မေး။ လူတစ်ဦးသည် မီကာသ်မှ အိဟ်ရာမ် ပြုလုပ်သည့်အခါ ထိုင်ပြီး လက်သည်း၊ ခြေသည်း ညှပ်ခွင့်ရှိပါသလား သို့မဟုတ် ကုရ်ဘာနီပြုလုပ်ပြီးမှသာ ထိုကိစ္စကို ဆောင်ရွက်ခွင့်ရှိပါသလား။

ဖြေ။ အကယ်၍ ၎င်းသည် အိဟ်ရာမ် မပြုမီအလျင် လက်သည်း၊ ခြေသည်း ညှပ်ခဲ့ပါက ပြဿနာမရှိပါ။ သို့သော် ထိုသူသည် ကုဗ်ဘာနီ ပြုလုပ်ရန် ရည်ရွယ်ထားပြီး ဇိလ်ဟဂ်ျလလည်း ဝင်ရောက်လာပါက ၎င်းအဖို့ ထိုသို့ပြုလုပ်ခွင့်မရှိတော့ပါ။ အဘယ်ကြောင့်ဆိုဂသော် တမန်တော်မြတ် (ﷺ)သည် ထိုသို့ပြုလုပ်ခြင်းကို တားမြစ်ထားတော်မူသည်။ အကယ်၍ အိဟ်ရာမ်၏နီယသ် ပြုပြီးနောက် ထိုသို့ပြုလုပ်ပါက လုံးဝမပိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အိဟ်ရာမ်ပြု

ထားသူသည် လက်သည်း၊ ခြေသည်းညှပ်ခြင်း၊ ဆံပင်ညှပ်ခြင်းတို့သည် ပြုလုပ်ခွင့်မရှိပါ။ အွမ်ရာအတွက် သ၀ါဖ်လှည့်ခြင်းနှင့် စအီပြေးခြင်းတို့ကို ပြုလုပ်ပြီး ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ခြင်းဖြင့် အိဟ်ရာမ်မှ ထွက်ပြီးမှသာ ထိုသို့ပြုလုပ်ခွင့်ရှိသည်။ ဤအတိုင်းပင် ဟဂ်ျတွင်လည်း ဂျမ်ရသုလ်အကဗ်ဘာ (ရှိုင်သွာန်အကြီးအား) ခဲပေါက်ပြီးနောက် ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ခြင်းကို ပြုလုပ်ရမည်။ ခေါင်းရိတ်ခြင်းသည် ပို၍မွန်မြတ်သည်။ ထို့နောက် ၎င်းသည် ကုရ်ဘာနီပြုလုပ်ပြီးမှဖြစ်စေ၊ မပြုလုပ်မီဖြစ်စေ အိဟ်ရာမ်မှ ထွက်နိုင်ပြီဖြစ်သည်။ သို့သော် လွယ်ကူပါက ကုရ်ဘာနီပြုပြီးမှသာ အိဟ်ရာမ်မှထွက်ခြင်း ပို၍ကောင်းသည်။

ဖသာ၀ါ လဂ်ျနသ္ဒ ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၇၈)

***

မေး။ ကျွန်ုပ်၏ဖခင်သည် မနှစ်ကဟဂ်ျပြုလုပ်ခဲ့သည်။ သို့သော် ၎င်းသည် အလွန်အမင်း နာမကျန်းဖြစ်ခဲ့သည့်အ

တွက် အိပ်ရာမ်ကို မဝတ်ဆင်နိုင်ခဲ့ပါ။ သို့ဖြစ်၍ ၎င်းအပေါ်၌ မည်သို့လုပ်ဆောင်ရန် တာဝန်ရှိပါသနည်း။

ဖြေ။ အကယ်၍ ဟဂ်ျပြုလုပ်သူတစ်ဦးသည် အေးခြင်း၊ နာမကျန်းဖြစ်ခြင်း စသည့်အကြောင်းတစ်စုံ တစ်ရာကြောင့် လိုအပ်ချက်အရ မိမိ၏ပုံမှန်အဝတ် အစားများ (ချုပ်ထားသည့်အဝတ်များ)ကို ဝတ်ဆင်ပြီး အိပ်ရာမ်ပြုခဲ့လျှင် တရားတော်အရ ထိုသို့ပြု လုပ်ခွင့်ရှိသည်။ သို့သော်ချုပ်ထားသောအဝတ်များ ဝတ်ဆင်ခြင်းနှင့်ပတ်သက်၍ ၎င်းအပေါ်၌ တာဝန် ရှိသည်မှာ - ဆွံ့ယာမ်သုံးရက်စောင့်ခြင်း သို့မဟုတ် ဆင်းရဲသား (၆) ဦးကို အစားအစာကျွေးမွေးခြင်း (တစ်ဦးလျှင် မိမိဒေသ၏ စားနပ် ရိက္ခာ ဆွာအ်တစ်ဝက်) သို့မဟုတ် ကုရ်ဗာနီအတွက်ခွင့်ပြုထားသော ဆိတ်တစ်ကောင် ဇဗဟ်လုပ် (ကာ ဆင်းရဲသားများကို ဝေငှ) ခြင်းတို့ဖြစ်သည်။ အကယ်၍ ၎င်းသည် မိမိ၏ဦးခေါင်းကိုဖုံးအုပ်ခဲ့လျှင်လည်း အမိန့်မှာ ထိုအတိုင်းပင်ဖြစ်သည်။ ၎င်းအနေဖြင့် ဆွံ့ယာမ်ဥပုသ်ကို မည်သည့်နေရာတွင်မဆို စောင့်ထိန်းနိုင်သော်လည်း၊ အစားအစာကျွေးခြင်းနှင့် ဆိတ် ဇဗဟ်လုပ်

ခြင်းကိုမူ မက္ကဟ်၏ ဟရမ်နယ်နမိတ်အတွင်း ၌သာ ဆော င်ရွက်ရမည်ဖြစ်သည်။

ဖသာဝါ လဂ်ျနသ္ဒသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၈၀)

***

မေး။ ကျွန်တော်သည် အလ္လာဟ်အရှင်မြတ်အလိုရှိလျှင် ဟဂ်ျပြုလုပ်ရန်ဆန္ဒရှိပါသည်။ သို့သော် ကျွန် တော်သည် ဦးရေပြားတွင် ဆံပင်မရှိဘဲ ခေါင်းပြောင်နေသူတစ်ဦးဖြစ် သည်။ ထို့ပြင် ကျွန်တော့်အရေပြားသည်အလွန်အမင်း ထိ ခိုက်လွယ်ပြီး နေရောင်ခြည်ဖြင့် ထိတွေ့မိသည်နှင့် ကျန်း မာရေးကိုထိခိုက်စေပြီး ဦးရေပြားတွင် ပြင်းထန်တဲ့ရောင် ရမ်းမှုများဖြစ်ကာ ဦးခေါင်းနှင့် မျက်နှာတွင် သွေးကြော များပေါ်လာပါသည်။ အထူးသဖြင့် ဦးခေါင်းတွင်ပို၍ဆိုးပါ သည်။ အသင်သိသည့်အတိုင်း အိဟ်ရာမ်လုပ်ထားစဉ် တားမြစ်ထားသောအချက်များတွင် ဦးခေါင်းကိုဖုံးအုပ်ခြ င်းလည်း ပါဝင်ပါသည်။ ထို့ပြင် ကျွန်တော်သည် အရပ်ပု သူဖြစ်ပြီး ထီးကိုင်ရန်လည်း မဖြစ်နိုင်ပါ။ အဘယ်ကြောင့် ဆိုသော် ထီးသည် အနီးရှိသူများကို အနှောင့်အယှက်ဖြစ်

စေသောကြောင့်ဖြစ်ပါသည်။ ကျေးဇူးပြု၍ ဆရာသခင်ကြီးအနေဖြင့် ဤအခြေ အနေနှင့်ပတ်သက်သော ဖသ်ဝါကို ညွှန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဖြေ။ သင်တင်ပြထားသည့်အတိုင်းဆိုပါက အသင်သည်အိဟ်ရာမ်၏ အခြေအနေတွင် ဦးခေါင်းကိုဖုံး အုပ်ခွင့်ရှိပြီး ထိုအစား ဖိဒ်ယဟ်အဖြစ် ဆိတ်တစ်ကောင်ကို ဇဗဟ်လုပ်ကာ မက္ကဟ်ရှိ ဆင်းရဲသားများအား ကျွေးမွေးရမည်။ သို့မဟုတ် မက္ကဟ်မြို့ဟရမ်နယ်နိမိတ်အတွင်းရှိ ဆင်းရဲသား ခြောက်ဦးအား တစ်ဦးလျှင် တစ်နေ့တာစားသုံးရန်လုံလောက်သော စား နပ်ရိက္ခာ စွံပလွန်သီး သို့မဟုတ် အခြားဒေသအစား အစာ ဆွာအ်တစ်ဝက်ခန့် ကျွေးမွေးရမည်။ သို့မဟုတ် သုံးရက်ဆက်တိုက် ဆွိယာမ်ဥပုသ် စောင့်ထိန်းရမည်။ ဤသည် ဟဂ်ျ၏အိဟ်ရာမ်နှင့်သက်ဆိုင်သော ဖိဒ်ယဟ်ဖြစ်သည်။ အကယ်၍ သင်သည် အွမ်ရာအတွက်ပါ အိဟ်ရာမ်ပြုခဲ့လျှင် ယင်းအတွက် နောက်ထပ်ဖိဒ်ယဟ် ထပ်ပေးရမည်ဖြစ်သည်။ (ဆိုလိုသည်မှာ ဟဂ်ျနှင့်၊ အွမ်ရာ နှစ်မျိုးလုံးအတွက် အိဟ်ရာမ်ပြုလုပ်ပါက တစ်ခုစီအတွက် သီးသန့်ဖိဒ်ယဟ်ပေးရန် လိုအပ်သည်။)

ဖသာဝါ လက်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၈၁)

***

မေး။ ဟာဂျီတစ်ဦးသည် တားမြစ်ထားသောအမှုကို ကျူးလွန်မိပါသည်။ ထိုအမှုမှာ ဂျမ်ရားသ်တွင် ရှိုင်သွာန်ခဲ ပေါက်ခြင်း၊ ခေါင်းရိတ်ခြင်းပြုလုပ်ပြီးနောက် သွဝါဖ်ဇိယာရသ် မပြုလုပ်မီအလျင် မိမိ၏ ဇနီးကို ရာဂစိတ်ဖြင့် နမ်းရှုပ်မိပြီး ဇနီး၏ အရှက်အ ဂါအပြင်ဘက်၌ သုတ်လွှတ်မိပါသည်။ ထိုဇနီးသည် ဟဂ်ျပြုလုပ်သူမဟုတ်ပါ။ ကျေးဇူးပြုပြီး ဤကိစ္စနှင့်ပတ်သက်၍ ဖသ်ဝါမွေသတ်ဆုံးဖြတ်ပေးပါရန် လျှောက်ထားအပ်ပါသည်။

ဖြေ။ မည်သည့်မွတ်စ်လင်မ်မဆို ဟဂ်ျအတွက်ဖြစ်စေ သို့မဟုတ် အွမ်ရာအတွက်ဖြစ်စေ သို့မဟုတ် နှစ်မျိုးလုံးအတွက်ဖြစ်စေ အိဟ်ရာမ်ပြုလုပ်ပါက မိမိ၏အိဟ်ရာမ်ကို ပျက်စေသော သို့မဟုတ် ဟဂ်ျ၊ အွမ်ရာ၏ အမလ်ကျင့်ဆောင်မှုကို ချို့ယွင်းစေသော အပြုအမူများကို ပြုလုပ်ခွင့်မရှိပါ။ ဟဂ်ျအတွက် အိဟ်ရာမ်ပြုလုပ်ထားသူသည် အိဟ်ရာမ်၏အခြေအနေတွင် ဇနီးသည်နှင့် နမ်းရှုပ်ခြင်းသည် ဟရာ

မ်ဖြစ်ပြီး၊ အိဟ်ရာမ်မှ အပြည့်အဝ မထွက်မခြင်း ထိုသို့ပြု လုပ်ခြင်းမှ ရှောင်ကြဉ်ရမည်။ အိဟ်ရာမ်မှအပြည့်အဝထွ က်ခြင်းဆိုသည်မှာ - ဂျမ်ရာသ်တွင် ရှိုင်သွာန်ခဲပေါက်ခြင်း၊ ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ခြင်း၊ သွဝါဖ်ဇိယာရ သ်ပြုလုပ်ခြင်း၊ အကယ်၍ ၎င်းအပေါ်၌ စအီပြေးရန်တာဝ န်ကျန်ရှိနေပါက စအီပြေးခြင်းတို့ဖြစ်သည်။ ထိုအချက် များအားလုံးကို ပြီးဆုံးအောင်မပြုလုပ်သေးသ၍ အိဟ်ရာ မ်၏ အမိန့်အတွင်း၌သာရှိနေပြီး ဇနီးမိန်းမများနှင့် လိင်ပို င်းဆိုင်ရာ အပြုအမူများသည် ဟရာမ်ဖြစ်နေဆဲဖြစ်သည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် ပထမအဆင့် သဟတ်လုလ် ( ဂျမ်ရားသ်တွင် ရှိုင်သွာန်ခဲပေါက်ခြင်းနှင့် ခေါင်းရိတ်ခြင်း (သို့) ဆံပင်ညှပ်ခြင်းပြုလုပ် )ပြီးနောက် ဇနီးကို နမ်းရှုပ်မိ ပြီး ရာဂစိတ်ကြောင့် သုတ်လွှတ်မိပါက၊ ထိုသူ၏ဟဂ်ျမှာ မပျက်သွားပါ။ သို့သော် ၎င်းသည် အလ္လာဟ်အရှင်မြတ်ထံ လွှတ်ငြိမ်းချမ်းသာခွင့်တောင်းခံပြီး၊ ထိုသို့သောအပြုအမူ ကို နောက်တစ်ကြိမ်ထပ်မံ မကျူးလွန်မိစေရန် ရှောင်ကြဉ် ရမည်။ ထို့အပြင် ယင်းအမှားအား ကဖ်ဖာရဟ်ပြုလုပ်ခြင်း အားဖြင့် ပြန် လည်ဖြည့်စွက်ရမည်။ ၎င်းမှာ ကုရ်ဗာနီပြုပို

င်ခွင့်ရှိသော အသက်ပြည့်ပြီးသော သိုး သို့မဟုတ် ဆိတ်တစ်ကောင်ကို ဇဗဟ်လုပ်ကာ မက္ကဟ်မြို့ဟာရမ်နယ်နမိတ်အတွင်းရှိ ဆင်းရဲသားများအား ဝေငှပေးလိုက်ရမည်။ ဤကဖ္ဖာရဟ်ကို ဖြစ်နိုင်သမျှ အမြန်ဆုံး ပေးဆောင်ရန် လိုအပ်သည်။

ဖသာဝါ လဂ်ျနသွည် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၈၈)

***

မေး။ ကျွန်တော်သည် ဖရ်သွ်ဟဂ်ျပြုလုပ်ခဲ့ပါသည်။ တစ်ည မိနာ၌ ညအိပ်နေစဉ် အိပ်မက်မက် (၍သုတ်ထွက်သွား) ခဲ့သော်လည်း ချက်ချင်းရေမချိုးနိုင်ခဲ့ပါ။ ထို့အတွက် ကျွန်တော်ံ့အပေါ်၌ တစ်စုံတစ်ရာအပြစ်ရှိပါသလား။

ဖြေ။ လူတစ်ဦးသည် ဟဂ်ျ သို့မဟုတ် အွမ်ရာ၏ အိဟ်ရာမ်ဝတ်ထားစဉ် အိပ်မက်မက်၍ သုတ်ထွက်ခြင်းသည် ၎င်း၏ ဟဂ်ျ သို့မဟုတ် အွမ်ရာကို မပျက်စေပါ။ မည်သူမဆို ထိုသို့ဖြစ်ခဲ့ပါက နိုးလာချိန်တွင် သုက်ထွက်ခဲ့ကြောင်းသိလျှင် ဂုနာဗသ်၏ ဂုစုလ် (ကိုယ်မသန့်သည့်အတွက် ရေချိုးခြင်း)ကို ပြုလုပ်ရမည်။ သို့သော် အသင့်ပေါ်၌ မည်သ

ည့် ဖိဒ်ယဟ်မျှပေးရန် တာဝန်မရှိပါ။ အကြောင်းမှာ အိပ်မက် မက်၍သုတ်ထွက်ခြင်းသည် သင်၏ အလိုဆန္ဒအလျောက်ဖြစ်ပေါ် ခဲ့ခြင်း မဟုတ်ပေ။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၁၈၈)

***

မေး။ မက္ကဟ်မြို့နှင့် မဒီနဟ်မြို့ရှိ ခိုများတွင် သီးခြားထွတ်မြတ်မှုတစ်စုံတစ်ရာ ရှိပါသလား။

ဖြေ။ မက္ကဟ်မြို့နှင့် မဒီနဟ်မြို့ရှိ ခိုများတွင်သီး ခြားထွတ်မြတ်မှုတစ်စုံတစ်ရာမရှိပါ။ သို့သော် ယင်းခိုများ ဟရမ်နယ်နမိတ်အတွင်း၌ရှိနေသမျှကာလပတ်လုံး ဖမ်းခြင်း သို့မဟုတ် ခြောက်လှန့်မောင်းထုတ်ခြင်း မပြုရပါ။ ဤသည်မှာ အောက်ပါဟဒီးဆ်တော်အရဖြစ်သည်။

«إن الله حرم مكة، فلم تحل لأحد قبلي، ولا تحل لأحد بعدي، وإنما أحلت لي ساعة من نهار، لا يختلى خلاها، ولا يعضد شجرها، ولا ينفر صيدها»

ကောန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မက္ကဟ်ကို "ဟရမ်"ထွတ်မြတ်ရာ နေရာအဖြစ် သတ်မှတ်တော်မူခဲ့၏။ ထို့ကြောင့် ယင်း (မက္ကဟ်)၌ ငါကိုယ်တော် မတိုင်မီက မည်သူတစ်ဦးတစ်ယောက်အတွက်မျှ စစ် မက်ပြိုင်တိုက်ခိုက်ခြ

င်း မပြုပိုင်ခဲ့သလို ငါကိုယ် တော်၏နောက်တွင်လည်း မည်သူတစ်ဦးတစ်ယောက်အတွက်မျှ  စစ်မက်ပြိုင်တိုက်ခိုက်ခြင်း မပြုပိုင်ပေ။ ငါကိုယ်တော်အတွက်လည်း နေ့၏ အချိန်ပိုင်း အချို့အတွက်သာ ခွင့်ပြုခဲ့ခြင်းဖြစ် သည်။ ထိုမြို့ရှိ မြက်ပင်များကို မနှုတ်ရ၊ သစ်ပင်များကို မခုတ်လှဲရ၊ တိရစ္ဆာန်များကိုလည်း ခြောက်လှန့် မောင်းနှင်ခြင်း မပြုရပါ။ (ဗုခါရီကျမ်း)  ထို့ပြင် တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်မှာ -

«إن إبراهيم حرم مكة، وإني حرمت المدينة ما بين لابتيها، لا يقطع عضاهها، ولا يصاد صيدها»

 အိဗ်ရာဟီမ် (عليه السلام)သည် မက္ကာဟ်ကို ဟရမ်ထွတ်မြတ်ရာ နေရာအဖြစ်သတ်မှတ်ခဲ့သည်။ စင်စစ် ငါကိုယ်တော်မြတ်သည်  မဒီနဟ်အား  ၎င်း၏  ကျောက်နက်ကုန်းရပ်နှစ်ခုကြားနေရာ ( အိုင်း၇် တောင်မှ အုဟုဒ်တောင်အနောက်ဘက်ရှိ ဆောင်း၇်တောင်အထိ ) "ဟရမ်"ထွတ်မြတ်ရာ နေရာအဖြစ် သတ်မှတ်တော်မူသည်။ ယင်းနေရာရှိ အပင်ကို မခုတ်ဖြတ်ရ။ သားကောင်များကို အမဲလိုက်ခြင်းမပြုရပါ။ (မွတ်စ်လင်မ်ကျမ်း)

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၀၂)

***

မေး။ ကျွန်တော်သည် ဟဂ်ျသမသ်သုအ်ာ ပြုလုပ်မည့်သူဖြစ်သည့်အတွက် အွမ်ရာပြုလုပ်ပြီးနောက် အိဟ်ရာမ်ဝတ်ရုံများကို ချွတ်ခွင့်ရှိပါသလား။

ဖြေ။ ဟဂ်ျသမသ်သုအ်ာ ပြုလုပ်သူအတွက် အွမ်ရာပြုလုပ်ပြီးနောက် အိဟ်ရာမ် ချွတ်ခွင့်ရှိပါသည်။ အွမ်ရာပြုလုပ်ပြီးစီးခြင်းဆိုသည်မှာ သွဝါဖ်လှည့်ခြင်း၊ စအီပြေးခြင်းနှင့် ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ခြင်းတို့ဖြစ်ပါသည်။ ထို့နောက် ၎င်းသည် သာမန်အဝတ်အစားများကို ပြန်လည်ဝတ်ဆင်နိုင်ပါသည်။ တမန်တော်မြတ်(ﷺ)သည် ဟဂ်ျဂျသွလ်ဝဒါအ်၌ ကုရ်ဗာနီသား ကောင်များ မယူဆောင်လာသော မိမိ၏ ဆွဟာဗဟ်သာဝကများအား ထိုအတိုင်းပြုလုပ်ရန် အမိန့်ပေးတော်မူခဲ့သည်။ ထို့နောက် ဇိလ်ဟိဂ်ျလ(၈) ရက်နေ့တွင် ဟဂ်ျအတွက် အိဟ်ရာမ်ပြန်ဝတ်ရမည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၀၂)

***

မေး။ ဟဂ်ျသမသ်သုအ်ပြုလုပ်သူသည် အွမ်ရာပြု လုပ်ပြီးနောက် အိဟ်ရာမ်မှ ထွက်သည့်အခါ မည်သည့်အရာများ လုပ်ဆောင်ခွင့်ရှိသည်ကို တင်ပြပေးပါ။

ဖြေ။ မည်သူမဆို အွမ်ရာနှင့်အတူ ဟဂ်ျသမသ်သုအ်ပြုလုပ်ရန် ရည်ရွယ်၍ အိဟ်ရာမ်ပြုလုပ်ခဲ့မည်။ ထို့ နောက် ၎င်းသည် သဝါဖ်လှည့်ပတ်ခြင်း၊ စအီ ပြေးခြင်း၊ ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ခြင်းစသည့် အွမ်ရာကျင့်စဉ်များကို ပြုလုပ်ပြီးပါက ၎င်းအနေ ဖြင့် အိဟ်ရာမ်မှ ထွက်သွားပြီးဖြစ်ပြီး အိဟ်ရာမ်ပြုထားစဉ် တားမြစ်ထားသောအရာများဖြစ်သည့် အ မွေးအမျှင်ရိတ်ခြင်း၊ လက်သည်း ခြေသည်းညှပ်ခြင်း၊ ချုပ်ထားသော အဝတ်များကို ဝတ်ဆင်ခြင်း၊ ဦးခေါင်းကိုဖုံးအုပ်ခြင်း၊ အမွှေးအကြိုင်သုံးစွဲခြင်း၊ ကုန်းနေသတ္တဝါများကို အမဲလိုက်ခြင်း၊ နိကာဟ်ပြု လုပ်ခြင်း၊ ကိုယ်လက်နှီးနှောခြင်း၊ ၎င်းဘက်သို့ ဖိတ်ခေါ်သောအရာများ (ပွေ့ဖက်နမ်းရှုပ်ခြင်း၊ ကျီဆယ်ခြင်း)ကို ပြုလုပ်ခွင့်ရှိသွားပြီ ဖြစ်သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၀၄)

***

မေး။ ဟာဂျီများ အုပ်စုလိုက် သလ်ဘီယဟ် ရွတ်ဆိုခြင်း၏အမိန့်မှာ မည်သို့ရှိပါသနည်း။ ဆိုလိုသည်မှာ တစ်ဦးက ဦးဆောင်၍ သလ်ဘီယဟ်ဆိုပြီး အခြားသူများက နောက်မှလိုက်၍ ရွတ်ဆိုခြင်းဖြစ်သည်။

ဖြေ။ ထိုသို့ပြုလုပ်ခြင်း မပိုင်ပါ။ အကြောင်းမှာ တမန်တော်မြတ်(ﷺ)နှင့် ခုလဖာအေရာရှိဒီးန် (رضي الله عنهم) တို့ထံမှ ထိုကဲ့သို့ပြုလုပ်ခဲ့ကြောင်း မတွေ့ရှိရသောကြောင့်ဖြစ်သည်။ အမှန်တကယ်တွင် ထိုသို့ပြုလုပ်ခြင်းသည် ဗိဒ်အသ်သာလျှင် ဖြစ်သည်။

ဖသာဝါ လဂ်ျနသ္ဒသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၃၅၈)

***

မေး။ အကယ်၍ အမျိုးသမီးတစ်ဦးသည် ဟဂ်ျပြု လုပ်နေစဉ်ကာလအတွင်း ဓမ္မတာသွေးဆင်းခဲ့လျှင်၊ သူမအနေဖြင့် မိမိ၏ ဟဂ်ျကျင့်စဉ်များအားလုံးကို ဆောင်ရွက်နိုင်ပါသလား။ ထိုသို့ဆောင်ရွက်ရာတွင် သူမအတွက် ရေချိုးရန်လိုအပ်ပါသလား။ သူမ ဆောင်ရွက်ခွင့်မရှိသည့် ဟဂ်ျကျင့်စဉ်များရှိပါသလား။ ရှိသည်ဆိုပါက ၎င်းကျင့်စဉ်များကို မ

ည်သို့ပြန်လည်ဖြည့်စွက်နိုင်မည်နည်း။  အလ္လာဟ်အရှင်မြတ် အသင့်အား ကောင်းသောအစား ပေးသနားတော်မူပါစေ။

ဖြေ။ ဟဂ်ျပြုလုပ်ရန် လိုလားသော အမျိုးသမီးတစ်ဦးသည် ဓမ္မတာသွေးဆင်းခဲ့လျှင်၊ သူမသည် အိဟ်ရာမ်ဝတ်ဆင်နိုင်ပြီး ထိုအိဟ်ရာမ်၏ အခြေအနေမှာပင်နေရမည်။ ထို့နောက် အခြားဟာဂျီများပြုလုပ်သော ဟဂ်ျ၏ကျင့်စဉ်များဖြစ်သည့် အရဖာသ်တွင် ရပ်နားခြင်း၊ မွဇ်ဒလိဖာနှင့် မိနာတွင် ညအိပ်ခြင်း၊ ရှိုင်သွာန်ခဲပေါက်ခြင်းစသည်တို့ကို ပြုလုပ်ရမည်။ သို့သော် သူမသည် ကအ်ဗဟ်ကျောင်းတော်အား သွဝါဖ်မလုပ်ရပါ။ ဓမ္မတာမှသန့်ပြီးနောက် ရေချိုးသန့်စင်ပြီးမှသာ ကအ်ဗဟ်ကျောင်းတော်အား သွဝါဖ်ပြုလုပ်ရမည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၂၈)

***

မေး။ အမျိုးသမီးသည် ဟဂ်ျပြုလုပ်နေစဉ် အလှပြင်ခွင့်ရှိပါသလား။

ဖြေ။ အမျိုးသမီးတစ်ဦးသည် ဟဂ်ျပြုလုပ်နေစဉ် အလှပြင်ဆင်ရန် ခွင့်မရှိပါ။ သို့သော် သူမ၏ ခန္ဓာကိုယ်ပေ်ရှိ လက်ဝတ်ရတနာများ သို့မဟုတ် လက်နှင့်အခြားနေရာများတွင် ဆိုးထားသောဒန်းများကို ဖယ်ရှားရန်မလိုဘဲ အမျိုးသားများ မမြင်အောင်သာ ဖုံးအုပ်ထားရမည်။

ဖသာဝါ လဂ်ျနသွ်သ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၄၄)

မေး။ ကျွန်မသည် ဟဂ်ျပြုလုပ်ခဲ့ပါသည်။ မီကာသ်တွင် အိဟ်ရာမ်ပြုလုပ်သည့်အခါ ဟဂ်ျတစ်ခုတည်းသာပြုလုပ်ရန် နီယသ်ပြုခဲ့ပြီး "လဗ်ဗိုင်ကအလ္လာဟုမ္မလဗ်ဗိုင်က ဟဂ်ျဂျန်"ဟု သလ်ဗီယဟ်ရွတ်ဆိုခဲ့ပါ သည်။ ထို့နောက် ကျွန်မသည် မေ့ပြီး "လဗ်ဗိုင်က အလ္လာဟုမ္မလဗ်ဗိုင်က ဟဂ်ျဂျန် ဝအွမ်ရသန်" ဟု(ဟဂ်ျနှင့် အွမ်ရာနှစ်ခုလုံးအတွက် သလ်ဗီယဟ်ရွတ်ဆို)မိသွားပါသည်။ ဤကိစ္စနဲ့ပတ်သက်၍ ကျွန်မအပေါ်တွင် မည်သို့တာဝန်ရှိသည်ဆိုသည်ကို ရှင်းပြပေးပါ။ အလ္လာဟ်အရှင်မြတ် အသင့်အား ကောင်းသောအစားပေးသနားတော်မူပါစေ။

ဖြေ။ အကယ်၍ အသင်သည် မရည်ရွယ်ဘဲ "အွမ်ရာ" ဟူသည့် စကားလုံးကိုနှုတ်မှ မတော်တဆပြောမိပါက၊ ၎င်းနှင့်ပတ်သတ်၍ အသင့်အပေါ်၌ မည်သို့မျှ တာဝန်မရှိပါ။ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်။

{ربنا لا تؤاخذنا إن نسينا أو أخطأنا}

(အို- ကျွန်တော်မျိုးတို့အား ဖန်ဆင်းမွေးမြူတော်မူသောအရှင်၊ ကျွန်တော် မျိုးတို့ မေ့လျော့၍ဖြစ်စေ၊ မှားယွင်း ချွတ်ချော်၍ဖြစ်စေ (ပြုမိသော မ ကောင်းမှုနှင့်စပ်လျဉ်း၍) အရှင်မြတ်သည် ကျွန် တော်မျိုးတို့အား အပြစ်ဒဏ် ပေးတော် မမူပါနှင့်။) တမန်တော်မြတ် (ﷺ)မိန့်ကြားတော်မူသည်။

«إنما الأعمال بالنيات و إنما لكل امرئ ما نوى»

ကောန်အမှန်ပင် အမလ်လုပ်ဆောင်ချက်များသည် ရည်စူးချက်များအပေါ်တွင် မူတည်သည်။ လူတိုင်းသည် မိမိရည်စူးခဲ့သည့် အရာကိုသာရရှိမည်ဖြစ်သည်။

ဖသာဝါ လဂ်ျနသွ်ဒ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၃၂)

***

မေး။ အချို့ဟာဂျီများသည် သစ်ကိုင်းများကိုဖြတ်၍ မိ စ်ဝါးက် (တံပူ)အဖြစ် အသုံးပြုကြသည်ကို ကျွန် တော်မြင် တွေ့ခဲ့သည်။ သို့ဖြစ်၍ မီနာရှိ အပင်များကို ဖြတ်ခြင်းနှင့် ဟာရမ်နယ်နမိတ်အတွင်းရှိ အပင်များကိုဖြတ်၍ ပြုလုပ် ထားသော မိစ်ဝါးက်များကို လက် ဆောင်အဖြစ် လက်ခံခြ င်း၏ အမိန့်မှာ မည်သို့ရှိပါသနည်း။

ဖြေ။ အိဟ်ရာမ် ပြုထားသူဖြစ်စေ၊ မပြုထားသူဖြစ်စေ ဟာရမ်နယ်နမိတ်အတွင်းရှိ အပင်များကိုဖြတ်ခြင်း မပိုင်ပါ။ တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူသည်။

«لا يخبط شوكها ولا يعضد شجرها»

"ဟာရမ်နယ်နမိတ်အတွင်းရှိ အပင်များကို မခုတ်လှဲရ၊ ဆူး များကိုလည်း မဖြတ်ရ" (မွတ်စ်လင်မ်ကျမ်း)

ထို့ကြောင့် ထိုသို့ပြုလုပ်မိသူသည် အလ္လာဟ်အရှင်မြ တ်ထံ သောင်ဗဟ်ပြုပြီးနောင်တွင် ထိုသို့မလုပ်ရန် ဆင်ခြင် ရမည်။ ဟာရမ်နယ်နမိတ်အတွင်းရှိ အပင်များမှ ဖြတ်ယူ၍ ပြုလုပ်ထားသော မိစ်ဝါးက် (တံပူ)ကို လက်ဆောင်အဖြစ် လက်ခံခြင်း မပိုင်ပါ။ အဘယ် ကြောင့်ဆိုသော် ၎င်းသည်

ဟရာမ်တားမြစ်ထားသောကိစ္စရပ်ကို ထောက်ခံပြီး ကူညီအားပေးရာ ရောက်သောကြောင့်ဖြစ်သည်။

ဖသာဝါ လဂ်ျနသ္ဒသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၆၆)

***

မိနာ၌ ညနေထိုင်ခြင်း

မေး။ ကျွန်တော်သည် ဟဂ်ျအဖွဲ့နှင့်အတူ ဟဂ်ျပြုရန်သွားခဲ့ပြီး ဇိလ်ဟဂ်ျလ (၉) ရက်နေ့ညတွင် ကျွန်တော်တို့အဖွဲ့သည် မီနာ၌ ညအိပ်ခဲ့ပါသည်။ ထို့နောက် ကျွန် တော်တို့သည် ဖဂျရ်ဆွလာသ်မတိုင်မီ မီနာမှ အရဖဟ်သို့ထွက်ခွါခဲ့ပြီး အရဖဟ်၌ ဖဂျရ်ဆွလာသ် ဝတ်ပြုခဲ့ပါသည်။ ထိုသို့ပြုလုပ်ရခြင်းမှာ ဟဂ်ျအဖွဲ့မှ တာဝန်ရှိသူများက လူထူထပ်မှုကို စိုးရိမ်၍ ထိုသို့စီစဉ်ခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ယင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အပေါ်တွင် တစ်စုံတစ်ရာ ပေးဆောင်ရန် တာဝန်ရှိပါသလား။

ဖြေ။ အသင်တို့အပေါ်တွင် တစ်စုံတစ်ရာ တာဝန်မရှိပါ။ သို့သော် ဟဂ်ျပြုလုပ်သူများသည် ဇိလ်ဟဂ်ျလ (၉) ရက်

နေ့ နေထွက်ပြီးမှသာ မီနာမှ အရဖဟ်သို့ ထွက်ခွာခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

ဖသာဝါ လဂ်ျနသွင် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၁၀)

***

မေး။ ကျွန်တော်သည် ဆော်ဒီနိုင်ငံရှိ ကုမ္ပဏီတစ်ခုနှင့်အတူ ဟဂ်ျပြုလုပ်ခဲ့ပါသည်။ ကျွန်ုပ်တို့နေထိုင်ရသည့်နေရာမှာ မီနာ၏ အပြင်ဘက်တွင်ဖြစ်ပြီး ဇိုလ်ဟဂ်ျလ (၉) ရက်နေ့ ညကို ထိုနေရာ၌ပင် ကျွန်တော် အိပ်ခဲ့ပါသည်။ သို့သော် အိုင်ယာမေသရှ်ရီးက်၏ (ဇိုလ်ဟဂ်ျလ ၁၁၊ ၁၂၊ ၁၃) ညများတွင် မီနာအတွင်း၌ အိပ်ခဲ့ပါသည်။ ဇိုလ်ဟဂ်ျလ (၉ ) ရက်နေ့ညကို မီနာတွင် ညအိပ်ခြင်းသည် ဝါဂျိဗ်ဖြစ်ပါသလား သို့မဟုတ် စွန္နသ်ဖြစ်ပါသလား။ အကယ်၍ ဝါဂျိဗ်ဖြစ်ပါက ကျွန်တော်အနေဖြင့် မည်သို့ပြုလုပ်ရမည်နည်း။ အလ္လာဟ်အရှင်မြတ်သည် အစ္စလာမ်သာသနာတော်၊ ကျွန်တော်နှင့်တကွ မွတ်စ်လင်မ်များအားလုံးအတွက် အသင်တို့ကို ကောင်းသောအစားများ ချီးမြှင့်ပေးသနားတော်မူပါစေ။

ဖြေ။ ဇီလ်ဟဂျ်လ (၉) ရက်နေ့ည မိနာ၌ ညအိပ်ခြင်းသည် ဟဂျ်ပြုလုပ်သူအတွက် စွန္နသ်သာဖြစ်ပြီး ဝါဂျိဗ်တာဝန်မဟုတ်ပါ။ ထို့ကြောင့် ထိုညတွင် မီနာ၌ ညမအိပ်ခဲ့သည့်အတွက် အသင့်အပေါ် ၌ အပြစ်တစ်စုံတစ်ရာ မရှိပါ။ သို့သော် အသင်သည် မီနာ၌ညအိပ်ခြင်း၏ စွန္နသ်အကျိုးကုသိုလ်ကို

လက်လွတ်ဆုံးရှုံးခဲ့ပါသည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၇၇)

***

အရဖာသ်ကွင်းပြင်၌ ဆိုင်းငံခြင်း။

မေး။ အချို့လူများက အရဖဟ်နေ့သည် သောကြာနေ့နှင့် တိုက်ဆိုင်ပါက ပမအားဖြင့် ဤနှစ်တွင် တိုက်ဆိုင်သကဲ့သို့ တိုက်ဆိုင်ပါက ဟဂျ်အကြိမ် (၇) ကြိမ် ပြုလုပ်သကဲ့သို့ အကျိုးစဝါးဗ်ရရှိသည်ဟု ပြောကြပါသည်။ ဤအချက်နှင့် ပတ်သက်၍ စွန္နဟ်တော်၌ အထောက်အထား ရှိပါသလား ။

ဖြေ။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မှန်ကန်စိတ်ချရသော အထောက်အထား တစ်စုံတစ်ရာမရှိပါ။ တချို့က ဟဂ်ျအကြိမ်ပေါင်း (၇၀) သို့မဟုတ် (၇၂)ကြိမ်နှင့် ညီမျှသည်ဟု ဆိုကြသော်လည်း၊ ထိုထင်မြင်ယူဆချက်များမှာ မှန်ကန်ခြင်းမရှိပါ။

ဖသာဝါ လဂ်ျနသ္ဒသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၁၁)

***

မေး။ ဟာဂျီတစ်ဦးသည် အရဖာသ်ကွင်းပြင်၌ အီမာမ်နှင့်အတူ ဇုဟုရ်နှင့် အဆွရ် ဆွလာသ်ကို (ဇုဟုရ်အချိန် ၌ပေါင်း၍ ) ဝတ်ပြုပြီးနောက် မဂ်ရိဗ် နေဝင်ချိန်အထိ နဖိလ်ဆွလာသ်များ ဝတ်ပြုခွင့်ရှိပါသလား။

ဖြေ။ တမန်တော်မြတ်(ﷺ)သည် အရဖဟ်နေ့တွင် ဂျမ်အေသက်ဒီးမ် ဇုဟုရ်နှင့် အဆွရ်ဆွလာသ်ကို (ဇုဟုရ်အချိန်၌ပေါင်း၍) ဝတ်ပြုပြီးနောက် မည်သည့် နဖိလ်ဆွလာသ်ကိုမျှ ဝတ်ပြုခဲ့ခြင်းမရှိပါ။ အကယ်၍ ထို သို့ဝတ်ပြုခြင်းသည် တရားတော်အရ ကောင်းမြတ်သည့် ကိစ္စဖြစ်လျှင်၊ တမန်တော်မြတ် (ﷺ) သည် ကျွန်ုပ်တို့ထက်ပို၍ ထိုအရာကို

လိုက်နာကျင့်သုံးမည်သာဖြစ်သည်။ အမှန်တကယ် ကောင်းမြတ်သောအရာဟူသရွေ့သည် တမန်တော်မြတ် (ﷺ) အားနောက် လိုက်မှုပြုခြင်းနှင့် တမန်တော်မြတ်၏ စွန္နသ်ကို လိုက်နာခြင်း၌သာလျှင်ရှိသည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၁၁)

***

မေး။ ကားတွင် လိုက်ပါစီးနင်းလာသူများက နေဝင်ပြီဟု ပြောဆိုသည့်အတွက် အချိန်ဇယားတွင် သတ်မှတ်ထားသော မဂ်ရိဗ်ဆွလာသ် မတိုင်မီ တစ်မိနစ်စောပြီး အရဖာသ်မှ ထွက်ခွါသွားသူနှင့်ပတ်သက်၍ မည်သို့အမိန့်ရှိပါသနည်း။

ဖြေ။ မူလအခြေခံ စည်းမျဉ်းမှာ

ဟာဂျီတစ်ဦးသည် ဇိလ်ဟဂ်ျလ (၉)ရက်နေ့တွင် နေမဝင်မချင်း အရဖဟ်၌ ဆိုင်းငံ့နေရမည်ဖြစ်သည်။ ထို့ကြောင့် နေမဝင်မီ အရဖဟ်မှ ထွက်ခွါခွင့်မရှိပေ။ နေဝင်သွားကြောင်း သေချာမှသာ အရဖဟ်ကွင်းပြင်မှ ထွက်ခွာရမည်။ အဓိကစံနှုန်းမှာ နေဝင်ခြင်းသာဖြစ်သည်။ အကယ်၍ ထိုသူသ

ည် နေဝင်ပြီဟု သေချာစွာယုံကြည်ပြီးမှ အရဖဟ်မှ ထွက်ခွာခဲ့ပါက ၎င်းသည် မိမိအပေါ်၌ရှိသော ဝါဂျိဗ်တာဝန်ကို ပြည့်စုံစွာ ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် အပြစ်တစ်စုံ တစ်ရာ မရှိပါ။ သို့သော် နေမဝင်မီ (သို့) နေဝင်ခြင်းကို သေချာမသိဘဲ ထွက်ခွာခဲ့ပါက ၎င်းသည် အရဖဟ်သို့ပြန်လာပြီး နေဝင်ချိန်အထိနေရမည်။ ထိုသို့မပြုခဲ့လျှင် သို့မဟုတ် အရဖဟ်သို့ ညအချိန်တခဏပင်ဖြစ်စေ ပြန်မလာပါက ၎င်းအပေါ်၌ ဒမ်ပေးဆောင်ရန် တာဝန်ရှိသည်။ ဆိတ်တစ်ကောင်ကို ဇဗဟ်ပြုလုပ်၍ မက္ကာဟ်ရှိဆင်းရဲသားများကို ဝေငှရမည်။ အဘယ် ကြောင့်ဆိုသော် ၎င်းသည် ဟဂ်ျ၏ ဝါဂျိဗ်တာဝန်များအနက်မှ တစ်ခုကို ပျက်ကွက်ခဲ့သည့်အတွက်ဖြစ်သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၈၁)

***

မုဇ်ဒလိဖဟ်၌ ညနေထိုင်ခြင်း။

မေး။ ကျွန်တော်သည် ဟဂ်ျသွားရန်အတွက် ကျွန်တော့်၏ကားကို ငှားရမ်းထားသည့် မိသားစုများနှင့်အတူ ဟဂ်ျ

ပြုရန်သွားခဲ့ပါသည်။ ကျွန်တော်တို့သည် မုဇ်ဒလိဖဟ်သို့ သွားသည့်ညတွင် ည ၉ နာရီတွင် အရဖဟ်မှ ထွက်ခွာခဲ့ပြီး ည ၂ နာရီတွင် မုဇ်ဒလိဖဟ်သို့ ရောက်ရှိခဲ့ပါသည်။ ၎င်းတို့က မုဇ်ဒလိဖဟ်တွင် ညအိပ်ရန် ငြင်းဆန်ခဲ့ကြသည်။ ၎င်းတို့နှင့်အတူ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များပါရှိသည့်အတွက် ရှရီအသ်တရားတော်က ယင်းအားခွင့်ပြုထားသည်ဟု အကြောင်းပြချက်ပေးခဲ့ကြသည်။ ကျွန်တော်တို့သည် မုဇ်ဒလိဖဟ်တွင် ၁၅ မိနစ်သာ နေထိုင်ခဲ့ကြပါသည်။ သို့ဖြစ်၍ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်အနေဖြင့် တစ်စုံတစ်ရာဒမ်ပေးဆောင်ရန် တာဝန်ရှိပါသလား။

ဖြေ။ အကယ်၍ ၎င်းတို့၏အခြေအနေမှာ သင်တင်ပြထားသည့်အတိုင်း ဖြစ်ပြီး ၎င်းတို့နှင့်အတူ အမျိုး သမီးများ၊ အသက်ကြီးသူများ၊ အားနည်းသူများပါရှိပြီး မုဇ်ဒလိဖဟ်တွင် ဖဂျရ်အချိန်ထိ နေထိုင်ရန် ခက် ခဲသည့်အခြေအနေမျိုးဖြစ်ပါက မုဇ်ဒလိဖဟ်မှ ထွက်ခွာချိန်သည် ည ၂ နာရီဖြစ်လျှင် အသင်နှင့်၊ ၎င်းတို့အပေါ်တွင် မည်သည့် အပြစ်တစ်စုံတစ်ရာမျှမရှိပါ။ အဘယ်ကြောင့်ဆိုသော် ညသန်း

ခေါင်ကျော်ပြီးမှ ထွက်ခွါခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် အားအင်ချိနဲ့သူများနှင့် အမျိုးသမီးများအတွက် ထိုသို့ပြု လုပ်ရန် ခွင့်ပြုချက်လာရှိထားပြီး ဤသည် ၎င်းတို့အပေါ် အရှင်မြတ်ဘက်တော်မှ ကရုဏာပြုထားခြင်းပင်ဖြစ်သ ည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၁၂)

***

မေး။ လွန်ခဲ့သည့်နှစ်က ဟဂ်ျအချိန်တွင် လူထူထပ်မှု ကြောင့် အချို့ဟာဂျီများသည် မုဇ်ဒလိဖဟ်၌ ညအိပ်ရန် မ တတ်နိုင်ခဲ့ကြပါ။ အဘယ်ကြောင့်ဆိုသော် ထိုနေရာသို့ ရောက်ရှိရန် ခက်ခဲပြီး အချို့လူများမှာမူ လမ်းပျောက်ခဲ့ကြ သည်။ သို့ဖြစ်၍ ၎င်းတို့အနေဖြင့် မည်သို့ပြုလုပ် ဆောင်ရွ က်ရမည်နည်း။

ဖြေ။ မည်သူမဆို လူအရမ်းထူထပ်မှုကြောင့် မုဇ်ဒလိဖ ဟ်တွင် ညအိပ်ရန်မတတ်စွမ်းနိုင်ပါက ထိုသူ့အတွက် မုဇ်ဒ လိဖဟ်၌ ညအိပ်ခြင်းတာဝန်မှာ ကင်းလွတ်ခွင့်ရှိသွားပြီဖြ စ်သည်။ သို့သော် လမ်းမှားကာ အခြားနေရာတွင် ညအိပ်ခဲ့

သူမှာမူ ဒမ်ပေးရမည်ဖြစ်သည်။ (ဆိတ်တစ်ကောင်အား ဇ ဗဟ်ပြုလုပ်၍ မက္ကာဟ်မြို့တွင်းရှိ ဆင်းရဲသားများကို ဝေငှ လိုက်ရမည်။) အဘယ် ကြောင့်ဆိုသော် ထိုသူသည် လမ်း မေးမြန်းပြီး မုဇ်ဒလိဖဟ်သို့ ရောက်အောင် ကြိုးစားနိုင် သော်လည်း မေးမြန်ရန် ပေါ့လျော့ခဲ့သောကြောင့် ဖြစ်သ ည်။

ဖသာဝါ လဂ်ျနသ္ဒ်ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၈၉)

***

မေး။ မြင့်မြတ်သော အိမ်တော်အား ဟဂ်ျပြုလုပ်ခဲ့သူ တစ်ဦးက မေးမြန်းထားပါသည်။ ၎င်းသည် မုဇ်ဒလိဖဟ်မှ ည၏ ပထမသုံးပုံတစ်ပုံ (ည ၁၀ နာရီခန့်)တွင် ထွက်ခွာခဲ့ပါ သည်။ ၎င်းသည် မိမိနှင့်အတူ အမျိုး သမီးများပါသည့်အ တွက် ထိုသို့ပြုလုပ်ခဲ့ကြောင်း အကြောင်းပြချက်တင်ပြပါ သည်။ သို့ဖြစ်၍ သူနှင့် သူတို့အပေါ်တွင် မည်သည့်တာဝန် ရှိပါသနည်း။ ကျေးဇူးပြု၍ ဖြေကြားပေးပါ။

ဖြေ။ အကြင်သူသည် ဖျားနာခြင်းကဲ့သို့သော ရှရီအသ် တရားတော်ကခွင့်ပြုထားသော အကြောင်းပြချက်မရှိဘဲ

ည၌တစ်ဝက်မတိုင်မီ မုဇ်ဒလိဖဟ်မှ ထွက်ခွာသွားပါက၊ ၎င်းသည် မုဇ်ဒလိဖဟ်၌ ညနေထိုင်ရမည့် ဝါဂျိဗ်တာဝန်ကို ကျေပွန်ခဲ့ခြင်းမရှိပေ။ သို့ဖြစ်ရာ ၎င်းအပေါ်၌ ဖိဒ်ယဟ်ပေးဆောင်ရန် တာဝန်ရှိသည်။ ဖိဒ်ယဟ်ပေးရမည့် ပုံစံမှာ ကုရ်ဗာနီပြုပိုင်ခွင့်ရှိသော ဆိတ်တစ်ကောင်ကို ဇဗဟ်ပြုလုပ်၍ မက္ကဟ်မြို့ရှိ ဆင်းရဲသားများကို ဝေငှပေးရမည်။ အဘယ့်ကြောင့်ဆိုသော် မုဇ်ဒလိဖဟ်၌ အနည်းဆုံး ည၌တစ်ဝက်အထိ နေထိုင်ရန် ဝါဂျိဗ်ဖြစ်ပြီး၊ တမန်တော်မြတ်(ﷺ)သည် အားအင်ချည့်နဲ့သူများကိုပင် ည၌တစ်ဝက်ကျော်မှသာ ထွက်ခွာရန် ခွင့်ပြုခဲ့သောကြောင့်ဖြစ်သည်။

ဖသာဝါ လဂ်ျနသ္ဒ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၉၄)

***

ယောင်မွန်နဟရ် (ကုရ်ဗာနီနေ့တွင်) ပြုလုပ်ရသော အမလ်ကျင့်ဆောင်မှုများ

မေး။ သာမာန်လူများနှင့် အားအင်ချည့်နဲ့သူများသည် မုဇ်ဒလိဖဟ်မှ ဇိလ်ဟဂ်ျလ ဆယ်ရက်နေ့ ည၌တစ် ဝက်ကျော်ပြီးနောက် ဖဂျရ်မတိုင်ခင် မီနာသို့ ထွက်ခွာသွားပါက

၊ ၎င်းတို့သည် ဂျမ်ရသွလ်အကဗဟ်(ဂျမ်ရသ်အကြီးအား) ဖဂျရ်မတိုင်မီ ခဲပေါက်နိုင်ပါသ လား။ ထို့ပြင် ဖဂျရ်မတိုင်ခင် သွဝါဖုလ်အိဖာသွဟ်ပြုလုပ်ရန် အချိန်လုံလောက်ပါက ၎င်းတို့အဖို့ သွဝါဖ် ပြုလုပ်ခွင့်ရှိပါသလား။

ဖြေ။ အမျိုးသမီးများအနက် အားအင်ချည့်နဲ့သူများနှင့် သက်ကြီးရွယ်အိုများသည် မုဇ္ဒလိဖဟ်မှ ညသန်းခေါင်ကျော်ပြီးနောက် ထွက်ခွာခွင့်ရှိပါသည်။ ၎င်းတို့သည် ဖဂျရ်မတိုင်မီ ဂျမ်ရသွလ်အကဗဟ်အား (ရှိုင်သွာန်အကြီးအား) ခဲပေါက်ခြင်း၊ သွဝါဖုလ်အိဖာသွဟ် ပြုလုပ်ခြင်း၊ ခေါင်းရိတ်ခြင်းများကို ပြုလုပ်ခွင့်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့ပြုလုပ်ခြင်းသည် ၎င်းတို့အတွက် ပို၍လွယ်ကူစေသောကြောင့်ဖြစ်သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၉၀)

***

မေး။ ဟဂ်ျပြုလုပ်သူသည် အကြောင်းကိစ္စတစ်စုံ တစ်ရာမရှိဘဲ ပထမဆုံးဂျမ်ရသွလ် အက်ဗဟ်(ဂျမ်ရသ်အကြီး)ကို ခဲမပေါက်ဘဲ အိုင်ယာမိ သရ်ရှီးက်၏ ဒုတိယနေ့ သို့မ

ဟုတ် တတိယနေ့အထိ ရွှေ့ဆိုင်းခွင့်ရှိပါသလား။ ထိုသို့ပြု လုပ်သူ၏အမိန့်မှာ မည်သို့ရှိပါသနည်း။

ဖြေ။ ဟဂ်ျပြုလုပ်သည် အကြောင်းကိစ္စတစ်စုံ တစ်ရာ မရှိဘဲ ပထမဆုံးဂျမ်ရသွလ် အက်ဗဟ်(ဂျမ်ရသ်အကြီး) ကို (ဇိလ်ဟဂ်ျလ ၁၀ရက်နေ့)တွင် ခဲမပေါက်ဘဲ အိုင်ယာမိ သရ်ှရီးက်၏ ဒုတိယနေ့ (ဇိလ်ဟဂ်ျလ ၁၁ရက်) သို့မဟုတ် တတိယနေ့(ဇိလ်ဟဂ်ျလ ၁၂ရက်) အထိ ရွှေ့ဆိုင်းခွင့်မရှိပါ ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်(ﷺ)သည် ဂျမ် ရသ်အကြီးအား အီးဒ်နေ့တွင် ခဲပေါက်ခဲ့ပြီး၊ ဆွဟာဗဟ် များသည် ထိုကိစ္စတွင် တမန်တော်မြတ် (ﷺ) ၏ နောက်လို က်မှုပြုခဲ့ကြသည်။ ၎င်းဆွဟာဗဟ်များသည် အကြောင်း ကိစ္စတစ်စုံတစ်ရာမရှိဘဲ (ဂျမ်ရသ်အကြီးအား ခဲပေါက်ခြ င်းကို )သက်ရှီးက်နေ့များအထိ ရွှေ့ဆိုင်းခဲ့ခြင်းမရှိပါ။ တမ န်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်။

«خذوا عني مناسككم»

" အသင်တို့၏ ဟဂ်ျကျင့်စဉ်များကို ငါကိုယ်တော်ထံမှ သ င်ယူကြပါ။" ထို့ကြောင့်၊ အကြောင်းကိစ္စတစ်စုံတစ်ရာမရှိ ဘဲ သရ်ှရီးက်ရက်များအထိရွှေ့ဆိုင်းသူသည် စွန္နသ်တော်

ကို ဆန့်ကျင်ခဲ့ခြင်းကြောင့် ၎င်းပြုလုပ်သောဟဂ်ျ၏ အကျိုးစဝါးဗ်အချို့မှာ လျော့နည်းသွားမည်ဖြစ်သည်။ ထိုသူသည် မိမိပြုလုပ်ခဲ့မိသည့်အရာများအတွက် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ခွင့်လွှတ်ချမ်းသာခွင့် တောင်းခံရမည်ဖြစ်ပြီး၊ နောင်တွင် ရှရီအသ်နှင့်အညီ ဟဂ်ျကျင့်စဉ်များကို ဆောင်ရွက်ရန် ကြိုးစားရမည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၁၇)

***

မေး။ ဟဂ်ျအချိန်၌ အချို့လူများသည် ဟဂ်ျအတွက်ဖြစ်စေ၊ အွမ်ရာအတွက်ဖြစ်စေ ဆံပင်ညှပ်ရာတွင် ခေါင်း၏အောက်ခြေမှစ၍ ဦးခေါင်းတစ်ခုလုံးကို စက်ဝိုင်းသဏ္ဍာန်ညှပ်ပြီး ကျန်အစိတ်အပိုင်းများမှ ဆံပင်များကို မညှပ်ဘဲထားသည်ကို တွေ့မြင်ခဲ့ပါ သည်။ ကျွန်တော်တို့က ဆံပင်ညှပ်ရာတွင် ဦးခေါင်းတစ်ခုလုံးမှ ဆံပင်ကိုညှပ်ရန် လိုအပ်ကြောင်း ပြောသောအခါ ၎င်းတို့က ဤမျှအတိုင်းအတာညှပ်လျှင်ရသည်ဟု ပြန်ဖြေကြသည်။ သို့ဖြစ်၍ မည်သည့်ပုံစံညှပ်ရန် ဝါဂျိဗ်ဖြစ်ပါသနည်း။

ဖြေ။ ဟဂ်ျ သို့မဟုတ် အွမ်ရာပြုလုပ်ရာတွင် ဦး ခေါင်း တစ်ခုလုံးကို ရိတ်ခြင်း သို့မဟုတ် ဦးခေါင်းတစ်ခုလုံးမှ ဆံ ပင်များကို ညှပ်ခြင်းမှာ ဝါဂျိဗ်ဖြစ် သည်။ သို့သော် ဆံပင် တစ်ပင်စီတိုင်းကို ညှပ်ရန်မလိုအပ်ပေ။ အသင်တင်ပြခဲ့သူ များ၏ လုပ်ရပ်မှာ ပညာရှင်တို့၏ အမှန်အကန်ဆုံးအဆိုအ ရ မလုံလောက်ပေ။ ထို့ပြင် တမန်တော်မြတ် (ﷺ) ၏စွန္နသ် လမ်းစဉ်နှင့်လည်း မကိုက်ညီပါ။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၁၇)

***

မေး။ ဟာဂျီတစ်ဦးသည် အရဖဟ်၌ ဆိုင်းငံ့ခဲ့ပြီး မုဇ်ဒ လိဖဟ်တွင် ညအိပ်ကာ အီးဒ်နေ့မနက်တွင် မိနာသို့သွားခဲ့ သည်။ ထို့နောက် ၎င်းသည် ဂျမ်ရသွလ်အကဗဟ် (ဂျမ်ရ သ်အကြီး )ကို ခဲပေါက်ခဲ့ပါသည်။ထို့နောက် ကုရ်ဘာနီပြု လုပ်ကာ ခေါင်းရိတ်ခဲ့သည်။ ထို့နောက် ၎င်းသည် မိနာ၌ပင် အိဟ်ရာမ်အဝတ်များကို ချွတ်ခဲ့ပါသည်။ ထို့နောက် မက္က ဟ်သို့ သွားကာ သွဝါဖုလ်အိဖာဿွဟ် ပြုလုပ်ခဲ့သည်။ ဤ အတိုင်းပြုလုပ်ခြင်းသည် ရှရီအသ်တရားတော်အရ ပိုင်ပါ

သလား။ အဘယ့်ကြောင့်ဆိုသော် မြို့ခံတစ်ဦးက ကျွန်ုပ်အား သွဝါဖုလ်အိဖာဿွဟ် မလုပ်မီ မိနာတွင် ခေါင်းရိတ်ခြင်းနှင့် အိဟ်ရာမ်အဝတ်များကို ချွတ်ခြင်းသည် ပြုပိုင်ခွင့်မရှိပါဟု ပြောဆိုခဲ့သောကြောင့်ဖြစ်သည်။

ဖြေ။ သွဝါဖုလ်အိဖာဿွဟ် မပြုလုပ်မီဖြစ်စေ၊ ပြုပြီးနောက်မှဖြစ်စေ ခေါင်းရိတ်ခွင့်ရှိပါသည်။ အီးဒ်နေ့တွင် အသင်ပြုလုပ်ခဲ့သည့်အတိုင်း ခဲပေါက်ခြင်း၊ ထို့နောက် ကုရ်ဘာနီပြုလုပ်ခြင်း၊ ပြီးနောက် ခေါင်း ရိတ်ခြင်းနှင့် နောက်ဆုံးတွင် သွဝါဖုလ်အိဖာဿွဟ်ပြုလုပ်ခြင်းတို့သည် စွန္နသ်နည်းလမ်းအတိုင်းဖြစ်ပြီး တမန်တော်မြတ်(ﷺ)သည် ဟဂ်ျဂျသုလ်ဝိဒါအ်တွင် ဤအတိုင်းပင် ပြုလုပ်တော်မူခဲ့သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၁၈)

***

မေး။ သွဝါဖုလ်အိဖာဿွဟ်သည် မည်သည့်အချိန်တွင် ပြီးဆုံးပါသနည်း။

ဖြေ။ သွဝါဖုလ်အိဖာဿွဟ်သည် အင်အားချည့်နဲ့သူများနှင့် အလားတူပုဂ္ဂိုလ်များအတွက် ကုရ်ဗာနီညတစ်ဝ

က်ကျော်မှ စ၍ပြုလုပ်နိုင်ပြီး နောက်ဆုံးအချိန်နှင့်ပတ်သတ်၍ အချိန်ကာလ အတိအကျ သတ်မှတ်ထားခြင်း မရှိပါ။ သို့သော် ဟဂ်ျပြုလုပ်သူအနေဖြင့် တတ်နိုင်သမျှ မြန်မြန်ဆန်ဆန်ပြုလုပ်ခြင်းမှာ အကောင်းဆုံးဖြစ်သည်။ တစ်ဆက်တည်းမှာပင် မိမိကိုယ်ကို ပင်ပန်းမှုမဖြစ်စေရန် လူထူထပ်မှုနည်းသော အချိန်များကို ရွေးချယ်သင့်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အခြားသူများကိုလည်း ဒုက္ခမဖြစ်စေသလို မိမိကိုယ်တိုင်လည်း ဒုက္ခမရောက်စေရန် ဖြစ်သည်။

ဖသာဝါ လဂ်ျနသ္ဒသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၂၇)

***

မေး။ ဟာဂျီတစ်ဦးသည် သွဝါဖုလ်အိဖာဿဟ် ပြု လုပ်ခဲ့သော်လည်း သွဝါဖ်တစ်ပတ်ကို မေ့သွားခဲ့ပြီး၊ မတ်စ်ဂျိဒ်ဟာရာမ်မှ ထွက်ခွာပြီးမှ သတိရခဲ့လျှင် မည်သို့ဆောင်ရွက်ရမည်နည်း။ ထို့ပြင် ပထမအကြိမ် သဟလ်လွလ် (အိဟ်ရာမ်မှထွက်) ပြီးမှသာ သတိရခဲ့လျှင် မည်သို့ဖြစ်မည်နည်း ။ အဘယ်ကြောင့်ဆိုသော် ဤသွဝါဖ်သည် ပထမ သဟလ်

လွှလ်ရရှိရန် လုပ်ဆောင်ရမည့် အရာနှစ်ခုအနက် တစ်ခုဖြစ်သောကြောင့်ဖြစ်သည်။

ဖြေ။ ဟာဂျီတစ်ဦးသည် သွဝါဖုလ်အိဖာဿွဟ် ပြုလုပ်ခဲ့သော်လည်း သွဝါဖ်တစ်ပတ်ကိုမေ့သွားခဲ့ပြီး အချိန်ကာလကြာမြင့်ပြီးမှ ပြန်လည်သတိရပါက ယင်းသွဝါဖ်အားအစမှပြန်လည်ပြုလုပ်ရမည်။ သို့သော် ခဏတာမေ့ပြီး ပြန်လည်သတိရပါက သူမေ့သွားသည့် သွဝါဖ်တစ်ပတ်ကိုသာ ပြန်လည်ပြုလုပ်ရမည်။

ဖဿာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၅၃)

***

မေး။ လူတစ်ဦးသည် သွဝါဖုလ်အိဖာဿွဟ်ပြုလုပ်ခဲ့သော်လည်း စအီကို နေဝင်သွားသည်အထိ မပြုလုပ်ရသေးလျှင် သို့မဟုတ် အိုင်ယာမိသရှ်ရီးက် (ဇုလ်ဟဂျ်လ ၁၁၊ ၁၂၊ ၁၃)ရက်များ ပြီးဆုံးသွားသည်အထိ မပြုလုပ်ရသေးလျှင် ၎င်း၏အမိန့်မှာ မည်သို့ရှိပါသနည်း။ ထို့ပြင် စအီကို (သွဝါဖုလ်အိဖာဿွဟ်ပြု လုပ်သည့်နေ့) နေဝင်သွားပြီးမှသာပြုလုပ်လျှင် သို့ မဟုတ် အိုင်ယာမိသရှ်ရီးက်ရက်

များကုန်ဆုံးပြီးမှ ပြုလုပ်လျှင် ၎င်းစအီပြေးခြင်း၏ အမိန့်မှာ မည်သို့ရှိပါသနည်း။

ဖြေ။ အသင်သည် အိုင်ယာမိသရ်ရီးက်၏ နောက်ဆုံးရက် သို့မဟုတ် အိုင်ယာမိသရ်ရီးက်ရက်များ ပြီးဆုံးပြီးမှ စအီပြုလုပ်လျှင်လည်း အသင်၏ စအီမှာ မှန် ကန်အထမြောက်သည်။ နောက်ဆိုင်းခဲ့သည့် အတွက် အသင့်အပေါ်၌ အပြစ်တစ်စုံတစ်ရာမရှိပါ။ အဘယ် ကြောင့်ဆိုသော် စအီအထမြောက်ရန်အတွက် သတ် မှတ်ထားသည့် စည်းကမ်းချက်များအနက် သွဝါဖ်လုပ်ပြီးသည်နှင့်တပြိုင်နက် စအီပြုလုပ်ရမည်ဟူ သော အချက်မပါပေ။ သို့သော် တမန်တော်မြတ် (ﷺ)၏ နောက်လိုက်မှုပြုသည့်အနေဖြင့် သွဝါဖ်လုပ်ပြီးသည်နှင့်တပြိုင်နက် စအီပြုလုပ်ခြင်းသည် အကောင်းဆုံး အပြည့်စုံဆုံးပင်ဖြစ်သည်။

ဖသာဝါ လက်ျနသ္ဒသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၆၂)

***

မေး။ သဟာလ်လွလ် အသေး (ဂျမ်ရသ်အား ခဲပေါက်ခြင်း) ပြီးနောက် ခေါင်းရိတ်ခြင်း သို့မဟုတ် ဆံပင်ညှပ်ခြင်း

ပြုလုပ်ခဲ့ပါက၊ သဟလ်လွှလ် အကြီး (အဲဟ်ရာမ်မှ အပြည့် အ၀ထွက်) ပြီးသောအခါ ထပ်၍ ခေါင်းရိုက်ရန် သို့မဟုတ် ဆံပင်ညှပ်ရန် အရေးကြီးပါသလား။

ဖြေ။ အသေးစား သဟလ်လွှလ်အသေး (ဂျမ်ရသ်အား ခဲပေါက်ခြင်း) ပြီးနောက် ခေါင်းရိုက်ခြင်း သို့မဟုတ် ဆံပင် ညှပ်ခြင်း ပြုလုပ်ပြီးပါက၊ သဟလ်လွှလ်အကြီး (အိဟ်ရာ မ်မှ အပြည့်အ၀ထွက်)ပြီးသောအခါ ခေါင်းရိုက်ခြင်း သို့မ ဟုတ် ဆံပင်ညှပ်ခြင်းသည် ဝါဂျိဗ် မဟုတ်သလို မွတ်စ်သ ဟဗ်လည်း မဟုတ်ပါ။ ခေါင်းရိုက်ခြင်း သို့မဟုတ် ဆံပင်ညှ ပ်ခြင်းသည် ဟဂ်ျကျင့်စဉ်တစ်ရပ်ဖြစ်ပြီး အိဗာဒသ်လည်း ဖြစ်သည်။ အိဗာဒသ် ခ၀ပ်ကိုးကွယ်မှုများ သည် သောင်ဝ် ကီးဖ် (အလ္လာဟ်အရှင်မြတ်၏ သတ် မှတ်ချက်) အပေါ်တွ င်သာ အခြေခံထားသည်။ တမန်တော်မြတ်(ﷺ)သည် သ ဟလ်လွှလ်အကြီးပြီးနောက် ထပ်မံ၍ ခေါင်းရိုက်ခြင်း ဆံပ င်ညှပ်ခြင်းကို ပြုလုပ်ခဲ့သည်ဟူ၍ ဆင့်ပြန်ချက်တစ်စုံတစ် ရာ လာရှိထားခြင်းမရှိပါ။ ထို့ပြင် တမန်တော်မြတ် (ﷺ)သ ည် ခေါင်းရိုက်ခြင်း သို့မဟုတ် ဆံပင်ညှပ်ခြင်းကို သဟလ် လွှလ်အသေး (ဂျမ်ရသ်အား ခဲပေါက်) ပြီးနောက် ပြုလုပ်

တော်မူခဲ့၏။ တမန်တော်မြတ် (ﷺ)ထံမှ ဆင့်ပြန်လာရှိသည်။ တမန်တော်မြတ်က မိန့်ကြားတော်မူသည်မှာ -

«خذوا عني مناسككم» .

" အသင်တို့၏ ဟဂ်ျကျင့်စဉ်များကို ငါကိုယ်တော်ထံမှ သင်ယူကြပါ။"

ဖဿာဝါ လဂ်ျနသ္ဒ္ဒါဲမ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၆၃)

***

မေး။ ကျွန်ုပ်သည် အွမ်ရာပြုလုပ်ပြီးနောက် မိမိဇာတိမြို့သို့ ပြန်လာခဲ့ပါသည်။ ထို့အပြင် ကျွန်ုပ်သည် ဤနှစ်အတွင်း အလ္လာဟ်အရှင်မြတ် အလိုရှိပါက ဖရည်ဿ်ဟဂ်ျ (မဖြစ်မနေပြုလုပ်ရမည့်ဟဂ်ျတာဝန် )ကိုပြု လုပ်ရန် စိတ်ပိုင်းဖြတ်ထားပါသည်။ သို့ရှိရာ ကျွန်ုပ်အတွက် ကုရ်ဗာနီသားကောင်အား ဇဗဟ်ပြုလုပ်ရန် လိုအပ်ပါသလား။ အလ္လာဟ်အရှင်မြတ် အသင့်အား ကောင်းသောအစားများ ပေးသနားတော်မူပါစေ။

ဖြေ။ ဖိကဟ်ပညာရှင်အများစု၏ အမြင်အရ အသင့်အပေါ်၌ ကုရ်ဗာနီပြုလုပ်ရန် တာဝန်မရှိပါ။ အ ကြောင်းမှာ အ

သင်သည် အွမ်ရာနှင့် ဟဂ်ျကို ခရီးတစ်ခုတည်းတွင် ပြုလု ပ်ခဲ့ခြင်းမဟုတ်ပေ။ အသင်တင်ပြခဲ့သည့်အတိုင်းဆိုလျှင် အသင်သည် ဟိဂျ်ရီ ၁၃၉၅ခုနှစ်၊ ရှောင်ဝလ်လတွင် အွမ် ရာဟ်ပြုလုပ်ပြီးနောက် မိမိဇာတိမြို့သို့ ပြန်လာခဲ့ပြီး ဟဂ်ျ ပြုလုပ်သည့်အချိန်အထိ မက္ကဟ်မြို့တွင် မနေခဲ့ပါ။

သို့သော် အချို့ဖိကဟ်ပညာရှင်များက အကယ်၍ အသ င်သည် ထိုနှစ်အတွင်း ဟဂ်ျပြုလုပ်ပါက အွမ်ရာဟ်ပြုလုပ် ပြီးနောက် ဇာတိမြို့သို့ ပြန်သွားသည်ဖြစ်စေ၊ သို့မဟုတ် ပို ၍ဝေးသောနေရာသို့ သွားသည်ဖြစ်စေ ဟဒီ (ကုရ်ဗာနီ လု ပ်ရန်) လိုအပ်သည်ဟု ဆိုကြသည်။ ဤသည်အောက်ပါ အာယသ်တော်၏ မိန့်ဆိုချက်အတိုင်းဖြစ်သည်။ အလ္လာဟ် အရှင်မြတ် မိန့်တော်မူသည်မှာ-

{فمن تمتع بالعمرة إلى الحج فما استيسر من الهدي}

(အွမ်ရာနှင့် ဟဂ်ျအတူတကွ အကျိုးခံစားသောသူသ ည် လွယ်ကူစွာရသည့် သားကောင်ကို (အလ္လာ့ဟ်အတွက် သက်သက် လှီးဖြတ်ရမည်)။ သို့သော် ဖသ်ဝါ ဓမ္မသတ်ဆုံး ဖြတ်ချက်နှင့် လက်ရှိ ကျင့်သုံးမှုမှာ ဟဒီ (ကုရ်ဗာနီ ပြုလုပ်

ရန်)မလိုအပ်ဟူသော ပညာရှင်အများစု၏ အဆိုပေါ်တွင် ရပ် တည်နေပါသည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၃၆၆)

***

မေး။ ဟဂ်ျ၏ကျင့်စဉ်များ ပြီးဆုံးသွားပြီးနောက် ဆံပင် ညှပ်ရန် မေ့သွားသူသည် အချိန်အတန်ကြာပြီးမှသတိရလျှ င် မည်သို့ဆောင်ရွက်ရမည်နည်း။

ဖြေ။ ဟဂ်ျနှင့် အွမ်ရာတွင် ဦးခေါင်းရှိ ဆံပင်ကို ရိတ်ခြ င်း သို့မဟုတ် ညှပ်ခြင်းသည် ဝါဂျိဗ်တာဝန်တစ်ရပ်ဖြစ်သ ည်။ အကယ်၍ မေ့လျော့၍ ပျက်ကွက်ခဲ့လျှင် သတိရသည့် အချိန်တွင် ချက်ချင်းရိတ်ရမည် သို့မဟုတ် ညှပ်ရမည်။ သို့ ရာတွင် ခေါင်းမရိတ်မီ သို့မဟုတ် ဆံပင်မညှပ်မီ ဇနီးသည် နှင့် ပေါင်းသင်းဆက်ဆံမိပါက ယင်းသို့ ပြုလုပ်ခဲ့သည့်အ တွက် ၎င်းအပေါ်၌ ဖိဒ်ယဟ် ပေးဆောင်ရန်တာဝန်ရှိသည်။ ဖိဒ်ယဟ်မှာ ကုရ်ဗာနီပြုပိုင်ခွင့်ရှိသော ဆိတ်တစ်ကောင် ကို မက္ကဟ်မြို့တွင် ဇဗဟ်လုပ်၍ ဟရမ်နယ်နိမိတ်အတွင်း ရှိ ဆင်းရဲသားများအား ဝေငှပေးခြင်းဖြစ် သည်။ အဘယ်

ကြောင့်ဆိုသော် ၎င်းသည် ဟဂ်ျတွင် ဒုတိယသဟလ်လွလ် (အိဟ်ရာမ်မှ အပြည့်အဝထွက်ခြင်း)ကို ပြီးဆုံးအောင် ဆောင်ရွက်ခြင်းမရှိဘဲ ဇနီးသည်နှင့် ပေါင်းသင်းဆက်ဆံလိုက်သည့်အတွက် ဤကဲ့သို့ ဖိဒ်ယဟ်ထိုက်ခြင်းဖြစ်သည်။ အွမ်ရဟ်တွင်လည်း ဆံပင်ရိတ်ခြင်း သို့မဟုတ် ညှပ်ခြင်းမပြုမခြင်း အိဟ်ရာမ်မှ လွတ်မြောက်ခြင်း မရှိပေ။

ဖသာဝါ လဂ်ျနသွ်သ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၀၄)

***

မေး။ ဟဂ်ျကိရာန် ပြုလုပ်သူသည် အကယ်၍ သွဝါဖုလ်ကူဒူးမ်ပြုလုပ်ခဲ့ပါက သွဝါဖုလ်အိဖာဿွဟ်ကို ထပ်မံပြုလုပ်ရန် လိုအပ်ပါသလား။

ဖြေ။ ဟဂ်ျကိရာန် သို့မဟုတ် ဟဂ်ျအိဖ်ရာဒ် ပြုလုပ်သူသည် သွဝါဖုလ်ကူဒူးမ်ပြုလုပ်ရုံဖြင့် သွဝါဖုလ်အိဖာဿွဟ် အတွက် တာဝန်မကျေပါ။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်သည် သွဝါဖုလ်အိဖာဿွဟ်၏ အချိန်မဟုတ်ပေ။ သွဝါဖုလ်အိဖာဿွဟ်သည် ဟဂ်ျတွင် ဖရ်ဍ်ဖြစ်ပြီး ထိုသွဝါဖ်ကို မပြုလုပ်ပါက ဟဂ်ျအထမြောက်မည် မဟုတ်ပါ။ ၎င်း

အားပြုလုပ်ရမည့်အချိန်မှာ အရဖဟ်၌ ဝူကူးဖ် ဆိုင်းငံ့ခြင်းနှင့် မုဇ်ဒလိဖဟ်မှ ပြန်လာပြီး နောက်တွင်သာဖြစ်သည်။ သွဝါဖုလ်ကူဒူးမ်သည် စွန္နသ်ဖြစ်ပြီး ပြုလုပ်လိုက ပြုလုပ်နိုင်သလို မပြုလုပ်ဘဲ နေခွင့်လည်းရှိသည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၁၇)

***

မေး။ ကျွန်တော်သည် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးချို့တဲ့သောကြောင့် မက္ကဟ်မြို့သို့ပြန် သွားရန် အခက်အခဲရှိပါက သွဝါဖုလ်အိဖာဿွဟ်နှင့် သွဝါဖုလ်ဝိဒါအ်ကို ကျွန်တော့်ကိုယ်စား တစ်ဦးတစ်ယောက်အား လုပ်ခိုင်းခွင့်ရှိပါသလား။

ဖြေ။ သွဝါဖုလ်အိဖာဿွဟ်နှင့် သွဝါဖုလ်ဝိဒါအ်ကို ကိုယ်စားလုပ်ပေးခွင့်မရှိပါ။ ကိုယ်တိုင်လုပ်ရန် မတတ်စွမ်းနိုင်သူများအား တစ်ဦးတစ်ယောက်က သယ်ဆောင်ပြီး သွဝါဖ်လုပ်ပေးရမည်။ ထို့ကြောင့် ဖသ်ဝါမွသတ်ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည့်အတိုင်း သင့်အနေဖြင့် မက္ကဟ်မြို့သို့ ပြန်လာရန် လိုအပ်ပါသည်။

وبالله التوفيق، وصلى الله على نبينا محمد وآله وصحبه وسلم.

ဖသာဝါ လင်္ကာပွန်ဆွသည် ဒါအီမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၇၁)

***

အိုင်ယာမေသရှ်ရီးက် (ဇီလ်ဟဂ်ျလ ၁၁၊ ၁၂၊ ၁၃) ရက်များနှင့် ဂျမရာသ်များအား ခဲပေါက်ခြင်းအကြောင်း။

မေး။ အီးဒွလ်အသွ်ဟာ၏ ဒုတိယမြောက်နေ့ မနက်ပိုင်းတွင် ဂျမ်ရာသ်များအား ခဲပေါက်ခဲ့ပြီးမှ ခဲပေါက်ရမည့်အချိန်သည် မွန်းလွဲချိန်ဖြစ်ကြောင်း သိရှိခဲ့သူသည် မည်သို့ပြုလုပ်ရန် တာဝန်ရှိပါသနည်း။

ဖြေ။ အီးဒွလ်အသွ်ဟာ၏ ဒုတိယမြောက်နေ့တွင် မွန်းလွဲချိန်မတိုင်မီ ခဲပေါက်ခဲ့သူသည် ထိုနေ့မွန်းလွဲပြီးနောက် ခဲပြန်ပေါက်ရမည်။ အကယ်၍ တတိယနေ့ သို့မဟုတ် စတုတ္ထနေ့၌ မိမိအမှားကိုသိရှိခဲ့လျှင်၊ ယင်းနေ့၏ မွန်းလွဲကျော်အချိန်တွင် တတိယနေ့ သို့မဟုတ် စတုတ္ထနေ့အတွက် ခဲပေါက်ခြင်းမပြုမီအလျင် ဒုတိယမြောက်နေ့အတွက် ခဲပြန်ပေါက်ရမည်။ အကယ်၍ စတုတ္ထနေ့ နေဝင်သွားပြီးချိန်မှ မိမိအမှားကိုသိရှိခဲ့လျှင်၊ ခဲပေါက်ခွင့်မရှိတော့ပါ။ ထို့ပြင် ၎င်းအပေါ်၌ ဒမ်ပေးဆောင်ရန်တာဝန်ရှိပြီး၊ ၎င်းမှာ ဆိတ်တ

စ်ကောင်အား ဇဗဟ်ပြုလုပ်၍ ဟရမ်နယ်နမိတ်အတွင်းရှိ ဆင်းရဲသားများကို ကျွေးလိုက်ရမည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၇၃)

***

မေး။ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြစ်သည့် ( သို့ရာတွင် အကြင်သူသည် နှစ်ရက်အတွင်း၌ပင် အဆောတလျင်ပြန်ခဲ့သော် ထိုသူ့အပေါ်တွင်အပြစ်တစ်စုံတစ်ရာ မရှိပေ။) ဟူသော အာယသ်၏ အလိုသဘောနှင့် ဤအာယသ်သည် မည်သည့်အကြောင်း အရာကို ရည်ညွှန်းသည်ကို ရှင်းလင်းစွာ ဖော်ပြပေးပါ။

ဖြေ။ အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်။

{واذكروا الله في أيام معدودات فمن تعجل في يومين فلا إثم عليه ومن تأخر فلا إثم عليه لمن اتقى}

(ထို့ပြင် အသင်တို့သည် သတ်မှတ်ထားသောရက်များ တွင် အလ္လာဟ်အရှင်မြတ်အား သတိရကြကုန်။ သို့ရာတွင် အကြင်သူသည် နှစ်ရက်အတွင်း၌ပင် အဆောတလျင်ပြန် ခဲ့သော် ထိုသူ့အပေါ်တွင်အပြစ်တစ်စုံတစ်ရာ မရှိပေ။ ထို့ အတူ အကြင်သူသည် နောက်ကျခဲ့လျှင်လည်း ထိုသူ့အ

ပေါ်၌ အပြစ်တစ် စုံတစ်ရာ မရှိပေ။ (ဤသည်) အပြစ်ရှော င်ကြဉ်သော သူများအတွက်ဖြစ်သည်။) အာယသ်တော်။ ဖြေ။ ဤနေရာတွင် "သတ်မှတ်ထားသော ရက်များ"၏ အ လိုသဘောမှာ - အိုင်ယာမိသရှ်ရီးက် သုံးရက်ဖြစ်သည့် ဇိ လ်ဟဂ်ျလ ၁၁၊ ၁၂၊ ၁၃ ရက်နေ့များကို ဆိုလိုသည်။ ဟဂ်ျ ပြုလုပ်သူများအနက် ၁၂ ရက်နေ့တွင် မွန်းလွဲပြီးနောက် ဂျ မ်ရာသ်များကို ခဲပေါက်ပြီးသူများသည် နေဝင်ချိန်မတိုင်မီ (မီနာမှ )ထွက်ခွါပါက ၎င်းသည် အဆောတလျင် ထွက်ခွာ ခဲ့ခြင်းပင်ဖြစ်သည်။ အကြင်သူသည် မီနာ၌ ၁၃ ရက်နေ့တွ င် ဂျမ်ရာသ် ခဲပေါက်သည့်အချိန်အထိ ဆက် လက်နေထိုင် ပါက ၎င်းသည် နောက်ကျစွာ ထွက်ခွာ ခြင်းဖြစ်သည်။ယ င်းသည် အမွန်မြတ်ဆုံးဖြစ် သည်။ အဘယ်ကြောင့်ဆို သော် ၎င်း၏ လုပ်ဆောင်မှုသည် တမန်တော်မြတ် (ﷺ)လု ပ်ရပ်နှင့် ကိုက်ညီသောကြောင့်ဖြစ်သည်။

ဖသာဝိ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၂၉၇)

***

မေး။ သရှ်ရီးက်ရက်များ၏ ဒုတိယမြောက်နေ့ မွန်းလွဲချိန်မတိုင်မီ မနက်ခင်းအချိန်တွင် (ပထမရက်အ တွက်) ကဇ္ဇာခဲပေါက်နိုင်ပါသလား သို့မဟုတ် မွန်းလွဲပြီးနောက် ထိုနေ့၏ ဂျမ်ရာသ် ခဲပေါက်ခြင်းနှင့်တွဲ၍ ကဇ္ဇာခဲပေါက်ခြင်းကို ပြုလုပ်ရမည်လား။

ဖြေ။ သရှ်ရီးက်ရက်များ (ဇွလ်ဟဂျ်လ ၁၁၊ ၁၂၊ ၁၃ ရက်များ)တွင် မွန်းလွဲပြီးမှသာ ဂျမ်ရာသ်ကို ခဲပေါက်ခွင့်ရှိသည် ။ မနက်ခင်းအချိန်တွင် ဂျမ်ရာသ်အား ခဲပေါက်ခွင့်မရှိသလို ခဲပေါက်ခဲ့လျှင်လည်း အထမမြောက်ပါ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ်(ﷺ) သည် မွန်းလွဲပြီးမှသာ ဂျမ်ရာသ်အား ခဲပေါက်ခဲ့သည်။ တမန်တော်မြတ်(ﷺ)က မိန့်ကြားတော်မူသည်မှာ -

«خذوا عني مناسككم » .

" အသင်တို့၏ ဟဂ်ျကျင့်စဉ်များကို ငါကိုယ်တော်ထံမှ သင်ယူကြပါ။" ထို့ကြောင့် မည်သူမဆို ဂျမ်ရာသ် ခဲပေါက်ရမည့် ရက်တစ်ရက် လွတ်သွားပါက နောက်နေ့ မွန်းလွဲပြီးနောက် ထိုလွတ်သွားသည့် ခဲပေါက်ခြင်းကို ဆောင်ရွက်ရမည်။ ထိုနေ့အတွက် ခဲပေါက်ခြင်းမပြုမီ ပထမနေ့၏ ခဲပေါက်ခြ

င်းကို ပြီးဆုံးအောင်ဆောင်ရွက်ရမည်။ ၎င်းသည် ပထမနေ့အတွက် နောက်ဆုံး ဂျမာရာသ်ကို ခဲပေါက်ပြီးနောက် ပြန်လာ၍ ထိုဒုတိယနေ့အတွက် ဂျမာရာသ် သုံးခုလုံးကို ခဲပေါက်ရမည်။

ဖသာဝါ လဂ်ျနသွ်သ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၈၉)

***

မေး။ ကျွန်တော်သည် တစ်နှစ်တွင် ဟဂ်ျပြုလုပ်ခဲ့ပါသည်။ ကျွန်တော်သည် အိုင်ယာမေသရှ်ရီးက်၏ ဒုတိယမြောက်နေ့တွင် မွန်းမတည့်မီ ဂျမ်ရာသ်ကို ခဲပေါက်ခဲ့ပါသည်။ မသိနားမလည်သည့်အတွက် ထိုသို့ပြုလုပ်မိခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်တော့်အပေါ်တွင် မည်သည့် တာဝန်ရှိပါသလား။

သရှ်ရီးက်ရက်များတွင် မွန်းတည့်ချိန် မတိုင်မီ ဂျမ်ရာသ်အား ခဲပေါက်ခွင့်မရှိပါ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် (ﷺ)သည် မွန်းလွဲပြီးမှသာ ဂျမ်ရာသ်အား ခဲပေါက်ခဲ့ပါသည်။ တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်။

«خذوا عني مناسككم»،

" အသင်တို့၏ ဟင်္ဂျကျင့်စဉ်များကို ငါကိုယ်တော်ထံမှ သင်ယူကြပါ။" ထို့ကြောင့် မွန်းလွဲချိန်မတိုင်မီ ဂျမ်ရာသ်အားခဲပေါက်ခဲ့သောကြောင့် သင့်အပေါ်တွင် ဖိဒ်ယဟ်ပေးရန် တာဝန်ရှိသည်။ ၎င်းမှာ ကုရ်ဗာနီပြုပိုင်ခွင့်ရှိသောဆိတ်တစ်ကောင်ကို မက္ကာဟ်၌ ဇဗဟ်ပြုလုပ်၍ ဟရမ်နယ်နမိတ်အတွင်းရှိ ဆင်းရဲသားများကို ဝေငှလိုက်ရမည်။ ထိုအသားကို သင်စားသုံးခွင့်မရှိပါ။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၉၃)

***

မေး။ လူတစ်ဦးထံတွင် မီနာမှ ကျောက်စရစ်ခဲအချို့မေ့ပြီးပါလာခဲ့သည်။ အချို့က ၎င်းအား မီနာမှ ကျောက်စရစ်ခဲများ ယူဆောင်လာသူသည် ထိုကျောက်စရစ်ခဲများကို မက္ကာဟ်သို့ ပြန်ပို့ရန် အ ရေးကြီးသည်ဟု ပြောဆိုကြသည်။ ကျေးဇူးပြုပြီး ဤကိစ္စနှင့်ပတ်သတ်၍ လမ်းညွှန်ပေးရန် မျှော်လင့်ပါသည်။

ဖြေ။ တစ်ဦးတစ်ယောက်ထံတွင် ဂျမ်ရာသ်ခဲပေါက်ရန် မီနာမှ ကောက်ထားသော ကျောက်စရစ်ခဲများ ကျန်ရစ်ခဲ့

ပါက၊ ထိုသူသည် ယင်းကျောက်ခဲများကို မီနာသို့ ပြန်ပို့ရန် မလိုအပ်ပါ။ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းနှင့်ပတ်သက်၍ ရှရီအသ်တရားတော်တွင် မည်သည့်အထောက်အထားမျှ မရှိပေ။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၂၉၄)

***

မေး။ ဟဂ်ျတွင် လူတစ်ဦးသည် ဂျမ်ရသွလ်အက်ဗဟ်အား ကျောက်စရစ်ခဲ ၇ လုံးတစ်ပြိုင်နက်တည်း ပစ်ပေါက်ခဲ့ပါသည်။ ဤအပြုအမူနှင့်ပတ်သက်၍ ရှရီအသ်၏အမိန့်ကို ရှင်းပြပေးပါ။

ဖြေ။ ဂျမ်ရသွလ်အက်ဗဟ်အား ကျောက်စရစ်ခဲများအားလုံးကို တစ်ပြိုင်နက်တည်း ပစ်ခဲ့သူသည် သရှ်ရီးက်ရက်များအတွင်း ခဲပြန်ပေါက်ရမည်။ အဘယ် ကြောင့်ဆိုသော် ကျောက်စရစ်ခဲများကို တစ်လုံးချင်းပစ်ရန် ဝါဂျိဗ်ဖြစ်သည်။ အားလုံးကို တစ်ပြိုင်တည်းပေါက်ခြင်းသည် တစ်လုံးတည်းပေါက်သည်ဟုသာ မှတ်ယူပါသည်။ အကယ်၍ ခဲပြန်မပေါက်ခဲ့ပါက ဟဂ်ျ၏ ဝါဂျိဗ်တာဝန်တစ်ခုကို လစ်

ဟင်းခဲ့သည့် အတွက် ၎င်းအပေါ်၌ ဒမ်ပေးဆောင်ရန်တာဝန် ရှိသည်။ ၎င်းမှာ ကုရ်ဗာနီပြုပိုင်ခွင့်ရှိသော ဆိတ်တစ်ကောင်ကို မက္ကာပ်မြို့တွင် ဇဗဟ်ပြုလုပ်၍ ဟရမ်နယ်နမိတ်အတွင်းရှိ ဆင်းရဲသားများအား ဝေငှခြင်းဖြစ်သည်။ အကယ်၍ ဒမ်ပေးရန်မဖြစ်နိုင်ပါက ၎င်းသည် ဆယ်ရက် ဆွိယာမ်ဥပုသ် စောင့်ထိန်းရမည်။ ဆွိယာမ်ကို တစ်ဆက်တည်းဖြစ်စေ၊ ရက်ခြား၍ဖြစ်စေ စောင့်ထိန်းနိုင်သည်။

ဖသာဝါ လက်ဂျ်နသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၁၀)

***

မေး။ ကျွန်တော်၏အဒေါ်သည် လွန်ခဲ့သည့်နှစ်က ဟဂ်ျလုပ်ခဲ့ပါသည်။ သို့သော် သူမက ဂျမ်ရာသ်များကို ခဲပေါက်သည့်အခါ လူအရမ်းများသောကြောင့် သူမပစ်လိုက်သည့်ခဲတိုင်းသည် ကန်အတွင်းသို့ ဝင်သလား၊ မဝင်သလား မည်သည့်နေရာသို့ ရောက်ရှိသည်ကို မမြင်တွေ့ရပါ။ သူမပစ်နေစဉ် ဂျမ်ရသ်ကိုမြင်ရသည်ဟုလည်း ဆိုပါသည်။ သို့ဖြစ်ရာ သူမအပေါ်မှာ မည်သို့ဆောင်ရွက်ရန်တာဝန်ရှိပါသနည်း။ ကျေးဇူးပြု၍ ဓမ္မသတ်ဖြေကြားပေးပါ။

ဖြေ။ ခဲပေါက်ခြင်း မှန်ကန်အထမြောက်စေရန် အရေးကြီးသောအချက်များအနက်မှတစ်ချက်မှာ ခဲများသည် ဂျမ်ရာသ်တိုင်ဝန်းအတွင်းသို့ ကျရောက်ကြောင်းသေချာရမည်။ အကယ်၍ ခဲပေါက်နေစဉ် ဂျမ်ရာသ်တိုင်ဝန်းထဲသို့ ခဲများကျရောက်ကြောင်း သေချာသိပြီးနောက်မှ သံသယဝင်ခဲ့လျှင် ထိုသံသယကြောင့် မည်သို့မျှထိခိုက်မှုမရှိဘဲ သူမ၏ ခဲပေါက်ခြင်းသည် မှန်ကန်အထမြောက်ပါသည်။ အကယ်၍ ခဲပေါက်နေစဉ် သံသယဖြစ်နေပြီး ဂျမ်ရာသ်တိုင်ဝန်းထဲသို့ ခဲများကျ၊ မကျကို သေချာစွာမသိခဲ့လျှင် သူမအပေါ်တွင် ဖိဒ်ယဟ်ပေးရန် တာဝန်ရှိသည်။ ၎င်းမှာ ဆိတ်တစ်ကောင်ကို ဇဗဟ်ပြုလုပ်ပြီး မက္ကဟ်ရှိ ဆင်းရဲသားများအား ဝေငှရမည်။ အကယ်၍ ထိုသို့ပြုလုပ်ရန် မတတ်စွမ်းနိုင်ပါက ဆယ်ရက် ဆွိယာမ်ဥပုသ် စောင့်ထိန်းရမည်။

ဖသာဝါ လဂ်ျနသ်ဒ ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၁၁)

***

မေး။ အချို့ဟာဂျီများသည် (အလ္လာဟ်အရှင်မြတ် ၎င်းတို့အား လမ်းမှန်ပြသပေးတော်မူပါစေ) ဂျမ်ရာသ်အားခဲ

ပေါက်ရာတွင် ဖိနပ်၊ ရေဘူးအလွတ်စသည်ဖြင့် ရှိသမျှအရာအားလုံးဖြင့် ပစ်ကြသည်။ ဤကဲ့သို့ပြုလုပ်ခြင်းကြောင့် ၎င်းတို့၏ ခဲပေါက်ခြင်းသည် ပျက်သွားပါသလား သို့မဟုတ် မသိနားမလည်၍ လုပ်ခဲ့သည့်အတွက် ၎င်းတို့သည် အရေးယူခံရခြင်းမှ လွတ်ကင်းပါသလား။

ဖြေ။ ဂျမ်ရာသ်ကို ဖိနပ်များ၊ ရေဘူးများ စသည်တို့ဖြင့် ပစ်ပေါက်ခြင်း မပိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ရပ်သည် ရှရီအသ်တရားတော်နှင့်မကိုက်ညီသလို နဗီတမန်တော်မြတ်(ﷺ) ၏ စွန္နသ်တော်နှင့်လည်း ဆန့်ကျင်နေသည်။ တမန်တော်မြတ် (ﷺ)သည် ဂျမ်ရာသ်ကို ပဲစေ့ထက်အနည်းငယ်ကြီးသော ကျောက်စရစ်ခဲငယ်များဖြင့်သာ ပေါက်ခဲ့ခြင်းဖြစ်သည်။ တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်။

«خذوا عني مناسككم » ،

" အသင်တို့၏ ဟဂ်ျကျင့်စဉ်များကို ငါကိုယ်တော်ထံမှ သင်ယူကြပါ။" ထိုသို့ပစ်ခဲ့သူများသည် မိမိတို့၏လုပ်ရပ်ကြောင့် အပြစ်ရှိသူများဖြစ်ပြီး ဤလုပ်ရပ်များကို မြင်တွေ့သူများသည် ၎င်းတို့အားတားမြစ်ခြင်း၊ ဆုံးမခြင်းများ ပြု

လုပ်သင့်သည်။ သို့ရာတွင် ၎င်းတို့သည် တရားတော်က ပြဋ္ဌာန်းထားသည့်အတိုင်း ကျောက် စရစ်ခဲများဖြင့် ပေါက်ခဲ့ပြီးဖြစ်လျှင် ထိုသို့ ဖိနပ်၊ ရေသန့်ဗူးများဖြင့် ပစ်ခြင်းကြောင့် ၎င်းတို့၏ ခဲပေါက်ခြင်းမှာ ပျက်ပြယ်သွားမည် မဟုတ်ပေ။

ဖဿာဝါ လဂ်ျနသ္ဒသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၂၄)

***

မေး။ လူအချို့မှာ ဟဂ်ျပြုလုပ်ခဲ့ကြပြီး သရှ်ရီးက်ရက်များ ရောက်လာသောအခါ ၎င်းတို့သည် အဆောတလျင် ပြန်လိုသောကြောင့် ပထမနေ့နှင့် ဒုတိယနေ့တွင် ဂျမာရာသ်သုံးခုကို ခဲပေါက်ခဲ့ကြသည်။ထို့နောက် ဒုတိယနေ့ နေမဝင်မီ မက္ကာဟ်သို့ ချက်ချင်းပြန်သွားခဲ့ကြပြီး မက္ကာဟ်၌ပင် ညအိပ်ကာ တတိယနေ့တွင် ဂျမ်ရာသ်အား ခဲမပေါက်ကြတော့ပါ။ သို့ဖြစ်၍ ၎င်းတို့အပေါ်၌ ဒမ်ပေးဆောင်ရန် တာဝန်ရှိပါသလား။

ဖြေ။ အကြင်သူသည် ဇိလ်ဟဂ်ျလ ၁၂ ရက်နေ့တွင် ဂျမ်ရာသ်သုံးခုကို ခဲပေါက်ပြီးနောက် အဆောတလျင် ပြန်လို

ပါက၊ ၎င်းသည် နေမဝင်မီ မီနာမှ ထွက်ခွာရမည်။ ၎င်းအ ပေါ်၌ ဇီလ်ဟဂ်ျလ ၁၃ ရက်နေ့တွင် ဂျမ်ရာသ်အား ခဲပေါက် ရန် တာဝန်မရှိတော့ပါ။ ၎င်းသည် မက္ကဟ်တွင် နေထိုင်သ ည်ဖြစ်စေ၊ အခြားနေရာတွင် နေထိုင်သည်ဖြစ်စေ ဤအမိ န့်တွင် အတူတူပင်ဖြစ်သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၃၅)

***

သွဝါဖွလ် ဝိဒါအ်

မေး။ ကျွန်တော်သည် ဂျိဒ်ဒါမြို့တွင် တရားဝင်နေ ထိုင် ခွင့်ဖြင့် နေပြီး မက္ကဟ်မြို့သို့ အမြဲသွားလေ့ရှိပါသည်။ ကျွန် တော့်အနေဖြင့် ဟဂ်ျပြုပြီးနောက် မြင့်မြတ်သည့်အိမ် တော်ကို သွဝါဖုလ်ဝိဒါအ်ပြုလုပ်မည်လား သို့မဟုတ် ကျွန် တော်၏ မိခင်နိုင်ငံသို့ ပြန်သည့်အချိန်ထိ သွဝါဖုလ်ဝိဒါအ် ကို နောက်ဆိုင်းခွင့်ရှိပါသလား။ ထို့ပြင် သွဝါဖုလ်ဝိဒါအ်ကို နောက်ဆိုင်းခြင်းကြောင့် ဒမ်ထိုက်ပါသလား။

ဖြေ။ အသင်သည် ဟဂ်ျပြုလုပ်ပြီးနောက် ဂျိဒ်ဒါသို့ မပြ န်မီအလျင် သွဝါဖုလ်ဝိဒါအ် ပြုလုပ်ရမည်။ အကယ်၍ သွ

ဝါဖုလ်ဝိဒါအ် မပြုလုပ်ဘဲ ဂျိဒ်ဒါသို့ ပြန်သွားပါက သင့်အပေါ်၌ ဟဒီ (ဆိတ်တစ်ကောင် ဒမ်) ပေးဆောင်ရန်တာဝန်ရှိပြီး ၎င်းကို မက္ကာဟ်တွင် ဇဗဟ်ပြုလုပ်၍ (ဟာရမ်နယ်နမိတ်အတွင်း နေထိုင်သည့်) ဆင်းရဲသားများအား ကျွေးလိုက်ရမည်။ အသင်ကိုယ်တိုင် ထိုအသားမှ စားသုံးခြင်းမပြုရပါ။ အဘာယ့်ကြောင့်ဆိုသော် သွဝါဖုလ်ဝိဒါအ်သည် ဟဂ်ျပြီးနောက် ပြုလုပ်ရသည့် ဝါဂျိဗ်တာဝန်တစ်ရပ်ဖြစ်သည်။ အိဗ်နုအဗ္ဗာ‌းစ်(رضي الله عنهما) ဆင့်ပြန်သည့် ဟဒီးဆ်တော်တွင်လာရှိသည်။ ၎င်းက ပြောကြားခဲ့သည်မှာ - "လူများသည် မိမိတို့၏နောက်ဆုံးအမလ်ကို အိမ်တော်အား သွဝါဖုလ် ဝိဒါအ်ပြုလုပ်ကြရန်အမိန့် ပေးခြင်းခံရသည်။ သို့သော် ဓမ္မတာသွေးဆင်းနေသည့် အမျိုးသမီးအား သွဝါဖုလ် ဝိဒါအ် ပြုလုပ်ခြင်းတာဝန်ကို လျှော့ပေါ့ပေးထားသည်။" ဤဟဒီးဆ်အား အိမာမ်ဗုခါရီနှင့် အိမာမ်မွတ်စ်လင်မ် တို့က မိမိတို့၏ ဆွဟီးဟ်ကျမ်း၌ ဆင့်ပြန်ထား သည်။ ထို့ကြောင့် အသင်သည် သွဝါဖုလ်ဝိဒါအ် မပြုလုပ်မီ ဂျိဒ်ဒါသို့ ထွက်ခွါခဲ့သောကြောင့် အလ္လာဟ်အရှင်မြတ်ထံ သောင်ဗဟ်ပြုလုပ်ရန် အရေးကြီးသည်။

ဖသာ၀ါ လဂ်နဒသွဒ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၃၀၃)

***

မေး။ ဟာဂျီသည် မီနာနေ့ရက်များအတွင်း သွာအိဖ်မြို့သို့ သွားပြီး ရက်ပေါင်း (၂၀) နေပြီးမှ ပြန်လာ၍ သွ၀ါဖုလ်၀ိဒါအ်ပြုလုပ်ခွင့်ရှိပါသလား။

ဖြေ။ မြင့်မြတ်သည့်အိမ်တော်အား ဟဂ်ျပြုလုပ်သူအတွက် ဟဂ်ျ၏ ကျင့်စဉ်များ မပြီးဆုံးမချင်း ခရီးထွက်ခွင့်မရှိပါ။ ဟဂ်ျ၏ကျင့်စဉ်များတွင် သွ၀ါဖုလ်၀ိဒါအ်လည်း တစ်ခုအပါအ၀င်ဖြစ်သည်။

ဖသာ၀ါ လဂ်နဒသွဒ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၃၀၇)

***

မေး။ ဓမ္မတာသွေးနှင့် မီးဖွားပြီးနောက် သွေးဆင်းနေသော အမျိုးသမီးများ၊ ထိုအတူ မတတ်စွမ်းနိုင်သူနှင့် မကျန်းမာသူများသည် သွ၀ါဖုလ်၀ိဒါအ်ပြုလုပ်ရန် အရေးကြီးပါသလား။

ဖြေ။ ဓမ္မတာသွေးနှင့် မီးဖွားပြီးနောက် သွေးဆင်းနေသော အမျိုးသမီးများအတွက် သွ၀ါဖုလ်၀ိဒါအ်ပြုလုပ်ရန်

မလိုအပ်ပါ။ သို့သော် မတတ်စွမ်းနိုင်သူ၊ မကျန်းမာသူ စသည်တို့အား (တစ်ဦးတစ်ယောက် ၏ အကူအညီ (သို့) ဝှီးချဲဖြင့်)သယ်၍ လှည့်ပတ်စေရမည်။ တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်။

«لا ينفرن أحد منكم حتى يكون آخر عهده بالبيت» ،

" အသင်တို့အနက် မည်သူတစ်ဦးတစ်ယောက်မျှ မိမိတို့၏နောက်ဆုံးအမလ်ကျင့်ဆောင်မှုသည် အိမ်တော်အား သွဝါဖ်မပြုသ၍ (မက္ကာမြို့) မှမထွက်ခွါကြနှင့်။" ဗုခါရီနှင့် မွတ်စ်လင်မ်ကျမ်းတွင် အိဗ်နုအဗ္ဗားစ်ထံမှ ဆင့်ပြန်ချက်လာရှိသည်။ ၎င်းက ပြောကြားခဲ့သည်မှာ - "လူများသည် မိမိတို့၏နောက်ဆုံးအမလ်ကိုအိမ်တော်အား သွဝါဖုလ် ဝိဒါအ်ပြုလုပ်ကြရန်အမိန့် ပေးခြင်းခံရသည်။ သို့သော် ဓမ္မတာသွေးဆင်းနေသည့် အမျိုးသမီးအား သွဝါဖုလ်ဝိဒါအ်ပြုလုပ်ခြင်းတာဝန်ကို လျှော့ပေါ့ပေးထားသည်။" အခြားဟဒီးဆ်တော်တစ်ပုဒ်တွင် လာရှိသည်မှာ မီးဖွားပြီးနောက် သွေးဆင်းနေသည့် အမျိုးသမီးသည်လည်း ဓမ္မတာသွေးဆင်းနေသည့် အမျိုးသမီးကဲ့သို့ပင် သူမအပေါ်တွင် သွဝါဖုလ်ဝိဒါအ်ပြုလုပ်ရန် တာဝန်မရှိပါ။

ဖသာဝါ လင်္ဂျနသွယ် ဒါအိမယ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၃၀၇)

***

မေး။ ကျွန်တော်သည် သွဝါဖုလ်ဝိဒါအ်ပြုလုပ်နေစဉ် နာမကျန်းဖြစ်ကာ သွဝါဖ်အား ပြီးဆုံးအောင် မလုပ်နိုင်ခဲ့ပါ။ ကျွန်တော်၏ အဖော်များသည် သွဝါဖ်ကိုပြီး ဆုံးအောင်ဆောင်ရွက်ခဲ့ကြပါသည်။ ၎င်းတို့ သွဝါဖ်လုပ်ပြုပြီးနောက် ကျွန်တော်သည် ၎င်းတို့ထဲမှ တစ်ယောက်နဲ့အတူ သွား၍ သွဝါဖ်ကို ပြီးဆုံးအောင်ပြု လုပ်ခဲ့ပါတယ်။ သို့သော် ကျွန်တော်သည် သွဝါဖ်တစ်ကြိမ်ကို မေ့သွားခဲ့ပြီး၊ ထိုအကြောင်းကို ကျွန်တော်နိုင်ငံပြန်ရောက်မှ သိခဲ့ပါသည်။ သို့ဖြစ်၍ ကျွန်တော်အပေါ်တွင် ဖိဒ်ယဟ် ပေးဆောင်ရန် ဒါမှမဟုတ် တစ်စုံတစ်ရာပြုလုပ်ရန် တာဝန်ရှိပါသလား။

ဖြေ။ အကယ်၍ အသင်သည် သွဝါဖုလ်ဝိဒါအ်ပြုလုပ်ရာတွင် သွဝါဖ်တစ်ကြိမ်ကျန်ခဲ့ကြောင်း သေချာလျှင်၊ သင့်အပေါ်တွင် ဖိဒ်ယဟ် ပေးဆောင်ရန် တာဝန်ရှိသည်။ ၎င်းမှာ ကုရ်ဗာနီပြုပိုင်ခွင့်ရှိသော ဆိတ်တစ်ကောင်ကို မက္ကဟ်မြို့တွင် ဇဗဟ်ပြုလုပ်၍ ဟရမ်နယ်နမိတ်အတွင်းရှိ ဆင်းရဲ

သားများကို ဝေငှ လိုက်ရမည်။ အကယ်၍ အသင်သည် ဖိဒ်ယဟ် ပေးဆောင်နိုင်စွမ်းမရှိပါက ဆယ်ရက် ဆွိယာမ်ဥပုသ် စောင့်ထိန်းရမည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၂၆)

***

မေး။ ကျွန်တော်သည် ဟဂ်ျပြုလုပ်ခဲ့ရာ အိုင်ယာမေသ ရှ်ရီးက် ဒုတိယနေ့ အဆွရ်ပြီးနောက် သွဝါဖုလ်ဝိဒါအ်ကို ပြုလုပ်ခဲ့ပါသည်။ သို့သော် ကျွန်တော်သည် မက္ကဟ်၌ ညအိပ်ခဲ့ပြီး၊ နောက်နေ့မနက်တွင် သွာအိဖ်မြို့သို့ ထွက်ခွာခဲ့ပါသည်။ သို့ဖြစ်၍ ကျွန်တော်နှင့် ကျွန်တော့်မိသားစုပြုလုပ်ခဲ့သော သွဝါဖုလ်ဝိဒါအ်သည် လုံလောက်ပါသလား သို့မဟုတ် ကျွန်တော်တို့အပေါ် ကဖာရဟ် ပေးရန် တာဝန်ရှိပါသလား သို့မဟုတ် ကျွန်တော်နှင့် ကျွန်တော့်မိသားစုသည် သွဝါဖုလ်ဝိဒါအ် ပြန်လုပ်ရန် လိုအပ်ပါသလား ကျေးဇူးပြု၍ ဖြေကြားပေးပါ။ အလ္လာဟ်အရှင်မြတ် အသင့်အား အကျိုးစဝါးဗ်များ ချီးမြှင့်တော်မူပါစေ။

ဖြေ။ မည်သူမဆို ဟဂ်ျတွင် သွဝါဖုလ်ဝိဒါအ်ကို ပြုလုပ်ပြီးနောက် မက္ကာဟ်တွင် အချိန်အနည်းငယ်သာ နေထိုင်ခဲ့လျှင်၊ ထိုသူသည် သွဝါဖုလ်ဝိဒါအ်ကို ပြန်လုပ်ရန် မလိုအပ်ပါ။ သို့သော် သွဝါဖုလ်ဝိဒါအ်ပြီးနောက် အချိန်အတော်ကြာ နေထိုင်ခဲ့လျှင် သွဝါဖုလ်ဝိဒါအ် ပြုလုပ်ရန် အရေးကြီးသည်။ အသင်တို့အားလုံး အဆွရ်ပြီးနောက် သွဝါဖုလ်ဝိဒါအ် ပြုလုပ်ခဲ့ပြီး၊ နောက်နေ့မနက်အထိ မက္ကာဟ်တွင် နေထိုင်ခဲ့ကာ သွဝါဖုလ်ဝိဒါအ် ပြန်မလုပ်ဘဲ ထွက်ခွာခဲ့သည်ဆိုပါက၊ အသင်တို့အနက် လူတိုင်းအပေါ်တွင် ဒမ်ပေးဆောင်ရန် လိုအပ်ပါသည်။ ၎င်းမှာ ကုရ်ဗာနီပြုပိုင်ခွင့်ရှိသော ဆိတ်တစ်ကောင်ကို မက္ကာဟ်တွင် ဇဗဟ်ပြုလုပ်၍ ဟရမ်နယ်နမိတ်အတွင်းရှိဆင်းရဲသားများအား ဝေငှလိုက်ရမည်။ သို့ရာတွင် အသင်တို့နှင့်အတူ ခမ္မတာသွေး သို့မဟုတ် မီးဖွားပြီးနောက် သွေးဆင်းနေသော အမျိုးသမီးတစ်ဦးဦးပါရှိပါက၊ ထိုအမျိုးသမီးအပေါ်၌ သွဝါဖုလ်ဝိဒါအ် ပြုလုပ်ရန် တာဝန်မရှိပါ။

ဖသာဝါ လင်္ဂျနသွင် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၃၇)

***

မေး။ ကျွန်တော်၏ဇနီးသည် လွန်ခဲ့သည့်နှစ်က ဟဂ်ျပြု လုပ်ခဲ့ပါသည်။ သူမပြုလုပ်ခဲ့သည့် ဟဂ်ျမှာ 'ဟဂ်ျ သမသ် သုအ်' ဖြစ်ပါသည်။ သူမသည် သွဝါဖုလ်ဝိဒါအ်မှလွဲ၍ ဟ ဂ်ျ၏ ကျန်ကျင့်စဉ်များအားလုံးကို ပြီးဆုံးအောင်ဆောင်ရွ က်ခဲ့ပါသည်။ သွဝါဖုလ်ဝိဒါအ် မပြုလုပ်ခဲ့ရခြင်းမှာ ဓမ္မတာ သွေးဆင်းနေသော ကြောင့်ဖြစ်သည်။ ထို့ကြောင့် သူမသ ည် သွဝါဖုလ်ဝိဒါအ် မပြုလုပ်ခဲ့ပါ။ ထိုအချိန်တွင် ကျွန် တော့်ဖခင်က သူမအား မတ်စ်ဂျိဒ်ဟရာမ်သို့ ခေါ်ဆောင် သွားပြီး အတွင်းသို့ ဝင်ရောက်စေကာ ကအ်ဗဟ်ကျောင်း တော်ကို ကြည့်ရှုစေခဲ့ပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ မ ည်သို့လုပ်ဆောင်ရန် တာဝန်ရှိပါသနည်း။ ကျွန်တော့်အား ကျေးဇူးပြု၍ လမ်းညွှန်ပေးပါ။

ဖြေ။ ဓမ္မတာသွေးဆင်းနေသော အမျိုးသမီးအ တွက် သွဝါဖုလ်ဝိဒါအ်ပြုလုပ်ရန် တာဝန်မရှိပါ။ ထို့ကြောင့် သင့် ဇနီးအပေါ်တွင် တစ်စုံတစ်ရာ (ဖိဒ်ယဟ်ပေးရန်) တာဝန်မ ရှိပါ။ ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ အိဗ်နုအဗ္ဗားစ် (رضي الله عنهما)ထံမှ ဆင့်ပြန်ချက်လာရှိထားသည်။ ၎င်းက

ပြောကြားသည်မှာ- "လူများသည် မိမိတို့၏နောက်ဆုံးအ မလ်ကို အိမ်တော်အား သွဝါဖုလ် ဝိဒါအ်ပြုလုပ်ကြရန်အမိ န့် ပေးခြင်းခံရသည်။ သို့သော် ဓမ္မတာသွေးဆင်းနေသည့် အမျိုးသမီးအား သွဝါဖုလ်ဝိဒါအ်ပြုလုပ်ခြင်းတာဝန်ကို လျှော့ပေါ့ပေးထားသည်။" အာအိရှဟ်(رضي الله عنها)က ဆ င့်ပြန်ခဲ့သည်။

«حاضت صفية بنت حيي بعد ما أفاضت قالت: فذكرت ذلك لرسول الله صلى الله عليه وسلم فقال: أحابستنا هي؟ قلت: يا رسول الله: إنها قد أفاضت وطافت بالبيت ثم حاضت بعد الإفاضة قال: فلتنفر إذا»

"ဆွဖိယဟ် ဗင်န်သု ဟုယိုင်ယ်သည် သွဝါဖုလ်အိဖာဿွ ဟ်ပြုလုပ်ပြီးနောက် ဓမ္မတာသွေးဆင်းခဲ့သည်။ ကျွန်မက ထိုအကြောင်းကို တမန်တော်မြတ် (ﷺ)အား လျှောက်တင် ခဲ့ရာ ကိုယ်တော်က သူမဟာ ငါတို့ကို ( မက္ကဟ်ကနေ ပြန် ခြင်းမှ) တားဆီးခဲ့ပြီလားဟု မိန့်ကြားတော်မူသည်။ ထိုအ ခါ ကျွန်မက အို အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် သူမသည် အိမ်တော်ကို သွဝါဖ် ပြုလုပ်ခဲ့ပြီး သွဝါဖ် အိ ဖာဿွဟ်ပြီးမှသာ ဓမ္မတာသွေးဆင်းခဲ့ခြင်းဖြစ်ပါသည်ဟု လျှောက်ထားခဲ့သည်။ ထိုအခါ တမန်တော်မြတ် ( ﷺ )က

ဤသို့ဆိုလျှင် သူမ (မက္ကဟ်မှ) ပြန်လို့ရသည်ဟု မိန့်ကြား တော်မူခဲ့သည်။"

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၄၂)

***

မေး။ မက္ကဟ်သို့ ဟဂ်ျ သို့မဟုတ် အွမ်ရဟ်ပြုလုပ်ရန်မဟုတ်ဘဲ ဝင်ရောက်လာသူသည် ထိုနေရာမှ ပြန်လည်ထွက်ခွာလိုသည့်အခါ ၎င်းအပေါ် သွဝါဖုလ်ဝိဒါအ် ပြုလုပ်ရန် တာဝန်ရှိပါသလား။ ထိုနည်းတူ အွမ်ရဟ်ပြုလုပ်သူတစ်ဦးသည် မက္ကဟ်တွင် တစ်ရက် သို့မဟုတ် နှစ်ရက်နေထိုင်ပြီးနောက် ထွက်ခွာလိုလျှင် ၎င်းအပေါ်၌ သွဝါဖုလ်ဝိဒါအ် ပြုလုပ်ရန် တာဝန်ရှိပါသလား။ ထို့ပြင် တမန်တော်မြတ်(ﷺ) ထံမှ သွဝါဖုလ်ဝိဒါအ်အမည်ဖြင့် ပြုလုပ်ရန် ညွှန်ကြားထားသည့် သွဝါဖ်ရှိပါသလား သို့မဟုတ် မက္ကဟ်မှ ထွက်ခွာမည့်အချိန်နောက်ဆုံးပြုလုပ်သော မည်သည့် သွဝါဖ်ကိုမဆို သွဝါဖုလ်ဝိဒါအ်အဖြစ် မှတ်ယူနိုင်ပါသလား။ ကျေးဇူးပြု၍ ဖသ်ဝါမွေသတ် ဖြေကြားပေးပါ။ အလ္လာဟ်အရှင်မြတ် အသင့်အား ဂျန္နသ်မှ လက်မဲ့ဖြစ်စေတော်မမူပါနှင့်။ အာမီးန်

ဖြေ။ သွဝါဖုလ်ဝိဒါအ်သည် ဟဂ်ျပြုလုပ်ပြီးနောက် မက္ကာ
ဟ်မှ ထွက်ခွါရန် ရည်ရွယ်သည့် ဟာဂျီအပေါ်၌သာ ပြုလုပ်
ရန် ဝါဂျိဗ်ဖြစ်သည်။ ၎င်းနှင့်စပ်လျဉ်း၍ အိဗ်နုအဗ္ဗားစ် (၂
ضي الله عنهما) ဆင့်ပြန်သည်မှာ "လူများသည် မိမိတို့၏နောက်ဆုံးအမလ်ကို အိမ်တော်အား သွဝါဖုလ် ဝိဒါအ်ပြုလုပ်
ကြရန်အမိန့် ပေးခြင်းခံရသည်။ သို့သော် ဓမ္မတာသွေးဆ
င်းနေသည့် အမျိုးသမီးအား သွဝါဖုလ်ဝိဒါအ်ပြုလုပ်ခြင်း
တာဝန်ကို လျှော့ပေါ့ပေးထားသည်။" (ဗုခါရီကျမ်း၊ မွတ်စ်
လင်မ်ကျမ်း) ထို့အတူ မီးဖွားပြီးနောက် သွေးဆင်းနေသော
အမျိုးသမီးများလည်း ဤအမိန့်အတိုင်းပင် ဖြစ်သည်။ ဟ
ဂ်ျပြုလုပ်သူ မဟုတ်လျှင် သွဝါဖုလ်ဝိဒါအ်ပြုလုပ်ရန် တာ
ဝန်မရှိပါ။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် (ﷺ)
သည် အွမ်ရာပြုလုပ်သူများအား သွဝါဖုလ်ဝိဒါအ်ပြုလုပ်ရ
န် အမိန့်ပေးခဲ့ခြင်း မရှိပါ။ ထို့ပြင် သွဝါဖုလ်ဝိဒါအ်သည် အိ
ဗာဒသ်ဖြစ်သောကြောင့် ဟဂ်ျအတွက် သွဝါဖုလ်ဝိဒါအ်ပြု
လုပ်ရာတွင် နီယသ်ရည်စူးမှုပြုရန် အရေးကြီးပါသည်။ တ
မန်တော်မြတ်(ﷺ) မိန့်ကြားတော်မူသည်။

«إنما الأعمال بالنيات وإنما لكل امرئ ما نوى »

"ကောန်အမှန်ပင် အမလ်လုပ်ဆောင်ချက်များသည် ရည်စူးချက်များအပေါ်တွင် မူတည်သည်။ လူတိုင်းသည် မိမိရည်စူးခဲ့သည့် အရာကိုသာရရှိမည်ဖြစ်သည်။" အလ္လာဟ်အရှင်မြတ်သာ အသိဆုံးဖြစ်တော်မူသည်။

ဖသာဝါ လဂ်ျနသ္ဒ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၄၄)

***

မေး။ သွဝါဖုလ်ဝိဒါအ် ပြုလုပ်ပြီးနောက် အချို့လိုအပ်သောပစ္စည်းများကို ဝယ်ယူခြင်းသည် ပြုပိုင်ပါသလား။ ထိုပြင် သွဝါဖ်ပြုလုပ်ပြီးနောက် ထိုသို့ ဝယ်ယူခဲ့သူအပေါ်တွင် အပြစ်တစ်စုံတစ်ရာ ရှိပါသလား။

ဖြေ။ သွဝါဖုလ်ဝိဒါအ်သည် ဟဂ်ျ၏အမလ်ကျင့်စဉ်များအနက် ဟာဂျီတစ်ဦး နောက်ဆုံးပြုလုပ်သည့် အမလ်ဖြစ်ရန် အရေးကြီးသည်။ သွဝါဖုလ်ဝိဒါအ်ပြု လုပ်ပြီးနောက် ဟာဂျီသည် မက္ကာဟ်မှ ထွက်ခွာသွားရမည်။ သို့သော် မိမိနှင့်အတူပါလာသူများကိုစောင့် ဆိုင်းရန်၊ မိမိပစ္စည်းများကိုသယ်ဆောင်ရန် သို့မဟုတ် အချို့လိုအပ်သောပစ္စည်းများကိုဝ

ယ်ယူရန် အချိန်အနည်းငယ် နေထိုင်ပါက ၎င်းအပေါ် အပြ
စ်တစ်စုံတစ်ရာမရှိပါ။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၄၅)

***

မေး။ ဟာဂျီတစ်ဦးသည် ဇွလ်ဟဂ်ျလ (၁၂)ရက်နေ့တွင် သွဝါဖုလ်ဝိဒါအ်ပြုလုပ်ခဲ့သည်။ ထို့နောက် မီနာသို့သွား ကာ ဂျမ်ရာသ်အား ခဲပေါက်ခဲ့သည်။ ၎င်းသည် ခဲမပေါက်မီ အလျင် သွဝါဖ်ပြုလုပ်ခဲ့ခြင်းကြောင့် ၎င်း၏သွဝါဖ်သည် မှ န်ကန်ပါသလား။ ထို့ပြင် ၎င်းသည် ဂျိဒ်ဒဟ်မြို့သားဖြစ်ပါ က ၎င်းအပေါ်၌ မည်သို့ပြုလုပ်ရန် တာဝန်ရှိပါသနည်း။

ဖြေ။ အကြွင်မည်သူမဆို ဂျမ်ရားသ်အား ခဲမပေါက်မီ အရင် သွဝါဖုလ်ဝိဒါအ် ပြုလုပ်ခဲ့လျှင် ထိုသွဝါဖ်သည် အ ကျုံးမဝင်ပါ။ အဘယ်ကြောင့်ဆိုသော် သွဝါဖုလ်ဝိဒါအ်သ ည် ဟဂ်ျ၏နောက်ဆုံးတွင် ပြုလုပ်ရမည့် အမလ်ဖြစ်ရန် အ ရေးကြီးသောကြောင့်ဖြစ်သည်။ သို့ရှိရာ ၎င်းသည် ခဲပေါ က်ပြီးနောက် သွဝါဖုလ်ဝိဒါအ်ကို ပြန်မလုပ်ဘဲ ခရီးထွက် သွားခဲ့ပါက၊ ၎င်းအပေါ်၌ ဖိဒ်ယဟ်ပေးရန်တာဝန်ရှိသည်။

၎င်းမှာ ဆိတ်တစ်ကောင်အား မက္ကာဟ်တွင် ဇဗဟ်ပြုလုပ်၍ ဟာရမ်နယ်နမိတ်အတွင်းရှိ ဆင်းရဲသားများကို ဝေငှရမည်။ ၎င်းကိုယ်တိုင် ထိုအသားမှ တစ်စုံတစ်ရာ စားသုံးခြင်းမပြုရပါ။ ထိုသို့ဆိတ်ဇဗဟ်ပြုလုပ်ရာတွင် ကုရ်ဗာနီပြုလုပ်ပိုင်ခွင့်ရှိသော သားကောင်ဖြစ်ရမည်။ ( အသက် ၁ နှစ်ပြည့်ပြီး ကိုယ်လက်အင်္ဂါစုံလင်ရမည် ) အကယ်၍ ဒမ်ပေးရန် မတတ်နိုင်ပါက ၁၀ ရက် ဆွိယာမ်ဥပုသ် စောင့်ထိန်းရမည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၄၅)

***

မေး။ ဇမ်ဇမ်ရေတွင် အထူးဂုဏ်သတ္တိများရှိသည်ဟု ဆိုကြသည်။ ဤအကြောင်းအရာနှင့်စပ်လျဉ်း၍ မှန် ကန်သော ဆွဟီးဟ်ဟဒီးဆ် ရှိပါသလား။

ဖြေ။ ဇမ်ဇမ်ရေသည် ကမ္ဘာပေါ်တွင် အမွန်မြတ်ဆုံးသောရေဖြစ်သည်။ ၎င်း၏ ထွတ်မြတ်မှုနှင့်ပတ် သက်သည့် အခိုင်မာဆုံးဟဒီးဆ်တော်မှာ ဆွဟီးဟ် မွတ်စ်လင်မ်ကျမ်းတွင် လာရှိသည်။ တမန်တော်မြတ် (ﷺ) ကမိန့်ကြားတော်မူသည်။

«إنها مباركة و إنها طعام طعم » .
"ကောန်စင်စစ် ထိုရေသည် ကောင်းချီးမင်္ဂလာနှင့်ပြည့်စုံပြီး ဗိုက်ပြည့်စေသော အစာအဟာရဖြစ်သည်။" အိမာမ် အဗူ ဒါဝူဒ်က မိမိ၏ကျမ်းတွင် ဆွဟီးဟ်စနဒ်ဖြင့်

«وشفاء سقم» ،
"၎င်းသည် ရောဂါများအား သက်သာ ပျောက်ကင်းစေသည်။" ဟူသော စကားလုံးကို ဖြည့်စွက်တင်ပြထားသည်။ ထို့ပြင် တမန်တော်မြတ် (ﷺ) မိန့်ကြားတော်မူသည်မှာ-

«ماء زمزم لما شرب له » .
"ဇမ်ဇမ်ရေအား မည်သည့်ရည်ရွယ်ချက်ဖြင့်သောက်သည်ဖြစ်စေ ထိုရည်ရွယ်ချက်အတိုင်း (အလ္လာဟ်အရှင်မြတ်က ပြည့်စုံစေတော်မူမည်) ဖြစ်မည်။" ဤဟဒီးဆ်ကို အိမာမ်အဟ်မဒ်၊ အိဗ်နုမာဂျဟ်နှင့် အခြားသူများက ဆင့်ပြန်ထားသည်။

ဖသာဝ်ါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၁၆၈)

***

မဒီနဟ်ရွှေမြို့တော်အား ဇိယာရသ်လုပ်ခြင်းနှင့် ပတ်သက်သော ဖသ်ဝါ ဓမ္မသတ်များ။

ဖြေ။ ကျွန်တော်သည် ရမ်သွာန်လ၌ အွမ်ရာပြုလုပ်ရန် နှင့် မဒီနဟ်ရွှေမြို့တော်ကို ဇိယာရသ်ပြုလုပ်ရန် နီယသ်ပြု ထားပါသည်။ သို့ဖြစ်၍ ဆရာကြီးအနေဖြင့်ကျွန်တော့် အား မည်သည့်လမ်းညွှန်ချက်များ ပေးချင်ပါသနည်း။

ဖြေ။ တမန်တော်မြတ် (ﷺ) ၏ ဗလီဝတ်ကျောင်းတော် အား ဇိယာရသ်ပြုလုပ်ရန်အတွက် ခရီးထွက်ခြင်းကို ရှရီ အသ်တွင် ပြဋ္ဌာန်းထားသည်။ သို့သော် တမန်တော်မြတ်(ﷺ )၏ ကဗရ်ကို ဇိယာရသ်ပြု လုပ်ရန် သို့မဟုတ် အခြားကဗ ရ်သင်္ချိုင်းများသို့ သွားရောက် ဇိယာရသ်ပြုလုပ်ရန် အတွ က် ခရီးထွက်ခြင်းမှာ ပြုပိုင်ခွင့်မရှိပါ။ တမန်တော်မြတ် (ﷺ ) မိန့်တော်မူသည်။

«لا تشد الرحال إلا إلى ثلاثة مساجد: المسجد الحرام، ومسجدي هذا، والمسجد الأقصى»،

“ဗလီဝတ်ကျောင်းတော်သုံးခုမှအပ ကျန်နေရာများအား အိဗာဒသ်၏ ရည်ရွယ်ချက်ဖြင့် ခရီးမထွက်ရ။ (၎င်းတို့မှာ ) ငါတမန်တော်မြတ်၏ ဗလီဝတ် ကျောင်းတော်၊ ဟရာမ် ဗ လီဝတ်ကျောင်းတော်နှင့် အက်စွာ ဗလီဝတ်ကျောင်းတော် တို့ဖြစ်သည်။” သို့သော် မတ်စ်ဂျိဒ်နဗဝီကို ဇိယာရသ်ပြုလု

ပ်သူအဖို့ တမန်တော်မြတ်(ﷺ) နှင့် တမန်တော်မြတ်၏ အဆွေတော်နှစ်ပါးဖြစ်သူ အဗူဘကရ်(رضي الله عنه) နှင့် အုမရ် (رضي الله عنه) တို့အား စလာမ်မေတ္တာပို့သရန် ရှရီအသ်တွင် ပြဋ္ဌာန်းထားသည်။ ထိုနည်းတူ ၎င်းအဖို့ ဗကီးအ်သ်ချိုင်းနှင့် (အုဟုဒ်တောင်ရှိ ) ရှဟီဒီများ၏သ်ချိုင်းများသို့ သွားရောက် ဇိယာရသ်ပြုလုပ်ခြင်း၊ ၎င်းတို့အတွက် ဒုအာပြုလုပ်ပေးခြင်း၊ ၎င်းတို့အပေါ် အရှင်မြတ်သနားကရုဏာ တော်ထားရန် ဒုအာပြုပေးခြင်း၊ သေခြင်းတရားနှင့် နောင်တမလွန်ဘဝကို သတိရခြင်း စသည်တို့ကိုလည်း ရှရီအသ်တွင် ပြဋ္ဌာန်းထား သည်။ ထိုနည်းတူ ကုဗာဗလီဝတ်ကျောင်းတွင် ဆွလာသ်ဝတ်ပြုရန် သွားရောက်ခြင်းကိုလည်း ရှရီအသ်တွင် ပြဋ္ဌာန်းထားသည်။ ဤသည် ဟဒီးဆ်တော်များတွင် ဖော်ပြထားပြီးဖြစ်သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၇၈)

***

မေး။ ဟဂ်ျပြုလုပ်သူ အမျိုးသား၊ အမျိုးသမီးများ သည် တမန်တော်မြတ်(ﷺ)၏ ကဗရ်၊ ဗကီးအ်သ်ချိုင်း၊ အုဟုဒ်

တောင်နှင့် မတ်စ်ဂျိဒ်ကုဗာသို့ သွားရောက် ဇိယာရသ်ပြုလုပ်ရန် လိုအပ်ပါသလား၊ သို့မဟုတ် အမျိုးသားများသာ ဇိယာရသ်ပြုလုပ်ရန် လိုအပ်ပါသလား။

ဖြေ။ ဟဂ်ျပြုလုပ်သူ အမျိုးသား၊ အမျိုးသမီးများအတွက် တမန်တော်မြတ် (ﷺ)၏ကဗရ်နှင့် ဗကီးအ်သင်္ချိုင်းသို့ သွားရောက် ဇိယာရသ်ပြုလုပ်ခြင်းသည် အရေးကြီးသော ဟဂ်ျ၏ကျင့်စဉ်များအနက်မှ မဟုတ်ပေ။ ထို့ပြင် ကဗရ်သင်္ချိုင်းများကိုသာ သီးသန့် ဇိယာရသ်ပြုလုပ်ရန် ခရီးထွက်ခြင်းသည် ဟရာမ်ဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးများ ကဗရ်သင်္ချိုင်းများသို့ သွားရောက် ဇိယာရသ်ပြုလုပ်ခြင်းသည် ခရီးထွက်၍ သွားခြင်းမဟုတ်လည်း ဟရာမ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တမန်တော်မြတ် (ﷺ)က မိန့်ကြားတော်မူခဲ့သည်။

«لا تشد الرحال إلا إلى ثلاثة مساجد: مسجدي هذا، والمسجد الحرام، والمسجد الأقصى»

“ဗလီဝတ်ကျောင်းတော်သုံးခုမှအပ ကျန်နေရာများအား အိဗာဒသ်၏ ရည်ရွယ်ချက်ဖြင့် ခရီးမထွက်ရ။ (၎င်းတို့မှာ ) ငါတမန်တော်မြတ်၏ ဗလီဝတ် ကျောင်းတော်၊ ဟရာမ် ဗ

လီဝတ်ကျောင်းတော်နှင့် အက်စ်ွာ ဗလီဝတ်ကျောင်းတော်တို့ဖြစ်သည်။" (ဗုခါရီကျမ်း၊ မွတ်စ်လင်မ်ကျမ်း) ထို့ပြင် ကဗရ်သင်္ချိုင်းများသို့ သွားရောက် ဇိယာရသ်ပြုလုပ်သည့် အမျိုးသမီးများကို တမန်တော်မြတ်က လအ်နသ်ပြုကျိန်ဆဲထားတော်မူသည်။ ထို့ကြောင့် အမျိုးသမီးများအဖို့ တမန်တော်မြတ် ၏ ဗလီတွင် ဆွလာသ်ဝတ်ပြုခြင်း၊ ဗလီတွင်ဖြစ်စေနှင့် အခြားနေရာများတွင်ဖြစ်စေ တမန်တော်မြတ် (ﷺ) အပေါ်များစွာ ဆွလာသ်နှင့် စလာမ်မေတ္တာပို့သခြင်းတို့သည် လုံလောက်ပါသည်။

ဖသာဝါ လဂ်ျနသွဒ် ဒါအိမဟ်၊ ပထမအကြိမ်စုစည်းမှု (အတွဲ ၁၁ / စာမျက်နှာ ၃၆၂)

***

မေး။ ကျွန်တော့်၏ အစ်ကိုတစ်ဦးသည် မဒီနာမြို့သို့ လာရောက်ကြသည့် ဟာဂျီများနှင့် အွမ်ရာပြုလုပ်သူများကို လည်ပတ်သည့်နေရာအချို့ကို ဇိယာရသ်ပြုလုပ်ရန် လိုက်ပါပို့ဆောင်ပေးပါသည်။ ၎င်းတို့အ နက် အချို့နေရာများသည် တရားတော်နှင့်ဆန့်ကျင်သည့် နေရာများဖြစ်ပါသည်။ ထိုသို့ ပို့ဆောင်ပေးသည့်အတွက် သတ်မှတ်ထားသည့်

အခကြေးငွေကိုလည်း ယူပါသည်။ သို့ဖြစ်ရာ ၎င်း၏ ထိုလုပ်ရပ်သည် တရားတော်အရ ပြုပိုင်ပါသလား။

ဖြေ။ သင့်အကိုပြုလုပ်နေသော ဟာဂျီများနှင့် အွမ်ရာပြုလုပ်သူများကို မဒီနာမြို့ရှိ ဇိယာရသ်ပြုလုပ်ပိုင်ခွင့်မရှိသည့် နေရာများသို့ ဇိယာရသ်လုပ်ရန် ခေါ်ဆောင်သွားခြင်းသည် ဟရာမ် လုပ်ရပ်ဖြစ်သည်။ ထိုအလုပ်မှ ရသည့်ငွေသည် ဟရာမ်ဝင်ငွေဖြစ်သည်။ ၎င်းအား ထိုအလုပ်ကို စွန့်လွှတ်ရန် သင့်အနေဖြင့် ဆုံးမရန်လိုအပ်သည်။

ဖသာဝါ လဂ်ျနသွသ် ဒါအိမဟ်၊ ဒုတိယအကြိမ်စုစည်းမှု (အတွဲ ၁၀ / စာမျက်နှာ ၃၉၀) အကျဉ်းချုပ်ဖော်ပြချက်။

***

# မာတိကာ

ဟက်ျ၊ အွမ်ရာနှင့် ဇိယာရည်ပြုလုပ်ခြင်းဆိုင်ရာ ဖသ်ဝါခမ္မသတ်ဆုံးဖြတ်ချက်များ၊ .......................................................... 2

ဤသည် ဟက်ျ၊ အွမ်ရာပြုလုပ်သူများအတွက် အလွန်လိုအပ်သော ဖသ်ဝါခမ္မသတ်များဖြစ်သည်။ ................................................................ 2

၁။ အထွေထွေ ခမ္မသတ်ဆုံးဖြတ်ချက်များ၊............................................ 2